The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 3 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | January 15, 2018

# တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်မှုကို အဓိကဖော်ဆောင်ပေးလျက်ရှိသော မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်

စာမျက်နှာ - ၈ ➤



## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးမှသည် အနာဂတ် စီးပွားရေး စီမံကိန်းသစ်များပေါ်ထွန်းလာရေးဆီသို့

စာမျက်နှာ - ၁၂ ➤

## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) မှ ကြီးမှူး၍ မြန်မာ့ပဲမျိုးစုံဈေးကွက် မြှင့်တင်ရေးဖိုရမ် တရုတ်နိုင်ငံတွင် ကျင်းပ

စာမျက်နှာ - ၂၃ ➤

## ပြုပြင်ထားခြင်းမရှိသော စက်ပစ္စည်း (Used Machine) များကို ၂၀၁၈ ခုနှစ်အတွက် တင်သွင်းခွင့်ပြုသည့် အမိန့်ကြော်ငြာစာ (၁/၂၀၁၈) အား ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၂၀ ➤




Golden Thurain Linn Agricultural Machinery And Technology Trading Co., Ltd.
တိုက်အမှတ်-၁၁၀(ဘီ)၊အခန်း(၈)၊ငုထပ်ဆောင်၊နဝဒေးဥယျာဉ်အိမ်ရာ၊ပီမိုးနင်းလမ်းအနီး၊လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း- ၀၉၂၅၀၆၄၁၅၅၀၊၀၉၂၅၀၀၃၀၃၉၇၊၀၉၄၅၂၁၁၇၈၄၅-၄၆-၄၇ Web: http://www.sunshen.com.tw Email: goldensun103@gmail.com
PRODUCT SPECIFICATION
Oil-free chaff furnace 30 tons one to five dryer
MS-30
MS-38
MS-28
CL 423FAR120
CAPACITY:12T
HEIGHT:9095mm

SweMyoMae
ဆွေမျိုးမေ
ပိုစုံ
Natural Fruits
အမှတ်(၆၅၂/၆၅၃)၊မဟော်ဂနီလမ်း၊ အဆင့်မြင့်(၅)ရပ်ကွက်၊ လှိုင်သာယာ၊ရန်ကုန်။ဖုန်း-၀၉-၇၃၀၀၈၀၈၆၊၀၉-၇၃၀၃၀၂၂၃
Email:swemyomae1999@gmail.com (FDA No.Sa2/11039/Hta La)

MADE IN ITALY
PEDROLLO
... the spring of life
အီတလီနိုင်ငံထုတ်ရေစုပ်စက်အမျိုးမျိုး
Uni Trade Yangon Limited
Sales/Service Center Yangon-01-653330,653448,296778,385402 Naypyitaw-067-22842,21505 Mandalay-02-30649,32431,73011
Fax-01-663524 Email: uamutm@myanmar.com.mm

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မန္တလေး-မူဆယ် ကုန်သွယ်မှုလမ်းကြောင်း ပိတ်ဆို့မှုရှင်းလင်းရေးနှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



မန္တလေး-မူဆယ် ကုန်သွယ်မှုလမ်းကြောင်း ပိတ်ဆို့မှုရှင်းလင်းရေးနှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် အဓိကကုန်သွယ်ဖက် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုရာ၌ လယ်ယာထွက်ကုန်တင်ပို့မှု ပိုမိုမြင့်တက်လာရာ မန္တလေး-မူဆယ် ကုန်သွယ်မှုလမ်းကြောင်းတွင် တန်ချိန် ကိုးသန်းမှ ၁၀ သန်းအထိ သယ်ယူပို့ဆောင်နေသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှု အဓိကလမ်းကြောင်းများ၌ မကြာခဏ ယာဉ်ကြောကျပ်တည်း၍ လမ်းပိတ်ဆို့မှုဖြစ်ပွားနေသည့်အတွက် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကို အဟန့်အတား ဖြစ်စေသဖြင့် အရေးကြီးဆောင်ရွက်ရမည်ဖြစ်ရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၊ အသင်းအဖွဲ့များအနေဖြင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည့် ကုန်သွယ်မှုမြင့်မားတိုးတက်ရေး၊ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် ယခုယာဉ်ကြောပိတ်ဆို့မှုအတွက် ဆောင်ရွက်ရမည့် အစီအစဉ်များအား ညှိနှိုင်းတင်ပြရန် ပြောကြားခဲ့သည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အဆိုပါလမ်း၌ BOT စနစ်ဖြင့်ဆောင်ရွက်နေသည့် Oriental Highway Co., Ltd နှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား အသေးစိတ် တင်ပြခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် လမ်းပိတ်ဆို့မှု မရှိစေရေးအတွက် နောင်ချို၊ **စာမျက်နှာ ၁၄ သို့**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး

## ASEAN Economic Community 2025 အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

ASEAN Economic Community 2025 အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၉ ရက်က နေပြည်တော်ဟိုတယ်ဇုန်ရှိ Kempinski ဟိုတယ်၌ ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် အာဆီယံအဖွဲ့ကြီးသည် စုစည်းတည်ထောင်ထားခြင်းဖြစ်သော်လည်း အခြားအဖွဲ့အစည်းများကဲ့သို့ တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများ မရှိခြင်းမှာ အာဆီယံအဖွဲ့၏ ထူးခြားသည့်အချက်တစ်ခုဖြစ်ပါကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ (AEC-2025) ကို အောင်မြင်အောင်လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ ဈေးကွက်တွင် မိမိတို့၏ ထွက်ကုန်များအား ယှဉ်ပြိုင်နိုင်စွမ်းရှိရန်အတွက် ပြည်တွင်းအဖွဲ့အစည်းများ ခိုင်မာစွာဆောင်ရွက် သွားရန်အတွက် Policy Maker များအနေဖြင့် AEC-2025 အတွက် ပြင်ဆင်ဆောင်ရွက်ရန်ရှိသည်တို့ကို နားလည်ရန်လိုအပ်ကြောင်း၊ ဆက်စပ်ကဏ္ဍများအပေါ် ပိုမိုရင်းနှီးစွာ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်နိုင်စေရန် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသတွင်း အခြားနိုင်ငံများနှင့် တန်းတူလိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော်လည်း လွတ်လပ်သောကုန်သွယ်မှု၏ အသီးအပွင့်အကျိုးအမြတ်များကို အမှန်တကယ် ရရှိခံစားနိုင်ရန် ပြည်တွင်းတန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုတီထွင်ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရန် အရေးကြီးပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်အတိုင်း AEC-2025 ကို အောင်မြင်အောင် ဆက်လှမ်းနိုင်ကြရန်အတွက် တက်ရောက်လာကြသူများအနေဖြင့် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ ပါရမီစကားဝိုင်းမှ ဥက္ကဋ္ဌနှင့် ကိုယ် စားလှယ်များ၊ GIZ မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

## ကုန်သွယ်ရေးဦးစီးဌာန ရန်ကုန်ပို့ကုန်သွင်းကုန်ရုံးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Investment In Myanmar ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရန်ကုန်ပို့ကုန်သွင်းကုန်ရုံးတွင် ဖွင့်လှစ်ထားရှိသော ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute-TTI) သည် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိရာ သင်တန်းကာလအတွင်း ကျွမ်းကျင်ပညာရှင်များအား ဖိတ်ကြားပြီး စီးပွားရေးဟောပြောဆွေးနွေးပွဲ (Business Talk Program)ကို စီစဉ်ကျင်းပပေးလျက်ရှိရာ လက်ရှိတက်ရောက်လျက်ရှိသော သင်တန် သား/သင်တန်းသူများအတွက် ရည်ရွယ်ပြီး ဇန်နဝါရီ ၂၇ ရက် (စနေနေ့) နံနက် ၉း၃၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရန်ကုန်မြို့၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ရန်ကုန် ပို့ကုန်သွင်းကုန်ရုံး၏ ပဥ္စမထပ် ညီလာခံခန်းမတွင် Business Talk ကျင်းပ မည်ဖြစ်ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးမှ "Investment In Myanmar" ဟူသော ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်သဖြင့် Business Talk သို့ လက်ရှိ သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးခဲ့သူများအပြင် စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်းနှင့် သိရှိလိုသည်များကို ဖုန်း ၀၁-၂၅၀၈၇၁၊ ၀၉-၆၀၅၉၁၃၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**TTI**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 18, No.3 Monday January 15 2018

# သီတင်းတစ်ပတ်အတွင်း ဆန်တန်ချိန်ခုနစ်သောင်းကျော်တင်ပို့နိုင်ပြီး ဆန်ကွဲလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်နဲ့မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၈ခုနှစ် ဇန်နဝါရီ၅ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၉၇ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ကောက်ညှင်းဆန် ၅၈၉၉၆ တန်ကျော်တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၂၁၃ တန်ခန့်၊ ညှော်မထဆန် ၄၄၃၁၇တန်နဲ့ကောက်ညှင်းဆန်၁၆၇တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ညှော်မထဆန်တန်ချိန် ၃၀၀၊ ငစိန်ဆန် ၅၆၇ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ညှော်မထဆန် ၁၂၀၅၁တန်၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ညှော်မထဆန်တန်ချိန် ၉၀ တင်ပို့ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ညှော်မထဆန်တန်ချိန် ၇၀၀၊ မောင်တောကုန်သွယ်ရေးစခန်းမှ ညှော်မထဆန် ၅၉၁တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ဆန် ၅၉၆၆၉ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၇၃ တန်လျော့ကျခဲ့ပါတယ်။

ကုန်သွယ်ရေးစခန်းများမှ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာသုည ဒသမ ၆၅၁ သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၁၂၆တန်တင်ပို့ခဲ့ရာမှ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲတန်ချိန် ၁၈၀၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ ၃၂၆ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်နဲ့လွယ်ဂျယ်မှ ဆန်ကွဲ ၂၅၃၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၀၉ တန်လျော့ကျခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၃၁ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၆ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆၇ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၁၅၅၆၇ တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ညှော်မထဆန် ၆၂၆၅ တန်၊ သီရိလင်္ကာနိုင်ငံသို့ ညှော်မထဆန် ၄၀၅၂ တန်၊ ဗီယက်နမ်နိုင်ငံသို့ ညှော်မထဆန် ၂၅တန်၊ တရုတ်နိုင်ငံသို့ ငစိန် ဆန်တန်ချိန် ၁၀၀၀၊ အိုင်ဗရီကို့စ်နိုင်ငံသို့ ညှော်မထဆန် တန်ချိန် ၅၀၀၊ ရုရှားနိုင်ငံသို့ ညှော်မထဆန်တန်ချိန် ၈၅၀၊ အီးယူနိုင်ငံများသို့ ပေါင်းဆန်တန်ချိန် ၁၂၅၀နဲ့ ညှော်မထဆန် ၁၆၂၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၁၂၇၅ တန်ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။

ပင်လယ်ရေကြောင်းမှ ယခုတစ်ပတ် ဆန်ပိုမိုတင်ပို့သော်လည်း ဆန်ကွဲတင်ပို့မှုလျော့ကျခဲ့ပါတယ်။ အမေရိကန်ဒေါ်လာသုည ဒသမ ၂၅၈ သန်းတန်ဖိုးရှိ ဆန်ကွဲ ၅၆၆၉ တန်တင်ပို့ခဲ့ရာ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၅၀နဲ့ အီးယူနိုင်ငံများသို့ ၅၅၁၉တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၂၆၀၉၂တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ဆန်ကွဲတင်ပို့မှု ၂၀၄၂၃ တန်လျော့ကျခဲ့ပါ တယ်။

ရက်သတ္တပတ်အတွင်း ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၆၄ သန်းတန်ဖိုးရှိဆန် ၇၄၅၆၃ တန်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၀၉ သန်းတန်ဖိုးရှိဆန်ကွဲ ၇၇၉၅ တန်တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။ **ယဉ်ယဉ်အေး**

## ပုသိမ်ဆန်စပါးဈေးကွက် ယခင်နှစ်ထက်ဈေးပိုရပြီး ပုံမှန်ရောင်းဝယ်လျက်ရှိ

ပုသိမ်မြို့နယ်အတွင်း ဆန်စပါးဈေးကွက်တွင် လက်ရှိ မိုးစပါးသစ်ဈေးမှာ ယခင်စပါးပေါ်ချိန် အောက်တိုဘာ၊ နိုဝင်ဘာလဈေးနှုန်းအတိုင်း ပြောင်းလဲမှုမရှိဘဲ မနောသုခ၊ မျိုး ပွား၊ သီးထပ်ရင်စပါးဈေးမှာ ပေါင် ၁၀၀ တင်း ၁၀၀ လှျင်ကျပ် ၆၀၀၀၀၀ မှ ၆၂၀၀၀၀ခန့်၊ ဆန်တစ်အိတ်လှျင်ကျပ် ၂၀၅၀၀ မှ ၂၁၀၀၀ ခန့်ရှိပြီး ရွှေသွယ်စပါးဈေးမှာပေါင် ၁၀၀၊ တင်း ၁၀၀ လှျင်ကျပ် ၆၅၀၀၀၀ မှ ၆၇၀၀၀၀ခန့်၊ ဆန်တစ်အိတ်လှျင်ကျပ် ၂၃၀၀၀ မှ ၂၄၀၀၀ ဈေးရှိကြောင်း သိရ သည်။ ဧရာဝတီပေါ်ဆန်း ၁၀၅ ပေါင်တင်း ၁၀၀ ကိုကျပ် ၁၀ သိန်းရ၍ ဆန်တစ်အိတ်လှျင်ကျပ် ၃၄၀၀၀ မှ ၃၅၀၀၀ ခန့်ထိရှိပြီး ပေါ်ဆန်းရင်စပါး ၁၀၅ ပေါင် တင်း ၁၀၀ ကိုကျပ် ၈၅၀၀၀၀ မှ ၈၇၀၀၀၀ ခန့်၊ ဆန်တစ်အိတ်လှျင်ကျပ် ၃၁၀၀၀ မှ ၃၁၅၀၀ ခန့်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း ဆန်စပါးဈေးကွက်မှသိရသည်။

ယခုနှစ် စပါးဈေးကွက်တွင် ညှော်မထစပါး တင်း၁၀၀နှင့် ပေါ်ဆန်းစပါးတင်း ၁၀၀ကို ကျပ်တစ်သိန်းခန့် ဈေးပိုမိုရရှိပြီးဈေးနှုန်းအတက်အကျပြောင်းလဲမှုမရှိသည့်အတွက် ယခင်နှစ်ထက် တောင်သူများတွက်ချေကိုက်မှုရှိကြောင်းသိသည်။ လက်ရှိဈေးနှုန်းမှာ ယခင်နှစ်ထက်ဈေးမြင့်သည့်အတွက် သိုလှောင်မည့် စက်ပိုင်ကုန်သည်တချို့မှာ ပုံမှန်ထက် အနည်းငယ်လျော့နည်းနိုင်ပြီး ပုသိမ်ဈေးကွက်တွင် အများဆုံးစားသုံးသော ညှော်မထဆန်များနှင့်ပုံမှန်ရောင်းဝယ်နေသော ပေါ်ဆန်းဆန်များလည်း အရောင်းအဝယ်ဖြစ်ကြောင်း၊ တိုင်းအတွင်းမြို့နယ်များအပြင် ရန်ကုန်၊ ပြည်၊ မကွေး၊ မန္တလေး၊ ပခုက္ကူအညာဒေသများနှင့်ရခိုင်ပြည်နယ်သို့လည်း တင်ပို့ရောင်းချမှုရှိကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှသိရသည်။ **မင်းမင်းဦး (ပုသိမ်)**

## ဆန်ချောဈေးငြိမ်ပြီး ဆန်ကြမ်းအသစ်ဈေးအနည်းငယ်ကျ

ယခုတစ်ပတ်ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောအသစ်များဈေးငြိမ်နေပြီး ဆန်ကြမ်းအသစ်များဈေးအနည်းငယ်ကျကြောင်း ဝါးတန်းဆန်ဈေးကွက်မှသိရပါတယ်။ ဆန်ချောအသစ်များဖြစ်တဲ့ ဖျာပုံပေါ်ဆန်းအသစ် ထိပ်စ တစ်အိတ်ကျပ် ၃၃၀၀၀၊ လတ်စတစ်အိတ်ကျပ် ၃၂၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်အသစ် ထိပ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ လတ်စတစ်အိတ်ကျပ် ၃၃၀၀၀၊ နယ်စုံကျိုက်လတ် ထိပ်စ တစ်အိတ်ကျပ် ၃၀၀၀၀၊ လတ်စတစ်အိတ်ကျပ် ၂၈၅၀၀၊ ရွှေဘိုပေါ်ဆန်းအဟောင်းတစ်အိတ်ကျပ် ၅၇၀၀၀ မှ ကျပ် ၆၀၀၀၀၊ ပေါ်ဆန်းအသစ်တစ်အိတ်ကျပ် ၂၈၀၀၀ မှကျပ် ၂၉၀၀၀၊ ကျားပျံအသစ် တစ်အိတ်ကျပ် ၃၀၀၀၀ မှ ကျပ် ၃၃၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပါတယ်။

ဆန်ချောဈေးငြိမ်နေသော်လည်း ဆန်ကြမ်းအသစ်ဈေးအနည်းငယ်ကျကြောင်းသိရပါတယ်။ ဆန်အဝင်ပုံမှန်ရှိပေမယ့် အရောင်းအဝယ်အေးတဲ့အတွက် ဈေးကျတာဖြစ်ကြောင်း ဝါးတန်းဆန်ကုန်စည်ဒိုင်မှသိရပါတယ်။ကုန်စည်ဒိုင်ရဲ့လက်ကားဈေးနှုန်းများအရ ဆန်ဟောင်းညှော်မထထိပ်စတစ်အိတ်ကျပ် ၂၃၅၀၀မှကျပ် ၂၀၅၀၀၊ နွေသီးထပ်ရှယ်တစ်အိတ်ကျပ် ၂၅၀၀၀ မှကျပ် ၂၅၅၀၀ဖြစ်ပြီး ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲဘဲဈေးငြိမ်နေပါတယ်။ ဆန်သစ်များဖြစ်တဲ့ ဆန်ကြမ်းအသစ်ရှယ်တစ်အိတ်ကျပ် ၂၀၀၀၀ မှ ကျပ် ၂၀၅၀၀၊ ရက် ၉၀ အသစ်တစ်အိတ်ကျပ် ၂၂၅၀၀ မှ ကျပ် ၂၃၀၀၀၊ ငစိန်အသစ်တစ်အိတ်ကျပ် ၁၇၇၀၀ မှ ကျပ် ၁၈၀၀၀၊ မိုးသုခတစ်အိတ်ကျပ် ၂၅၅၀၀ မှ ကျပ် ၂၆၀၀၀၊နှံကားရှယ်တစ်အိတ်ကျပ် ၂၀၅၀၀မှကျပ် ၂၁၀၀၀၊ ညှော်မထ ၂၅ မှတ်တစ်အိတ်ကျပ် ၁၈၀၀၀ မှ ကျပ် ၁၈၃၀၀ ရှိပြီး ဆန်သစ်တစ်အိတ်ကိုကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ ခန့်အထိ ဈေးကျကြောင်းသိရပါတယ်။ ယခုတစ်ပတ်ကုန်စည်ဒိုင်သို့ မွှေးကြိုင်ရှယ်အသစ်ထပ်မံဝင်ရောက်လာပြီး တစ်အိတ်ကိုကျပ် ၂၁၅၀၀ မှ ကျပ် ၂၂၀၀၀ရှိကြောင်းလည်း သိရပါတယ်။

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်သာမက မူဆယ်ဆန်ဈေးကွက်မှာလည်း ဆန်ကြမ်းဈေးအနည်းငယ်ကျကြောင်း သိရပါတယ်။ ညှော်မထ ၅ မှတ် မော်ဘီတစ်အိတ် ၁၃၆ ယွမ်မှ ၁၃၉ ယွမ်၊ ညှော်မထ ၅ မှတ်စူပါတစ်အိတ် ၁၂၉ ယွမ်မှ ယွမ် ၁၃၀၊ ညှော်မထ ၁၀ မှတ်မော်ဘီတစ်အိတ် ၁၃၃ ယွမ်မှ ၁၃၄ ယွမ်၊ ညှော်မထ ၁၀ မှတ်စူပါတစ်အိတ် ၁၂၇ ယွမ်မှ ၁၂၈ ယွမ်၊ သုခ ၁၅မှတ်တစ်အိတ် ၁၂၀ ယွမ်မှ ၁၂၂ ယွမ်၊ သုခ ၂၅ မှတ်တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၈ ယွမ်၊ ငစိန် ၅မှတ် တစ်အိတ် ၁၂၂ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၁၈ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅မှတ်တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၇ ယွမ်ရှိပြီး တစ်အိတ်ကိုတစ်ယွမ်မှနှစ်ယွမ်ခန့်အထိ ဈေးကျကြောင်း မူဆယ်မှ သိရပါတယ်။ မြို့တွင်းနယ်စုံမှ မူဆယ်သို့ဆန်အဝင်မှာ ဇန်နဝါရီ ၄ ရက်မှ ၁၀ ရက်အထိ ၄၈၂၇၁ တန်ရှိပြီး ယခင်တစ်ပတ်ထက် ဆန်အဝင်ပိုမိုကာ ဆန်အရောင်းအဝယ်လည်းပုံမှန်ရှိကြောင်း မူဆယ်မှသတင်းရရှိပါတယ်။ **ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၁-၁-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၈ | ၄၁၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၈ | ၄၀၀ | △ | ၃၈၈ | ၃၉၀ | △ | ၄၁၀ | ၄၂၀ | △ | ၃၈၇ | ၃၈၈ | △ |
| ဆန်ဖြူ ၁၀% | ၃၈၆ | ၃၉၈ | △ | ၃၈၃ | ၃၈၅ | △ | - | - | - | ၃၈၃ | ၃၈၄ | △ |
| ဆန်ဖြူ ၁၅% | ၃၇၉ | ၃၈၉ | △ | ၃၇၈ | ၃၈၀ | △ | - | - | - | ၃၇၈ | ၃၇၉ | △ |
| ဆန်ဖြူ ၂၅% | ၃၆၄ | ၃၇၁ | △ | ၃၆၈ | ၃၇၀ | △ | ၃၇၀ | ၃၈၀ | △ | ၃၄၈ | ၃၅၁ | △ |
| ပေါင်းဆန် | ၄၃၀ | ၄၄၁ | △ | - | - | - | ၄၁၅ | ၄၁၅ | □ | ၄၁၈ | ၄၁၈ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၁၂-၁-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပို့ဒေသများ | | | | | | | | |
| ပြည် | ၅၀၅၀ | △ | ၂၂၀၀၀ | △ | ၇၆၃၆ | ▽ | ၃၉၀၀၀ | △ |
| ပုသိမ် | ၅၂၄၀ | □ | ၂၁၀၀၀ | □ | ၇၆၂၀ | □ | ၃၁၅၀၀ | □ |
| ပဲခူး | ၅၀၀၀ | □ | ၂၀၀၀၀ | □ | ၆၅၀၀ | □ | ၃၄၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၁၂၀၀၀ | □ | ၄၁၀၀၀ | □ |
| စစ်တွေ | ၄၂၀၀ | □ | ၁၈၅၀၀ | □ | ၆၈၀၀ | □ | ၃၀၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၂၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၃၀ | □ | ၂၈၀၀၀ | △ | - | - | ၄၂၃၀၀ | ▽ |
| မန္တလေး | ၅၇၀၀ | □ | ၂၆၅၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မကွေး | ၆၀၀၀ | □ | ၂၂၅၀၀ | ▽ | - | - | ၃၇၀၀၀ | □ |
| မော်လမြိုင် | ၅၀၆၀ | □ | ၁၈၀၀၀ | □ | ၆၉၀၀ | □ | ၂၅၀၀၀ | □ |
| လှိုင်ကော် | ၆၅၂၀ | ▽ | ၃၄၀၀၀ | □ | - | - | ၆၀၀၀၀ | □ |
| မြိတ် | ၅၃၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ဘားအံ | ၄၉၀၀ | □ | ၂၅၀၀၀ | ▽ | - | - | ၃၈၅၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၈-၁-၂၀၁၈ မှ ၁၂-၁-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 1050 | 50,556,047.168 |
| 2 | Form D | 69 | 3,213,744.485 |
| 3 | Form E | 152 | 3,848,595.610 |
| 4 | Korea GSP | 6 | 289,177.630 |
| 5 | Form AK | 131 | 4,825,535.810 |
| 6 | Form AJ | 9 | 570,587.550 |
| 7 | Form AI | 60 | 3,029,123.840 |
| 8 | Form AANZ | 21 | 276,,975.590 |
| 9 | Form DFTP | | |
| **Grand Total** | | **1498** | **66,609,787.683** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၂-၁-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၅/၁ | ၁၂/၁ | ပြောင်းလဲမှု | ၅/၁ | ၁၂/၁ | ပြောင်းလဲမှု | ၅/၁ | ၁၂/၁ | ပြောင်းလဲမှု | ၅/၁ | ၁၂/၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၉၅၂ | ၈၈၅ | ▼ | ၉၃၃ | ၉၃၃ | ■ | ၉၇၅ | ၉၁၅ | ▼ | ၉၄၀ | ၉၁၀ | ▼ |
| ပဲစင်းငုံ | ၆၁၇ | ၅၉၄ | ▼ | ၅၇၃ | ၆၁၇ | ▲ | ၆၁၀ | ၆၂၅ | ▲ | ၆၇၅ | ၆၀၀ | ▼ |
| ပဲတီစိမ်း | ၁၃၃၀ | ၁၃၀၀ | ▼ | ၁၃၆၉ | ၁၃၅၁ | ▼ | ၁၂၃၇ | ၁၂၆၁ | ▲ | ၁၂၄၀ | ၁၂၄၀ | ■ |
| ကုလားပဲရိုးရိုး | ၂၀၂၅ | ၁၉၀၀ | ▼ | ၁၆၅၉ | ၁၆၀၇ | ▼ | ၁၅၇၉ | ၁၅၅၃ | ▼ | ၁၅၃၀ | ၁၅၃၀ | ■ |
| ပဲလွန်းဖြူ | ၁၂၀၀ | ၁၃၁၅ | ▲ | ၁၄၁၇ | ၁၄၆၇ | ▲ | ၁၄၅၀ | - | - | ၁၅၀၀ | ၁၅၃၀ | ▲ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၆၅၀ | ▲ | ၁၆၀၀ | ၁၉၅၆ | ▲ | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၂-၁-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|
| | ၅/၁ | ၁၂/၁ | ပြောင်းလဲမှု | ၄/၁ | ၁၁/၁ | ပြောင်းလဲမှု | ၄/၁ | ၁၁/၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၄၄၅ | ၄၂၅ | ▼ | ၆၄၇ | ၆၄၃ | ▼ | ၅၉၉ | ၅၉၆ | ▼ |
| ပဲစင်းငုံ | ၂၉၀ | ၂၈၀ | ▼ | ၆၂၇ | ၆၄၃ | ▲ | ၆၆၃ | ၆၆၇ | ▲ |
| ပဲတီစိမ်း | ၆၂၅ | ၆၂၅ | ■ | - | - | - | ၈၂၀ | ၇၈၅ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၈၆၀ | ၈၆၀ | ■ | ၆၅၅ | ၆၁၂ | ▼ | ၅၉၉ | ၆၆၇ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၃၀.၁၂.၁၇)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၆.၁.၁၈)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၇) မှ (၆.၁.၁၈) ထိ |
|---|---|---|---|
| မတ်ပဲ | ၄၉၀၈၇၈ | ၆၀၈၄ | ၄၉၆၉၆၂ |
| ပဲတီစိမ်း | ၁၂၀၉၂၂ | ၁၄၄၀ | ၁၂၂၃၆၂ |
| ပဲစင်းငုံ | ၂၂၃၃၈၃ | ၂၄၆၁ | ၂၂၅၈၄၄ |
| ကုလားပဲ | ၄၀၃၀၅ | ၂၉ | ၄၀၃၃၄ |
| ပဲလွန်းဖြူ | ၁၂၉၇၁ | ၁၃၀ | ၁၃၁၀၁ |
| မြေထောက်ပဲ | ၁၈၅၄၈ | ၇ | ၁၈၅၅၅ |

## ပြည်ပဲသစ်ဈေးကွက်မှာ ပဲတီစိမ်းနှင့်ပဲစင်းငုံသစ်များ ဆက်တိုက်ဝင်ရောက်ခဲ့သလို အရောင်းအဝယ်လည်းသွက်

ပြည်ပဲမျိုးစုံဈေးကွက်မှာ နှစ်ဆန်းပိုင်းကာလတွင် ပဲသစ်မျိုးစုံဝင်ရောက်လျက်ရှိရာ မတ်ပဲ၊ ပဲကြီး၊ ကုလားပဲသီးနှံများမှလွဲ၍ ကျန်ပဲများအားလုံးလိုလို နေ့စဉ်ဝင်ရောက်ခဲ့တာတွေ့ရပါတယ်။ ပြည်ပဝယ်လက်ပဲများထဲတွင် ပဲတီစိမ်းနှင့် ပဲစင်းငုံသီးနှံများ ပဲသစ်အဝင်များလာပြီး ပဲတီစိမ်းသီးနှံမှာ ဝင်ရောက်မှုများသလို ဝယ်လိုအားလည်းကောင်းခဲ့လို့ ဈေးကွက်အတွင်း အရောင်းအဝယ်အသွက်ဆုံးဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံသီးနှံမှာလည်း အိတ် ၂၀၀ မှ ၃၀၀ကျော်အထိ ဝင်ရောက်ခဲ့တဲ့အပြင် ရန်ကုန်ဝယ်လက်မှ နေ့စဉ်အဝယ်ရှိတဲ့အတွက် ဈေးကွက်မှာ အရောင်းအဝယ်ပိုဖြစ်ခဲ့ပါတယ်။

ပဲတီစိမ်းသီးနှံ မှာတစ်တင်းကျပ် ၂၂၅၀၀မှ ကျပ် ၂၅၀၀၀အထိ အရည်အသွေးအလိုက်ကွာခြားခဲ့ကာ ပြည်အနီးတဝိုက်နှင့်မင်းတုန်း၊ကံမ၊ပန်းတောင်းမြို့နယ်များမှ အဓိကဝင်ရောက်ပြီး မန္တလေးဝယ်လက်ကလည်း ဝင်လာသမျှဝယ်လိုအားကောင်းခဲ့လို့တစ်ရက်လျှင်အိတ် ၇၀၀ မှ ၈၀၀ အထိ အရောင်းအဝယ်သွက်နေခဲ့ပါတယ်။

ပဲစင်းငုံသီးနှံမှာပန်းတောင်း၊ပေါင်းတလည်၊ပေါက်ခေါင်းဘက်မှ နေ့စဉ်အိတ် ၄၀၀ ကျော်ဝင်ရောက်ခဲ့ပြီး ပဲသစ်ဈေးမှာတစ်တင်းကျပ် ၁၂၅၀၀ ဖြင့်ရန်ကုန်ဝယ်လက်ကသာဝယ်ယူခဲ့လို့ နေ့စဉ်အိတ် ၃၀၀မှ၄၀၀ကျော် အရောင်းအဝယ်ဖြစ်ခဲ့တဲ့အတွက် ပြည်ပဲဈေးကွက်အတွင်း ဇန်နဝါရီဒုတိယပတ်မှာ ပဲတီစိမ်းသီးနှံက အရောင်းအဝယ်အသွက်ဆုံးဖြစ်ခဲ့ပြီး ပဲစင်းငုံသီးနှံကတော့ ဒုတိယအရောင်း အဝယ်အသွက်ဆုံးဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ဇန်နဝါရီဒုတိယပတ် မုံရွာကုန်စည်ဒိုင်ဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနှင့်အချို့ပဲအသစ်များ ဆက်လက်ဝင်ရောက်လျက်ရှိ

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်ဈေးကွက်အတွင်းသို့ ဇန်နဝါရီလပိုင်းမှစ၍ ပဲအသစ်များ ဝင်ရောက်လျက်ရှိရာ ပဲစင်းငုံ၊ ပဲတီစိမ်း၊ စွန်တာနီ၊ မလွမ်းပို၊ ပဲလွန်းပြာ၊ ပဲလွန်းဖြူ စသည့် သီးနှံအသစ်များဝင်ရောက်လျက်ရှိပြီး ကုလားပဲသီးနှံနှင့်ပဲကြီးသီးနှံများမှာ ဝင်ရောက်မှုမရှိသေးဘဲ ပဲဟောင်းလက်ကျန်များဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ပဲစဉ်းငုံသီးနှံမှာ ဒီဇင်ဘာလကုန်မှစ၍ ဝင်ရောက်ခဲ့ရာ ယခုတစ်ပတ်တွင် မုံရွာအနီးတဝိုက်ရှိဒေသများမှ အိတ် ၃၀၀ ကျော် ဝင်ရောက်လျက်ရှိတယ်လို့သိရပါတယ်။ ဈေးနှုန်းမှာ ယခင်တစ်ပတ် ထက်ဈေးလျော့နည်းခဲ့ပြီး ယခုတစ်ပတ်တွင် အသစ်တစ်တင်းလျှင် ၁၂၅၀၀ကျပ်၊ အဟောင်းတစ်တင်းလျှင် ၁၁၃၀၀ ကျပ်ဖြင့် ပဲဟောင်းရောအသစ်ပါ တစ်ရက်အိတ် ၁၀၀၀ ဝန်းကျင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရှိရပါတယ်။

ပဲတီစိမ်းသီးနှံမှာ ပဲတီစိမ်းကြီးတစ်တင်းလျှင် ကျပ် ၂၄၀၀၀ မှ ၁၉၀၀၀၊ ပဲတီစိမ်းသေး တစ်တင်းလျှင်ကျပ် ၂၄၅၀၀ ဖြင့် ဈေးဆက်ငြိမ်နေပြီး စိမ်းကြီးတစ်ရက် အိတ်၅၀၀ခန့် နှင့်စိမ်းသေး တစ်ရက်အိတ် ၃၀၀ ဝန်းကျင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ မတ်ပဲဈေးကွက်မှာလည်း ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်လျော့နည်းခဲ့ပြီး တစ်တင်းလျှင် ကျပ် ၁၈၃၀၀ ဖြင့် တစ်ရက် အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရှိရပါတယ်။ပြည်တွင်းဝယ်လက်ပဲထဲမှ ကုလားပဲသီးနှံမှာ နိုဝင်ဘာလလယ်ပိုင်းမှစ၍ ဈေးနှုန်းကျဆင်းခဲ့ပြီး ယခုတစ်ပတ်လက်လီ ပဲဈေးကွက်မှာတော့ ပဲအသစ်များအနည်းငယ်ဝင်ရောက်လာတယ်လို့ သတင်းရရှိပါတယ်။ **လင်းလင်းသန့်**

## ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီအသစ် ဝင်ရောက်ပြီး ကုလားပဲဈေးကျဆင်းလျက်ရှိ

ပခုက္ကူကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲစင်းငုံနီအသစ်များစတင်ဝင်ရောက်လျက်ရှိပါတယ်။ပဲစင်းငုံနီအသစ်မှာ တစ်တင်းလျှင် ကျပ် ၁၃၀၀၀ ဖြင့် အိတ် ၁၀၀ ခန့်နှင့် ပဲစင်းငုံနီအဟောင်း တစ်တင်းလျှင် ကျပ် ၁၁၅၀၀ ဖြင့်နေ့စဉ်အိတ် ၅၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ရန်ကုန်သို့အိတ်ရေ၁၀၀၀ခန့်တင်ပို့ခဲ့ပါတယ်။ ကုလားပဲ ဈေးကွက်တွင် ပြည်ပမှဝယ်လက်မရှိ၍ ဈေးကျဆင်းနေကြောင်း ဒိုင်မှသိရပါတယ်။ ယခင်လက ကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၃၈၀၀၀ ရှိခဲ့ပြီး ယခုလတွင်မူ ကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၃၁၀၀၀ထိ ကျဆင်းခဲ့ပါတယ်။ အလားတူ ကုလားပဲဝါHLတစ်တင်းလျှင်ကျပ် ၂၉၀၀၀ ထိ ကျဆင်းနေခဲ့ပြီး အိတ်ရေ၅၀ခန့်နှင့် 929 တစ်တင်းလျှင်ကျပ် ၂၉၀၀၀ ဖြင့် အိတ်ရေ ၄၀ ခန့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

မတ်ပဲတစ်တင်းလျှင်ကျပ် ၁၈၅၀၀ ဖြင့် အိတ်ရေ ၅၀ ကျော်ခန့်၊ ပဲပုပ်(ယော) မှာ တစ်တင်းလျှင် ကျပ် ၁၈၀၀၀ ဖြင့် ၁၅အိတ်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းဈေးကွက်တွင် ပြည်ပမှ အဝယ်လိုက်လာသဖြင့် ဈေးမြင့်တက်လျက်ရှိပြီး ယခင်တစ်ပတ်က နှမ်းနက် (ဂွ) တစ်တင်းလျှင်ကျပ် ၃၁၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကျပ် ၃၅၀၀၀ ဖြင့် အိတ်ရေ ၅၀၊ နှမ်းနက်(စမုံ)တစ်တင်းလျှင်ကျပ် ၂၇၀၀၀ မှ ၄၂၀၀၀ဖြင့် အိတ်ရေ ၅၀ ခန့် အရာင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းညိုတစ်တင်းလျှင်ကျပ် ၃၅၀၀၀ ဖြင့် အိတ်၄၀၊ အထွက်တိုးပြောင်း တစ်တင်းလျှင် ကျပ် ၁၀၅၀၀ ဖြင့် အိတ်ရေ ၇၀ ခန့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## လှောင်မြေပဲဆန်များကြောင့် အရောင်းအဝယ်အနည်းငယ်ဖြစ်တဲ့ ပြည်ဈေးကွက်

ယခုတစ်ပတ်တွင် ပြည်ဈေးကွက်သို့ မြေပဲဆန်ဝင်ရောက်မှု ပါးသွားသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်အနည်းငယ်အေးသွားတာ တွေ့ရပါတယ်။ ဆီကြိတ်မြေပဲဆန်ကို မြို့တွင်းဆီစက်များက အဝယ်ရှိပေမယ့် မြေပဲဆန်ဝင်ရောက်မှုနည်းသွားသဖြင့် လှောင်ထားတဲ့ မြေပဲဆန်များကို ထုတ်၍ဆီကြိတ်နေကြပြီး၊ လုံးဆန်(အဖြူ)ကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိနေတာတွေ့ရပါတယ်။ လုံးဆန်(အနီ)ကို ပဲလှော်ဖိုသမားများက အဝယ်ရှိနေသော်လည်း ဈေးနှုန်းပုံမှန် ရှိနေတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာဆီကြိတ်မြေပဲဆန် တစ်ပိဿာလျှင် ကျပ်၁၈၀၀၊ လုံးဆန်(အဖြူ)တစ်ပိဿာလျှင်ကျပ်၂၄၀၀နှင့် လုံးဆန်(အနီ)တစ်ပိဿာလျှင်ကျပ် ၂၀၀၀ဖြင့်ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေသော်လည်း လှောင်မြေပဲများကြောင့် ဈေးကွက်တွင် အရောင်းအဝယ်အနည်းငယ်ဖြစ်လျက်ရှိပါတယ်။ **ဝေဝေမင်း**

## ရွှေဘိုမြို့နယ် ဆောင်းပဲစင်းငုံအထွက်နှုန်းလျော့နိုင်

စစ်ကိုင်းတိုင်းဒေသကြီး၊ရွှေဘိုခရိုင်၊ရွှေဘိုမြို့နယ်အတွင်း အုန်းပေါက်ကျေးရွာရှိ ပဲစင်းငုံစိုက်ပျိုးသည့်တောင်သူများအား ဆောင်းပဲစင်းငုံအထွက်နှုန်းအခြေအနေများကိုမေးမြန်းရာ ဇန်နဝါရီလကုန်၊ ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပဲစင်းငုံများ လှိုင်လှိုင်ရိတ်သိမ်းရမည်ဖြစ်ပြီး ယခုနှစ်အထွက်နှုန်းအနေဖြင့် ပဲစင်းငုံပန်းပွင့်ချိန်တွင် မိုးနှစ်ကြိမ်ရွာသွန်းခဲ့၍ ပန်းပွင့်များကြွေကျပြီး အသီးကင်းအတင်နည်းခြင်း၊ ပွင့်ထွေးပိုးများကျရောက်ခြင်းများဖြစ်ပေါ်ခဲ့သည့်အပြင် အသီးများရင့်ချိန်ဖြစ်သည့် ဇန်နဝါရီလဆန်းပိုင်းတွင် ရွာသွန်းသည့်မိုးကြောင့် အသီးအရင့်များအညှာမှပြုတ်ကျခြင်းများဖြစ်ပေါ်ခဲ့တာကြောင့် ယခုနှစ်တွင် ယခင်နှစ်အောက်အထွက်နှုန်းများလျော့နည်းနိုင်ကြောင်းသိရသည်။ ပဲစင်းငုံနီဈေးနှုန်းအနေဖြင့် သုံးတင်းလျှင် ကျပ် ၃၇၀၀၀ဖြင့် ဈေးကွက်အတွင်း အနည်းငယ်မျှသာ ဝင်ရောက်လျက်ရှိပြီး ပဲစင်းငုံဖြူမှာ ဈေးကွက်အတွင်းသို့ ဝင်ရောက်မှုမရှိသေးကြောင်း သတင်းရရှိပါသည်။ **နှင်းနှင်းခိုင်(ရွှေဘို)**

## ပြည်ဘိုကိတ်ပဲသစ် လက်လီ၊လက်ကား အရောင်းအဝယ်သွက်

ပြည်ပဲဈေးကွက်အတွင်း ဇန်နဝါရီဒုတိယပတ်၌ ပဲသစ်များဝင်ရောက်လာခဲ့ပြီး ဘိုကိတ်ပဲသစ်များလည်း နေ့စဉ်အိတ် ၅၀မှ ၁၀၀ အထိအဝင်ရှိခဲ့လို့ လက်လီလက်ကား ဝယ်လိုအားရှိမှုအပေါ် ရောင်းဝယ်ခဲ့တာတွေ့ရပါတယ်။ ဒါကြောင့် ရန်ကုန်ဝယ်လက်နေ့စဉ်အဝယ်ရှိခဲ့ကာ အိတ် ၁၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၂၅၀၀၀ဖြင့် ပဲသစ်ဝင်စအဖွင့်ဈေးအတိုင်း ဈေးဆက်ငြိမ်ပေမယ့် ယခင်နှစ်ကပဲသစ်အဖွင့်ဈေးကိုတော့ မမီခဲ့ဘူးလို့ သိရပါတယ်။ ယခင်နှစ်က ပဲသစ်ပေါ်စအချိန် ဇန်နဝါရီလဆန်းပိုင်းအတွင်းဖြစ်ပေါ်ခဲ့သော ဘိုကိတ်ပဲသီးနှံ ဈေးမှာတစ်တင်းကျပ် ၂၇၂၀၀ခန့် ရရှိခဲ့တာကြောင့် ဒီနှစ်မှာတော့ ဈေးအနည်းငယ်လျော့ကျနေတယ်လို့သိရပါတယ်။ **ခင်ဆွေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၁ .၁ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း | - MAENAM-1 | ကုန်သေတ္တာ ၅၂၅ ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၄) | - ELLSSEOS | ဆန် ၃၀၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - ROJAREK NAREE | ဆန် ၂၅၀၀၀ တန်ကုန်တင်ရန်ရှိ အလုပ်မလုပ် |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း (၂) | - YAAN BYAE | Steel Bar ၅၀၂၂ တန်ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း (၁) | - MATHU BHUM | ကုန်သေတ္တာ ၂၆၅ ကုန်တင်ရန် ၁၄၄ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၄) | - CSC XIN HAI | SteelPlate ၃၀၀၀ တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၅) | - ANNITA | Steel & G/C ၂၉၉၇၆ တန်ကုန်ချရန် |
| MOGE JETTY | - PACIFIC PELICAN | Diesel Oil ၇၉၂၀တန်ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ELEFTHEROTRIA | ဆန်တန်ချိန် ၂၀၀၀၀ကုန်တင်ရန် | SINGAPORE | ၁၁.၁.၂၀၁၈ |
| KENG TUNG | Steel Bar ၁၀၀၀၀ တန်ကုန်ချရန် | INDIA | ၁၂.၁.၂၀၁၈ |
| WINNING ANGLE | Steel Equipment ၂၁၆၉၀ တန် ကုန်တင်ရန် | CHINA | ၁၃.၁.၂၀၁၈ |
| VIKING SEA | Unit Vehicle (RO/RO) ၁၂၄၄ တန်ကုန်ချရန် | JAPAN | ၁၄.၁.၂၀၁၈ |
| LOTUS LEADER | Unit Vehicle (RO/RO) ၃၉၄ တန်ကုန်ချရန် | JAPAN | ၁၄.၁.၂၀၁၈ |
| ARABIAN SEA | Unit Vehicle (RO/RO) ၁၈၁ တန်ကုန်ချရန် | JAPAN | ၁၄.၁.၂၀၁၈ |
| CO CO GYUN | Steel Bar ၅၂၀၀ တန်ကုန်ချရန် | INDIA | ၁၄.၁.၂၀၁၈ |
| OCEAN REEF | COAL (In Bulk) ၂၉၅၀၀ တန်ကုန်ချရန် | INDONESIA | ၁၅.၁.၂၀၁၈ |
| LE JIN | G/C&(42) Unit Container ၁၂၅၈၈ တန်ကုန်ချရန် | CHINA | ၁၅.၁.၂၀၁၈ |
| MORNING MAID | Vehicle (RO/RO) ၁၄၈ တန်ကုန်ချရန် | CHINA | ၁၆.၁.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၁.၁.၂၀၁၈ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၁.၁.၂၀၁၈ |
| KOTA HASIL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၁.၂၀၁၈ |
| SOUL OF LUCK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၂.၁.၂၀၁၈ |
| EVER ABLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၁.၂၀၁၈ |
| BL PL TRUST | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၁၂.၁.၂၀၁၈ |
| MALACCA STAR | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၃.၁.၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃.၁.၂၀၁၈ |
| FSL SANTOES | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၃.၁.၂၀၁၈ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၁.၂၀၁၈ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၁.၂၀၁၈ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၄.၁.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN WINTER | ဒီဇယ်ဆီ | - | ၁၁.၁.၂၀၁၈ |
| MT.OCEAN HAWK | ဒီဇယ်ဆီ | - | ၁၁.၁.၂၀၁၈ |
| MT.AULAC VENUS | ဒီဇယ်ဆီ | SINGAPORE | ၁၂.၁.၂၀၁၈ |
| MT.FLY GURNARD | ဒီဇယ်ဆီ | SINGAPORE | ၁၂.၁.၂၀၁၈ |
| MT.MESON | P.Oil (In Bulk) | INDINESIA | ၁၂.၁.၂၀၁၈ |
| MT.OCEAN MUTUMN | ဒီဇယ်ဆီ | SINGAPORE | ၁၂.၁.၂၀၁၈ |
| MT.GUL HUL MEN | ဒီဇယ်ဆီ | SINGAPORE | ၁၃.၁.၂၀၁၈ |
| MT.YU RU | ဒီဇယ်ဆီ | SINGAPORE | ၁၃.၁.၂၀၁၈ |
| MT.OCEAN GOBY | ဒီဇယ်ဆီ | SINGAPORE | ၁၃.၁.၂၀၁၈ |
| MT.PRIMROSE | P.Oil (In Bulk) | INDINESIA | ၁၄.၁.၂၀၁၈ |
| MT.BABYLON | ဒီဇယ်ဆီ | SINGAPORE | ၁၆.၁.၂၀၁၈ |
| MT.CORVUS | P.Oil (In Bulk) | INDINESIA | ၁၆.၁.၂၀၁၈ |
| MT.AUGEMINI | P.Oil (In Bulk) | INDINESIA | ၁၇.၁.၂၀၁၈ |

# ပြည်ပဲလွန်းဖြူသစ်ဈေးငြိမ်ပြီး လက်လီသာအရောင်းအဝယ်ဖြစ်

ဇန်နဝါရီဒုတိယပတ်အတွင်း ပြည်ပဲဈေးကွက်သို့ ပဲလွန်းဖြူသစ်များ အဝင်ဆက်ရှိခဲ့ကာ အိတ်အနည်းငယ်သာ ဝင်ရောက်မှုရှိသေးတဲ့အတွက် အရောင်းအဝယ်ဖြစ်မှုအနေဖြင့်လည်း လက်လီသာအရောင်းအဝယ်ရှိခဲ့ကြောင်းသိရပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက်ဈေးအနည်းငယ်ပိုရလာခဲ့ပါတယ်။ ယခင်နှစ်က ပဲသစ် ပေါ်စအချိန် ဇန်နဝါရီလအတွင်းမှာ တစ်တင်းကျပ် ၂၇၂၀၀ရရှိခဲ့ပြီး ပဲအထွက်လှိုင်လာချိန်တွင်တော့ ဈေးလျော့သွားခဲ့လို့ တစ်တင်းကျပ် ၂၃၅၀၀သာရရှိခဲ့ပါတယ်။ ဘိုကိတ် နှင့်ပဲလွန်းဖြူသီးနှံဈေးဟာ ဈေးကွက်အတွင်း ဈေးပြိုင်ရလျက် ရှိကြောင်း တွေ့ရှိရပါတယ်။

**ခင်ဆွေဝင်း**

# မုံရွာကုန်စည်ဒိုင်သို့ မိုးမြေပဲများ စတင်ဝင်ရောက်

၂၀၁၇-၂၀၁၈ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၏ မိုးမြေပဲစိုက်ပျိုးရန် လျာထားဧက နှစ်သိန်းခုနစ် သောင်းကျော်ရှိပြီး ဧက နှစ်သိန်းကိုးသောင်းကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲတစ်ဧကအတွက် ကုန်ကျစရိတ်မှာ ကျပ်နှစ်သိန်းခွဲခန့် ကုန်ကျပြီး အထွက်တင်း ၅၀မှ ၆၀ ကြားထွက်ရှိကြောင်း၊ မြေပဲတောင့်တင်း ၁၀၀ကို အဆန်တင်း ၃၀ ရရှိကာ လက်ရှိတစ်တင်း ပေါက်ဈေးမှာ ကျပ်လေးသောင်းဝန်းကျင်ရရှိသဖြင့် တောင်သူများတွက်ခြေကိုက်ကြောင်း မုံရွာခရိုင် ချောင်းဦးမြို့နယ်၊ ရွှေဘူတာကျေးရွာမှ မြေပဲစိုက်တောင်သူ ဦးဝင်းအောင်ထံမှ သိရပါတယ်။ ယခုတစ်ပတ်အတွင်း မုံရွာကုန်စည်ဒိုင်သို့ ချင်းတွင်းမြစ်အနောက်ဖက် ဆားလင်းကြီး၊ ယင်းမာပင်၊ ပုလဲ၊ ကနီနှင့် ချောင်းဦးမြို့နယ်၊ မြောင်မြို့နယ်များမှ မြေပဲများ တစ်ရက်လျှင်တင်း ၅၀၀ မှ ၈၀၀ကြား ဝင်ရောက်လျက်ရှိရာ တစ်ပိဿာ ပေါက်ဈေးအနေဖြင့် မြေပဲဆန်နီ ကျပ် ၂၃၅၀ မှ ၂၃၇၅ ကျပ်၊ မြေပဲဆန်ဖြူ ကျပ် ၂၃၀၀ မှ ကျပ် ၂၄၅၀၊ မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၃၈၀၀ မှ ကျပ် ၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

**သန်းသန်းတင်(မုံရွာ)**

# ကယားပြည်နယ်မှ ယခုတစ်ပတ်အတွင်း ဆန်၊ စပါး၊ ပြောင်းနှင့် အခြားသီးနှံများ၏ တင်ပို့မှုနှင့် လက်ရှိဖြစ်ပေါ်နေသော ကုန်ဈေးနှုန်းအခြေအနေ

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်မှ၁၀ရက်အထိ ကယားပြည်နယ်မှ မန္တလေးမြို့နှင့် မူဆယ်သို့ ဧည့်မထဆန်အိတ်ပေါင်း ၅၂၉၁အိတ် တန်ချိန်အားဖြင့် ၂၆၅ ဒသမ ၆၇ တန်ခန့် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ကထက် ဆန်တန်ချိန် ၁၃၀ဒသမ ၁၀ခန့် တင်ပို့မှုပိုခဲ့ပါတယ်။ ကယားပြည်နယ်အတွင်းကိုတော့ ရန်ကုန်မြို့မှ ၂၀၉၅ အိတ်၊ မန္တလေးမြို့မှ ၄၄၀ အိတ် တင်သွင်းလာခဲ့ရာ စုစုပေါင်း ၂၅၃၅ အိတ် တန်ချိန်အားဖြင့် ၁၂၇ ဒသမ ၃၀တန်ရှိကြောင်း သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း သီးနှံများတင်ပို့ရာတွင် ကယားပြည်နယ်မှ ပြောင်းအိတ်စုစုပေါင်း ၃၆၁၅၀ အိတ် တန်ချိန်အားဖြင့် ၁၇၇၀ ဒသမ ၈၇ တန်ခန့်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်ထက်ပြောင်းတန်ချိန်ပေါင်း ၄၅ ဒသမ ၁၅ တန်ခန့်တင်ပို့မှုများလာကြောင်း တွေ့ရှိရပါတယ်။ ယခုတစ်ပတ်အတွင်းဖြစ်ပေါ်နေသော နှမ်းဈေးနှုန်းမှာ နှမ်း(ဖြူ)တစ်ပိဿာ ကျပ် ၂၄၀၀၊ နှမ်း(နက်)တစ်ပိဿာ ကျပ် ၂၂၀၀၊ စမုံနက် (နှမ်း) တစ်ပိဿာ ကျပ် ၂၂၀၀ ဖြစ်ပြီး နှမ်းဈေးနှုန်းများမှာ ပြောင်းလဲမှုမရှိကြောင်း သိရှိရပါတယ်။ ပြောင်းတင်ပို့ရာမှာလည်း ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိပွဲရုံများသို့တင်ပို့ကြောင်း၊ လက်ရှိ ပြောင်းဈေးနှုန်းများမှာ ပြောင်း(ခြောက်)တစ်ပိဿာ ၃၈၅ ကျပ် ဈေးပေါက်တဲ့အတွက် ပြောင်းဈေးအနည်းငယ်ပြောင်းလဲနေကြောင်း သိရှိရပါတယ်။

ဧည့်မထ(မိုး)စပါးတင်း ၁၀၀လျှင် ကျပ် ၆၅၂၀၀၀ ပေါက်ပြီး ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ ၊ တစ်ပြည်လျှင်ကျပ် ၂၈၀၀ ၊ ပေါ်ကွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ တစ်ပြည်လျှင်ကျပ် ၁၂၅၀ ၊ ဧည့်မထ(ဒေသ)ဆန်တစ်အိတ်ကျပ် ၃၄၀၀၀ ၊ တစ်ပြည်လျှင်ကျပ် ၁၅၀၀ ၊စိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၄၀၀၀ ၊ တစ်ပြည်လျှင် ကျပ် ၁၁၀၀ စားသုံးဆီဈေးနှုန်းများမှာ ပဲဆီလက်လီဈေးမှာ ကျပ် ၅၂၀၀ ဖြစ်ပြီး လက်ကားဈေးမှာကျပ် ၅၇၀၀၊ နှမ်းဆီလက်လီဈေးမှာ ကျပ် ၄၄၀၀ ဖြစ်ပြီး လက်ကားဈေးမှာ ကျပ် ၅၂၀၀၊ စားအုန်းဆီ လက်လီဈေးမှာကျပ် ၂၅၀၀ ဖြစ်ပြီး လက်ကားဈေးမှာကျပ် ၂၇၀၀ ဈေးပေါက်ကြောင်း ကယားပြည်နယ် စားသုံးသူကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

# ပဲတီစိမ်း၊ ပဲစင်းငုံနှင့် မတ်ပဲတို့အတွက် အီးယူဈေးကွက်သို့ တင်သွင်းမှုဆိုင်ရာ သတ်မှတ်ချက်များ

အီးယူနိုင်ငံသို့တင်သွင်းသည့် ကုန်ပစ္စည်းများတွင် ထုတ်ကုန်စည်းဝါးညီစနစ်အရ ကုန်စည်အလိုက် ထူးခြားသော သတ်မှတ်ချက်များရှိပြီး ပဲတီစိမ်း၊ ပဲစင်းငုံနှင့်မတ်ပဲကုန်စည်သုံးလိုင်းတို့ အတွက် သွင်းကုန်ဆိုင်ရာ လိုအပ်ချက်များ အနေဖြင့် ပဲစင်းငုံ၏ HS Code မှာ 0713.60.00 ဖြစ်ပြီး ဈေးကွက်ဝင်လိုအပ်ချက်များမှာ အစားအစာတွင် ပါဝင်သော အညစ်အကြေးပစ္စည်းများ အား ထိန်းချုပ်မှု၊ အပင်နှင့်တိရစ္ဆာန်များတွင်ပါဝင်သော ပိုးသတ်ဆေးဝါးများ ထိန်းချုပ်မှု၊ တိရစ္ဆာန်မှထုတ်လုပ်ခြင်းမဟုတ်သည့် အစားအစာများအပေါ် ကျန်းမာရေးထိန်းချုပ်မှု၊ အပင်ကျန်းမာရေးထိန်းချုပ်မှု၊ နောက်ကြောင်းပြန်စစ်ဆေးလွယ်မှု၊ သတ်မှတ်ချက်ကိုက်ညီမှုနှင့် တာဝန်ယူမှု၊ အစားအစာဆိုင်ရာ အညွှန်းတံဆိပ် ထည့်သွင်းမှု၊ အစေ့နှင့်အပင်ပေါက်ပွားမှုဆိုင်ရာ ဈေးကွက်လိုအပ်ချက်များ၊ အော်ဂဲနစ်ထုတ်ကုန်များ စသည်တို့ဖြစ်ပါသည်။

ပဲတီစိမ်းနှင့် မတ်ပဲတို့၏ HS Code မှာ 0713.31.00 ဖြစ်ပြီး ဈေးကွက်ဝင်လိုအပ်ချက်များမှာ အစားအစာတွင် ပါဝင်သော အညစ်အကြေးပစ္စည်းများအားထိန်းချုပ်မှု၊ အပင်နှင့်တိရစ္ဆာန်များတွင်ပါဝင်သော ပိုးသတ်ဆေးဝါးများ ထိန်းချုပ်မှု၊ တိရစ္ဆာန်မှထုတ်လုပ်ခြင်းမဟုတ်သည့် အစားအစာများအပေါ် ကျန်းမာရေးထိန်းချုပ်မှု၊ နောက်ကြောင်းပြန်စစ်ဆေးလွယ်မှု၊ သတ်မှတ်ချက်ကိုက်ညီမှုနှင့်တာဝန်ယူမှု၊ အစားအစာဆိုင်ရာ အညွှန်းတံဆိပ်ထည့်သွင်းမှု၊ အစေ့နှင့်အပင်ပေါက်ပွားမှုဆိုင်ရာ ဈေးကွက်လိုအပ်ချက်များ၊ အော်ဂဲနစ်ထုတ် ကုန်များတို့ဖြစ်ကြောင်း တွေ့ရသည်။

**လင်းမျိုးသာ(DOT)**

Source-**ဘရပ်ဆဲလ်မြို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံရုံး**

## ကြက်သွန်

# ကြက်သွန်နီများ ဈေးကွက်အတွင်းသို့ အများအပြားဝင်ရောက်လျက်ရှိ

ကြက်သွန်နီစိုက်ပျိုးရာ ဒေသများဖြစ်သော ဆိပ်ဖြူနှင့် ပေါက်မြို့နယ်တို့တွင် မိုးများစွာ ရွာသွန်းပြီး ကြက်သွန်နီစိုက်ခင်းများ ရေကြီးနစ်မြုပ်၍ အဝင်နည်းခြင်းတို့ကြောင့် ကြက်သွန်ဈေးများ မြင့်တက်လျက်ရှိပါတယ်။ ဇန်နဝါရီ ပထမပတ်တွင် ကြက်သွန်နီ လက်ကားဈေးနှုန်းများမှာ အရည်အသွေးကိုလိုက်၍ ထိပ်စတစ်ပိဿာလျှင် ကျပ် ၃၁၅၀၊ အလတ်စတစ်ပိဿာလျှင်ကျပ် ၂၀၀၀မှ ၂၅၀၀ထိ၊ အနိမ့်စ တစ်ပိဿာလျှင်ကျပ် ၈၀၀မှ ၁၅၀၀၊ လက်လီဈေးမှာ ထိပ်စတစ်ပိဿာလျှင်ကျပ် ၃၅၀၀၊ လတ်စတစ်ပိဿာလျှင်ကျပ် ၂၈၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဈေးရှိကြောင်းသိရပါတယ်။ ဇန်နဝါရီ ဒုတိယအပတ်တွင် ကြက်သွန်နီဈေးများ တဖြည်းဖြည်း ကျဆင်းခဲ့ပါတယ်။ ကြက်သွန်နီအဝယ်ဒိုင်သို့ ကြက်သွန်နီအများအပြားဝင်ရောက်လျက်ရှိပြီး ပခုက္ကူကုန်စည်ဒိုင်သို့ နေ့စဉ် ပိဿာချိန် ၃၀၀၀၀ မှ ၁၁၅၀၀၀ အထိ ဝင်ရောက်လျက်ရှိပါတယ်။

ပခုက္ကူကြက်သွန်နီဒိုင်၏ လက်ကားဈေးနှုန်းမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၂၁၀၀၊ အရည်သွေးလိုက်၍ ကြက်သွန်နီလတ်စတစ်ပိဿာလျှင် ကျပ် ၁၂၀၀ မှ ကျပ် ၁၈၀၀၊ နိမ့်စတစ်ပိဿာလျှင်ကျပ် ၅၀၀မှ ကျပ် ၈၀၀ ဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# ပြည်ကြက်သွန်နီဈေးကွက်အတွင်း အဝင်များ၍ ဈေးကျလျက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်ကြက်သွန်နီဈေးနှုန်းများ အတက်အကျမြန်ဆန်လျက်ရှိပြီး ပြည်ပွဲရုံများသို့ ရေနံချောင်း၊ တောင်တွင်း၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ ကျောက်ပန်းတောင်းစတဲ့နယ်စုံမှ ကြက်သွန်နီများ တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၅၀၀ ဝန်းကျင်ခန့်ဝင်ရောက်မှုရှိတဲ့အတွက် ယခုတစ်ပတ်တွင်အဝင်များ၍ ဈေးကျလျက်ရှိကြောင်းသိရသည်။ ပွဲရုံလက်ကားဈေးနှုန်းမှာ တစ်ပိဿာလျှင် ပျမ်းမျှကျပ် ၆၀၀ ခန့်ကျဆင်းသွားကြောင်းနှင့် ပွဲရုံလက်ကားဈေးကျဆင်းသွားပေမယ့် လက်လီဝယ်ရောင်းသမားများအနေနဲ့ ယခင်အမြင့်ဈေးဖြင့်ဝယ်ယူထားတဲ့အတွက် လက်လီဈေးအသေးများတွင် ဈေးနှုန်းများကျဆင်းမှုမရှိတာကိုတွေ့ရပါတယ်။

ယခုတစ်ပတ်ဈေးကွက်အတွင်း အရည်အသွေးညံ့ပြီး ရေစိုမိုးမိကြက်သွန်နီများပိုမိုများပြားစွာဝင်ရောက်မှုရှိတဲ့အတွက် ယခုလိုပွဲရုံလက်ကားဈေးနှုန်းများကျဆင်းရခြင်းဖြစ်ကြောင်း ပွဲရုံလုပ်ငန်းရှင်များ၏ပြောကြားချက်အရ သိရှိရပါတယ်။ ဈေးနှုန်းများကျဆင်းနေပေမယ့် ကုန်ပစ္စည်းအရည်အသွေးမကောင်းသည့်အတွက် ပွဲရုံများမှာရော လက်လီဈေးများမှာပါ အရောင်းအဝယ်အေးနေတာတွေ့ရပါတယ်။ ဈေးနှုန်းများအနေနဲ့အရည်အသွေးပေါ်မူတည်ကာ ခွဲခြားသတ်မှတ်ရောင်းဝယ်လျက်ရှိပြီး ယခုတစ်ပတ်ပွဲရုံလက်ကားဈေး တစ်ပိဿာကို(ကြီး) ကျပ် ၂၄၀၀ မှ ကျပ် ၂၅၀၀၊(လတ်) ကျပ် ၂၃၀၀မှကျပ် ၂၃၅၀၊ (သေး)ကျပ် ၂၀၀၀ - ၂၁၀၀- ၂၂၀၀ တို့ရှိပြီး လက်လီဈေးအသေးများတွင် (ကြီး) ကျပ် ၃၃၀၀ မှ ကျပ် ၃၅၀၀၊ (လတ်) ကျပ် ၂၉၀၀ မှ ကျပ် ၃၀၀၀၊ (သေး) ကျပ် ၂၆၀၀ မှ ကျပ် ၂၈၀၀ နှုန်းတို့ဖြင့် အသီးသီးရောင်းဝယ်လျက်ရှိတဲ့အတွက် ယခင်တစ်ပတ်ထက် လက်ကားဈေးနှုန်းများ ကျဆင်းသွားကြောင်း သိရှိရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲစင်းငုံသီးနှံများစတင်ထွက်ပေါ်

၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၌ ပဲစင်းငုံစိုက်ပျိုးရန် လျာထားဧက ၅၅၀၀၀၀ကျော်အနက် ဧကခြောက်သိန်းကျော်စိုက်ပျိုးပြီးဖြစ်၍ ရာခိုင်နှုန်းအားဖြင့်၁၀၈ ရာခိုင်နှုန်းစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကန့်ဘလူခရိုင်၌ ဧက၁၅၀၀၀၀ကျော်ဖြင့် အများဆုံးစိုက်ပျိုးနိုင်ခဲ့ပြီး မုံရွာခရိုင်၌ ဧက၁၃၀၀၀၀ ကျော်ဖြင့် ဒုတိယအများဆုံး စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်သို့ အရာတော်မြို့နယ်ဘက်မှပဲစင်းငုံ၁၅တင်းမှတင်း ၂၀ခန့်ဝင်ရောက်လျက်ရှိကြောင်း၊ အသစ်တစ်တင်းလျှင် ကျပ် ၁၃၀၀၀ မှ ကျပ် ၁၃၅၀၀ ကြား၊ အဟောင်းတစ်တင်းလျှင် ကျပ် ၁၁၀၀၀ မှ ကျပ် ၁၁၆၀၀ကြားဈေးပေါက်ကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။ ပဲစင်းငုံနှင့်ဝါသီးနှံ ရောနှောစိုက်သဖြင့် တစ်ဧကကုန်ကျစရိတ်မှာ ကျပ်ရှစ်သောင်းကျော်ကျော်သာကုန်ကျပြီး ပဲစင်းငုံအထွက်နှုန်းမှာ တစ်ဧက ၁၀ တင်းမှ ၁၃တင်းကြားထွက်ရှိနိုင်ကာ ဇန်နဝါရီလကုန်တွင် ပဲစင်းငုံရိတ်သိမ်းပြီး မတ်လတွင် ဝါရိတ်သိမ်းမည်ဖြစ်ကြောင်း၊ ပဲစင်းငုံပေါက်ဈေး တစ်တင်းလျှင် အနည်းဆုံး ကျပ်တစ်သောင်းရရှိသည့်တိုင် အမြတ်ရရှိကြောင်း မုံရွာခရိုင်၊ ချောင်းဦးမြို့နယ် ရွှေဘုတာကျေးရွာ၌ ပဲစင်းငုံသီးနှံနှင့် ဝါသီးနှံကြားညှပ်စိုက်တောင်သူ ဦးဇော်မျိုး၏ပြောကြားချက်အရ သိရပါတယ်။ **သန်းသန်းတင်(မုံရွာ)**

## နှမ်း

# ရှမ်းနှမ်း အရောင်းအဝယ်အနည်းငယ်ငြိမ်သက်

ရှမ်းနှမ်းအသစ်တွေက နှစ်လပိုင်း/သုံးလပိုင်းမှသာ ဈေးကွက်ကိုစပြီးဝင်လာတော့မှာဖြစ်ပါတယ်။ လက်ရှိဈေးကွက်မှာတော့ ယခင်နှစ်လက်ကျန်တွေကိုသာရောင်းဝယ်နေရပါတယ်။ ပြည်ပဝယ်လက်နည်းနေပေမယ့် ပြည်တွင်းသုံးဝယ်လက်တွေကြောင့် တစ်နှစ်ပတ်လုံးတော့ နည်းနည်းနဲ့ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်က နှမ်းတွေကို ရန်ကုန်၊ ပြည်၊ စစ်တွေစတဲ့ ဝယ်လက်တွေကအဓိကဝယ်ယူကြပါတယ်။ ဒီဇင်ဘာလတစ်လအတွင်းမှာ နှမ်းပိဿာချိန်ပေါင်း ၃ ဒသမ ၃၅ သိန်း အရောင်းအဝယ်ဖြစ်ခဲ့ပြီး တောင်ပို့လစတွေသာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးနှုန်းကတော့ တစ်ပိဿာကို အနိမ့်ဆုံးကျပ် ၁၀၀၀ မှ ၂၇၀၀ ကျပ်ထိရှိပြီး ဆင်တောင်နှမ်းကတော့ တစ်ပိ သာကျပ် ၄၀၀၀ ရှိတယ်လို့ သိရပါတယ်။ ဟိုပုံးနှမ်းကိုတော့ ပြည်တွင်းသုံးဝယ်လက်တွေကသာဝယ်ယူပြီး အမှုန့်ကြိတ်ဖို့အတွက်သာဝယ်ယူနေပါတယ်။ ဈေးနှုန်းကတော့ အရည်အသွေးပေါ်မူတည်ပြီး ကွဲပြားသလိုအကြမ်းစတွေကတော့ တစ်ပိဿာကျပ် ၁၂၀၀ မှ ၁၃၀၀ရှိပြီး အချောစတွေကတော့ တစ်ပိဿာကျပ် ၂၀၀၀ရှိတယ်လို့ ဟိုပုံးနှမ်းပွဲရုံတွေထံမှ သိရှိရပါတယ်။ **ဇေခိုင်၊ တောင်ကြီး**

# ဒီတစ်ပတ် နှမ်းတင်ပို့မှုပို

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၆ ရက်အထိ သီတင်းပတ်အတွင်း နှမ်း(ရှမ်းစ)အသစ် ၂၈၄ ဒသမ ၀၄၅တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၁၀၃ ဒသမ ၀၄၅ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၅၉တန်နဲ့ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ ၂၂ တန် တင်ပို့ခဲ့တယ်လို့သိရပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံး တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နှမ်းတန်ချိန်၄၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၄၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။နှမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၂၃၃၀င်ငွေရရှိခဲ့တယ်လို့သတင်းရရှိပါတယ်။ **သီတာဝင်း**(DOT)

## ချင်း

# ဒီဇင်ဘာလအတွင်း အရောင်းအဝယ်သွက်ခဲ့တဲ့ရှမ်းချင်း(စို)

ရှမ်းချင်းကတော့ ဒီဇင်ဘာလမှာလည်းခပ်သွက်သွက် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အောင်ပန်းဈေးကွက်မှတစ်ဆင့် တပ်ကုန်း၊ ရန်ကုန်၊ မုံရွာစတဲ့ မြို့ တွေအပြင် လှော်ငလက်တွေဖြစ်တဲ့ ပြည်၊ စစ်တွေ ကပါဝယ်ယူနေတာကြောင့် ဒီဇင်ဘာလအတွင်းမှာ ချင်းပိဿာချိန်ပေါင်း ၆ ဒသမ ၈ သိန်းခန့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်းသိရပါတယ်။ ချင်း(ခြောက်)အဝယ်နည်းခဲ့ပြီး စုစုပေါင်း ပိဿာချိန် ၃ ဒသမ ၆ သိန်းခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့လို့ ချင်း(စို)ရောင်းအားရဲ့ တစ်ဝက်သာရှိခဲ့တယ်လို့ သိရပါတယ်။

အောင်ပန်းချင်းက ဈေးကွက်အဝင်စောခဲ့ပြီး ဟိုပုံးချင်းကတော့ အောင်ပန်းချင်းထက် တစ်လ/နှစ်လခန့် နောက်ကျပြီးမှ ဝင်တယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ဒီဇင်ဘာလအတွင်းချင်း(စို) တစ်ပိဿာကိုအနိမ့်ဆုံးကျပ် ၃၇၀ မှ အမြင့်ဆုံးကျပ် ၄၂၀ဈေးရှိပါတယ်။ ၂၀၁၈ခုနှစ် ဇန်နဝါရီ ပထမပတ်မှာ မိုးဆက်တိုက်ရွာသွန်းနေတာကြောင့် ချင်းအစိုခါတ်များပြီးဝယ်ယူမှုနည်းလာလို့ ဈေးအနည်းငယ်ကျလာပါတယ်။ တစ်ပတ် အတွင်းမှာချင်း(စို)ပိဿာချိန် ၁ ဒသမ ၈ သိန်းခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး အနိမ့်ဆုံးဈေးကျပ် ၃၀၀ မှ အမြင့်ဆုံးဈေးကျပ် ၃၇၀ ရှိခဲ့ပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာကျပ် ၁၀၀၀ မှကျပ် ၁၁၀၀ခန့်ပေါက်ဈေးရှိတယ်လို့ အောင်ပန်းချင်းပွဲရုံများမှ စုံစမ်းသိရှိရပါတယ်။ **ဇေခိုင်၊ တောင်ကြီး**

# စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများ အကြောင်းအသိပညာပေး ရက်တိုသင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၌ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများအကြောင်း အသိပညာပေး ရက်တိုသင်တန်းကို ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်မှ ၂၁ရက်အထိ နှစ်ရက်ကြာဖွင့်လှစ်ခဲ့ရာ အထက်မြန်မာပြည် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းစုစုပေါင်း ၃၀ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးဌာနမှ ဒုတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းမြင့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပါတယ်။

တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်က ပြောကြားရာတွင် "စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန် " ဘေးအန္တရာယ်ကင်းရှင်းသောကုန်စည်၊ ဝန်ဆောင်မှုများသုံးစွဲရန်နှင့် စိုက်ပျိုးရေးသုံးပစ္စည်းများဖြစ်သော ဓာတ်မြေဩဇာ၊ပိုးသတ်ဆေး၊မှိုသတ်ဆေးများကို သုံးစွဲရာတွင် စံချိန်၊စံညွှန်းနှင့်ကိုက်ညီပြီး စနစ်တကျသုံးစွဲတတ်ရန် မိမိတို့ဌာနဝန်ထမ်းများအနေဖြင့် စိုက်ပျိုးရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ တရားဝင်တင်သွင်းခွင့်ပြုထားသော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများနှင့်ပတ်သက်၍ အသိပညာဗဟုသုတများရှိရန် လိုအပ်သလို တရားမဝင်လမ်းကြောင်းမှ တင်သွင်းနေသည်များကိုလည်း သိရှိထားရန်လိုအပ်ကြောင်း၊ ဒါကြောင့် သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်ခြင်းဖြင့်လုပ်ငန်းများ အောင်မြင်စေရန်ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းဆရာများက ဘေးအန္တရာယ်ကင်းသောစိုက်ပျိုးရေးထုတ်ကုန်များထုတ်လုပ်ပေးရမည့် ဘက်စုံသီးနှံကာကွယ်ရေး၊ ပိုးသတ်ဆေးဥပဒေ၊ ပိုးသတ်ဆေးသုံးစွဲခြင်းနှင့် ဓာတ်ကြွင်းပြဿနာများ၊ မြေဩဇာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ မြေဩဇာဓါတ်ခွဲစမ်းသပ်ရန် နမူနာယူခြင်း၊ မြေဩဇာသုံးစွဲခြင်းနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ မြန်မာ GAP Protocol (ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် လယ်ယာသီးနှံများ)၊သိုလှောင်သီးနှံများနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချခဲ့ပြီး မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသတင်းရရှိပါတယ်။

**သန်းသန်းတင်-မုံရွာ**



# တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်မှုကို အဓိကဖော်ဆောင်ပေးလျက်ရှိသော

# မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်

[ နေသူအောင်(မူဆယ်) ]

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဟာ လားရှိုးမြို့မှ (၁၀၅) မိုင်ခန့် ကြူကုတ် (ပန်ဆိုင်း) မြို့မှ ၁၂ မိုင်ခန့်နှင့် မူဆယ်မြို့မှ ခုနစ်မိုင်ခန့်အကွာ မိုင်းယုကျေးရွာတွင်တည်ရှိပြီး နယ်စပ်ကုန်သွယ်မှုအားလုံးရဲ့ ၇၀ ရာခိုင်နှုန်းကျော် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိတဲ့ စခန်းဖြစ်သလို ကုန်သွယ်မှုပမာဏဟာလည်း နှစ်စဉ်မြင့်မားတိုးတက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကုန်သွယ်ရေးဇုန်အပေါ် မှီတင်းနေထိုင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိတဲ့ သူဌေးသူကြွယ်တွေ ပါဝင်သလို ကိုယ်စားလှယ် Agent များ၊ အရောင်းအဝယ် ပြုလုပ်သူများ၊ ကုန်တင်/ကုန်ချ အလုပ်သမားများ၊ ယာဉ်မောင်းများ စသည်ဖြင့် အလွှာအသီးသီးမှ ပြည်သူတွေဟာ ကုန်သွယ်မှုပမာဏတွေ မြင့်မားတိုးတက်လျက်ရှိတာကို ဝမ်းသာပီတိ ဖြစ်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ တစ်နှစ်ထက်တစ်နှစ် ကုန်သွယ်မှုပမာဏတွေ တိုးတက်လာသလို အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ပိုမိုများပြားလာတဲ့ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် လိုလားတောင့်တကြလိမ့်မယ်လို့လည်း ယုံကြည်မိပါတယ်။

ကုန်သွယ်မှု ပမာဏများ မြင့်မားတိုးတက်လာတာနဲ့အမျှ တရားဝင်လမ်းကြောင်းမှန်ပေါ်မှ လုပ်ငန်းဆောင်ရွက်သူများဟာ ရေရှည်အကျိုးမျှော်တွေးပြီး တရားနည်းလမ်းတကျ နိုင်ငံတော်ကို အခွန်အခတွေ ပေးသွင်းရမှာဖြစ်ပြီး နိုင်ငံဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး အလေးထား ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တရားမဝင်လမ်းကြောင်းမှ ဝင်ထွက်သွားလာနေမှုတွေကိုလည်း တာဝန်သိစိတ်ဖြင့် ဝိုင်းဝန်းတားဆီးဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်မှုလည်း တစ်နှစ်ထက်တစ်နှစ် ကုန်သွယ်မှုပမာဏတွေ တိုးတက်နေတဲ့ (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ရဲ့ အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်အခွန်အခတွေလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ရရှိနေမှာ ဖြစ်ပါတယ်။


မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ရဲ့ ကုန်သွယ်မှုပမာဏကို လေ့လာကြည့်မယ်ဆိုရင် ကုန်သွယ်ရေးဇုန် စတင်အကောင်အထည်မဖော်မီကာလ ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှာ ပို့ကုန်၊ သွင်းကုန် နှစ်ရပ်ပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၄၄ သန်း ကျော်သာရှိခဲ့သော်လည်း ကုန်သွယ်ရေးဇုန် အကောင်အထည်ဖော်သည့်ကာလ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်မှာတော့ ပို့ကုန်သွင်းကုန် နှစ်ရပ်ပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာသန်း(၄၇၀) ကျော်အထိ တိုးတက်လာခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှစတင်၍ ပို့ကုန်၊ သွင်းကုန် နှစ်ရပ်ပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာသန်း ၁၀၀၀ ကျော်အထိ ကုန်သွယ်မှုများ တိုးတက်လာခဲ့ပြီး ယခုအစိုးရသစ် စတင်တာဝန်ယူသည့်ကာလ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပို့ကုန်၊ သွင်းကုန် နှစ်ရပ်ပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၅၄၀၀ ကျော်ထိ တိုးတက်လာတာကိုလည်း လေ့လာသိရှိရပါတယ်။

ယခုလက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကို လေ့လာကြည့်မယ်ဆိုရင်လည်း ဘဏ္ဍာနှစ် တစ်နှစ်လုံးအတွက် ပို့ကုန်လျာထားချက် အမေရိကန်ဒေါ်လာ ၄၀၅၅ သန်း၊သွင်းကုန်လျာထားချက် အမေရိကန် ဒေါ်လာ ၁၅၁၅ ဒေါ်လာသန်း၊ ကုန်သွယ်မှု တစ်ရပ်လုံးအနေဖြင့် အမေရိကန်ဒေါ်လာသန်း ၅၅၇၀ သတ်မှတ်ထားရှိပြီး တစ်နှစ်လုံးလျာထားချက်အပေါ် ဒီဇင်ဘာလအထိ မြေပြင်အမှန် ပို့ကုန်ဆောင်ရွက်နိုင်မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၂၉၀၃ သန်းကျော်၊ သွင်းကုန်အမေရိကန် ဒေါ်လာ ၁၂၄၁ သန်းကျော်၊ ကုန်သွယ်မှု တစ်ရပ်လုံးအနေဖြင့် မြေပြင်အမှန်ဆောင်ရွက်နိုင်မှု အမေရိကန်ဒေါ်လာ ၄၁၄၄ သန်းကျော် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ရာခိုင်နှုန်းအားဖြင့် ပို့ကုန်လျာထားချက်အပေါ် မြေပြင်အမှန်ဆောင်ရွက်နိုင်မှု ၇၁ ဒသမ ၆၀ ရာခိုင်နှုန်း၊ သွင်းကုန်လျာထားချက်အပေါ် မြေပြင်အမှန်ဆောင်ရွက်နိုင်မှု ၈၁ ဒသမ၉၄ ရာခိုင်နှုန်းကျော်၊ ပို့ကုန်သွင်းကုန် နှစ်ရပ် ပေါင်းကုန်သွယ်မှု လျာထားချက်အပေါ် မြေပြင်အမှန် ဆောင်ရွက်နိုင်မှု ၇၄ ဒသမ ၄၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ပြီဖြစ်လို့ ကျန်ရှိနေသေးတဲ့ ဇန်နဝါရီလမှ မတ်လအထိ သုံးလတာကာလအတွင်း တစ်လပျမ်းမျှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၇၅ သန်းကျော်ရရှိပါက ကုန်သွယ်မှု ပမာဏလျာထားချက် ပြည့်မီကျော်လွန်မယ်လို့လည်း ယုံကြည်မိပါတယ်။


၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒီဇင်ဘာလအထိ (ကာလတူ) ကုန်သွယ်မှု ပမာဏကို လေ့လာကြည့်မယ်ဆိုရင် အောက်ပါအတိုင်း တိုးတက်လာတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်-

**တန်ဖိုး -ဒေါ်လာသန်းပေါင်း**


| ဘဏ္ဍာနှစ် | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ |
|---|---|---|---|
| ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒီဇင်ဘာလအထိ | ၂၉၀၃.၄၃၀ | ၁၂၄၁.၄၃၉ | ၄၁၄၄.၈၆၉ |
| ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒီဇင်ဘာလအထိ | ၂၇၅၇.၃၆၇ | ၁၂၃၃.၀၉၅ | ၃၉၉၀.၄၆၂ |
| ခြားနားချက် ပို(+)/လို(-) | (+)၁၄၆.၀၈၃ | (+)၈.၃၄၄ | (+)၁၅၄.၄၂၇ |




မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ တင်ပို့လျက်ရှိတဲ့ အဓိကပို့ကုန်ပစ္စည်းများမှာ သဘာဝဓာတ်ငွေ့၊ ဆန်၊ သကြား( Re Export)၊ ကျောက်စိမ်း၊ ပြောင်း၊ ဒီဇယ်(Re Export )၊ Re Export (Cruide Oil)၊ ရော်ဘာစိမ်း၊ ပဲတီစိမ်း၊ ဖရဲသီး၊ ကဇာန်း၊ ငါးမျိုးစုံ၊ ဆန်ကွဲ၊ သတ္တုနှင့် သတ္တုရိုင်းများ၊ လက်ဝတ်ရတနာ စသည့် အမယ်များဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါ အဓိက ပို့ကုန်အမယ်များရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ကာလတူ) ဒီဇင်ဘာလအထိ နှိုင်းယှဉ်ချက်များ အရ သဘာဝဓါတ်ငွေ့ အမေရိကန် ဒေါ်လာ ၆၄ သန်းကျော်၊ ဆန် ၂၀၁ သန်းကျော်၊ ကျောက်စိမ်း ၁၂ သန်းကျော်၊ ပြောင်း ၅၈ သန်းကျော်၊ဒီဇယ်(Re Export) ၁၀၉ သန်းကျော်၊ Re Export (Cruide Oil) ၆၅ သန်းကျော်၊ ရော်ဘာစိမ်း သန်း ၂၀ ကျော်၊ ပဲတီစိမ်း ၄၅ သန်းကျော်၊ ဖရဲသီး ၄ သန်းကျော်၊ ကျောက်စိမ်း ၁၂ သန်းကျော်၊ ငါးမျိုးစုံ ၁ သန်းကျော်၊ သတ္တုနှင့် သတ္တုရိုင်းများ ၇ သန်းကျော်၊ လက်ဝတ်ရတနာ ၅ သန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။




မိမိနိုင်ငံအတွင်းသို့ တစ်ဖက်နိုင်ငံမှ တင်သွင်းလျက်ရှိသော အဓိကသွင်းကုန်ပစ္စည်းများမှာ မော်တော်ယာဉ်နှင့် မော်တော်ယာဉ် အပိုပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် အပိုပစ္စည်းများ၊ ချည်ထည်ပိတ်စများ၊ ဓာတ်မြေသြဇာများ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ တွင်းထွက်(သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ လယ်ယာသုံး နောက်တွဲယာဉ်နှင့် အခြားယာဉ်များ၊ ချုပ်ပြီးအဝတ်အထည်များ၊ သတ္တုကုန်ချော ဆောက်လုပ်ရေးပစ္စည်းများဖြစ်ကြောင်း သိရှိရပါတယ်။ အဓိကသွင်းကုန်အမယ်များရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ကာလတူ) ဒီဇင်ဘာလထိ နှိုင်းယှဉ်ကြည့်ရင် ချည်ထည်ပိတ်စ အမေရိကန်ဒေါ်လာ ၉၉ သန်းကျော်၊ ဓာတုဗေဒပစ္စည်းများ အမေရိကန်ဒေါ်လာ တစ်သန်းကျော်၊ ချုပ်ပြီးအဝတ်အထည်များ အမေရိကန်ဒေါ်လာ တစ်သန်းကျော်၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ အမေရိကန်ဒေါ်လာ သုည ဒသမ ၄ သန်းကျော်၊ ဆေးဝါးပစ္စည်းများ အမေရိကန်ဒေါ်လာ သုညဒသမ ၆၂၈ သန်းကျော် တင်သွင်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။




မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေနဲ့ ကုန်သွယ်မှုများ တိုးတက်လာတာနှင့်အမျှ နေ့စဉ် ဝင်/ထွက် သွားလာလျက်ရှိသော ကုန်တင်ယာဉ်ကြီးများလည်း လွန်စွာများပြားလျက်ရှိပါတယ်။

စာမျက်နှာ - ၂၀ သို့

## ဓာတ်ဆီ/ဒီဇယ်

### ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၁၅၀၀၀၀ နီးပါးဝင်

ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၆ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၄၂၁၅၂၇၄ တန်ဖိုးရှိ ဒီဇယ် ၁၀၀၇၆၀ ဒသမ ၉၈ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၅၆၉၉၈၂၀ တန်ဖိုးရှိ ဓာတ်ဆီ ၄၇၅၆၄ ဒသမ ၈၀ တန်၊ စုစုပေါင်း ၁၄၈၃၂၅ ဒသမ ၇၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီဇင်ဘာ တတိယပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၃၅၅၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ် တန်ချိန် ၆၅၂၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၅ ရက်သီတင်းပတ်အတွင်း နယ်စပ်စခန်းဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၂၅၆၈၈ တန်ဖိုးရှိ ဒီဇယ် ၂၁၉၈ ဒသမ ၉၁ တန်ကိုတင်သွင်းခဲ့ပြီး မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၉၁ တန်ဖိုးရှိ Re-export ဒီဇယ် ၁၅၃၃ ဒသမ ၂၈၇ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ အောက်တိန်း (92)၊ (95) ၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၉၅ ကျပ်၊ အောက်တိန်း (92) ကျပ် ၇၉၀ ၊ အောက်တိန်း (95) ကျပ် ၈၄၀ ၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၂၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇန်နဝါရီလ ၈ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၆၅၀၀၀၊ ရောင်းဈေး ကျပ် ၁၇၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇန်နဝါရီ ၁၂ ရက်နေ့တွင်ဝယ်ဈေး ၊ ရောင်းဈေး ကျပ် ၂၀၀၀ ဈေးကျ၍ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဇန်နဝါရီ ၈ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၇၅၀၀၀၊ ရောင်းဈေး ကျပ် ၁၇၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာဇန်နဝါရီ ၁၂ ရက်တွင် ဝယ်ဈေးကျပ် ၁၀၀၀ ဈေးကျခဲ့သော်လည်း ရောင်းဈေး ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။

မန္တလေးဈေးကွက်မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ၉၃၅ ကျပ်၊ ဒီဇယ်တစ်လီတာ ၈၃၅ ကျပ် ၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၅ ကျပ်၊ အောက်တိန်း (92) တစ်လီတာ ၈၆၅ ကျပ်၊ ဓာတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇန်နဝါရီ ၈ ရက်တွင် ဒီဇယ်ဝယ်ဈေး ကျပ် ၁၇၈၀၀၀၊ ရောင်းဈေး ကျပ် ၁၈၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာဇန်နဝါရီ ၁၂ ရက်တွင် ဝယ်ဈေးကျပ် ၃၀၀၀၊ ရောင်းဈေး ကျပ် ၁၀၀၀ ဈေးမြင့်အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ ဇန်နဝါရီလ ၈ရက်တွင် ဝယ်ဈေး ကျပ် ၁၇၃၀၀၀၊ ရောင်းဈေးကျပ် ၁၇၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇန်နဝါရီ ၁၂ ရက်တွင် ဝယ်ဈေး ကျပ် ၁၇၅၀၀၀၊ ရောင်းဈေး ကျပ် ၁၇၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးအနည်းငယ်မြင့်ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်မှာဈေးအနည်းငယ်မြင့်ခဲ့ပြီး ကျန်စက်သုံးဆီများမှာ ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ် ၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၇၀ ၊ အောက်တိန်း(92) ကျပ် ၈၄၀ ၊ အောက်တိန်း (95) ကျပ် ၈၈၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၉၀၀ ၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၈၀၀ ၊ အောက်တိန်း(95) တစ်ဂါလံ ကျပ် ၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ**အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ်တစ်လီတာ ကျပ် ၈၆၀ ၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၈၀၊ အောက်တိန်း (92) ကျပ် ၈၇၀ ၊ အောက်တိန်း (95) ကျပ် ၁၀၁၀ နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၉၀၀ နဲ့အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## Energy NYMEX 12-1-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 63.39 | -0.41 | -0.64 |
| Brent Crude Futr (USD/bbl) | 69.08 | -0.18 | -0.26 |
| Gasoline Rbob Fut (Cent/gal) | 183.06 | -0.64 | -0.35 |
| Natural Gas Futr (USD/MMBtu) | 3.11 | 0.03 | 0.94 |
| Heating Oil Futr (Cent/gal) | 207.33 | -0.34 | -0.16 |

## ပြည်တွင်းငွေလဲနှုန်းဈေး ဆက်လက်ကျဆင်း

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ပြည်တွင်းငွေလဲနှုန်းကျဆင်းခဲ့ရာ ယခုတစ်ပတ်တွင်လည်း ဆက်လက်ကျဆင်းခဲ့ကြောင်း သတင်းရရှိသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန် တစ်ဒေါ်လာ ၁၃၅၅ ကျပ်မှ ကျပ် ၁၃၅၀ သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းဒေါ်လာဈေးကွက်အတွင်း ဝယ်လိုအား ကျဆင်းနေခြင်းကြောင့် ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းနေခြင်းဖြစ်ပြီး အရောင်းအဝယ်အေးနေကြောင်း ဈေးကွက်အတွင်းမှသိရသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇန်နဝါရီ ၈ ရက်က အမေရိကန်တစ်ဒေါ်လာကို ရောင်းဈေး ၁၃၄၆ ကျပ်၊ ဝယ်ဈေး ၁၃၄၈ ကျပ်ရှိခဲ့ရာမှ ဇန်နဝါရီ ၁၁ရက်တွင် အမေရိကန်တစ်ဒေါ်လာကို ရောင်းဈေး ၁၃၄၉ကျပ်၊ ဝယ်ဈေး ၁၃၅၁ ကျပ်ထိ ဈေးအနည်းငယ်တက်ခဲ့ပေမယ့် ဇန်နဝါရီ ၁၂ရက်တွင် အမေရိကန်တစ်ဒေါ်လာကို ရောင်းဈေး ၁၃၄၇ ကျပ်၊ ဝယ်ဈေး ကျပ် ၁၃၅၀ ဖြင့် ဈေးပြန်လည်ကျဆင်းလာခဲ့ကြောင်း၊ ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင် ပြည်တွင်းဒေါ်လာဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**



## ပြည်တွင်းရွှေဈေး ထပ်မံမြင့်တက်လာ

နှစ်သစ်ကူး ဇန်နဝါရီဒုတိယပတ်အတွင်း ပြည်တွင်းရွှေဈေးများ ထပ်မံမြင့်တက်လာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျပ် ၉၃၇၀၀၀ ကျော်အထိ မြင့်တက်ခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ယခုတစ်ပတ်အတွင်း ကျပ် ၉၄၅၀၀၀ သို့ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေး မြင့်တက်လာခြင်းကြောင့် ပြည်တွင်းရွှေဈေးများ ပြန်လည်မြင့်တက်လာခြင်းဖြစ်ကြောင်း ရွှေအရောင်းအဝယ် လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

"နှစ်ကုန်ခါနီးတုန်းကတော့ ဈေးငြိမ်နေခဲ့ပေမယ့် နှစ်ကူးပြီးကတည်းက ကမ္ဘာ့ရွှေဈေးရော မြန်မာ့ရွှေဈေးပါ ပြန်မြင့်လာပါတယ်။ တဖြည်းဖြည်း တရိပ်ရိပ်နဲ့ တက်လာတာပေါ့။ လာမယ့် ရက်သတ္တပတ်တွေမှာလည်း ပြည်တွင်းရွှေဈေးက အမြင့်ပိုင်းမှာပဲ ရှိနေဦးမယ်လို့ သုံးသပ်မိပါတယ်"ဟု နန်းရွှေရည်ရတနာရွှေဆိုင်မှ ကိုဘကြည်က ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇန်နဝါရီ ၈ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၃၈၀၀၀ဖြင့် ဈေးငြိမ်နေခဲ့ရာမှ ဇန်နဝါရီ ၁၁ရက်တွင် ကျပ် ၉၄၁၀၀၀ သို့မြင့်တက်လာခဲ့ပြီး ဇန်နဝါရီ ၁၂ ရက်တွင် ကျပ် ၉၄၅၀၀၀ သို့ ဆက်လက်မြင့်တက်လာခဲ့သည်။ ကမ္ဘာ့ရွှေဈေးကွက်တွင် ဇန်နဝါရီ ၈ ရက်က တစ်အောင်စလျှင် ၁၃၁၈ အမေရိကန်ဒေါ်လာရှိခဲ့ပြီး ဇန်နဝါရီ ၁၂ရက်တွင် အမေရိကန်ဒေါ်လာ ၁၃၂၀ ကျော်အထိ ဈေးတက်လာခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## Currency Exchange Rate

January 12, 2018
Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.27 |
| BDT Bangladesh Taka | 83.04 |
| CAD Canada Dollars | 1.25 |
| CNY China Yuan Renminbi | 6.48 |
| EUR Euro | 0.83 |
| H KDHong Kong Dollars | 7.82 |
| I NR India Rupees | 63.54 |
| I DR Indonesia Rupiahs | 13363.71 |
| JPY Japan Yen | 113.23 |
| MYR Malaysia | 3.97 |
| PKR Pakistan Rupees | 110.23 |
| PHP Philippines Pesos | 50.30 |
| RUB Russia Rubles | 56.52 |
| SGD Singapore Dollars | 1.33 |
| KRW South Korea Won | 1064.31 |
| LKR Sri Lanka Rupe | 153.83 |
| THB Thailand Baht | 31.93 |
| GBP United Kingdom Pounds | 0.74 |
| VND VietnamDon | 22707.06 |

22708.55*Source:xe.com*

## World Gold Price

January-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 8 | 1322 | 1320 | 1319 |
| 9 | 1322 | 1321 | 1320 |
| 10 | 1314 | 1312 | 1313 |
| 11 | 1321 | 1318 | 1320 |
| 12 | 1332 | 1330 | 1330 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 8-1- 2018 | 937.50 | 937.30 |
| 9-1- 2018 | 938.00 | 938.00 |
| 10-1- 2018 | 937.00 | 937.50 |
| 11-1- 2018 | 941.00 | 940.50 |
| 12-1- 2018 | 943.00 | 942.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 8 | 6.49 | 32.19 | 83.10 | 63.35 |
| 9 | 6.50 | 32.22 | 83.14 | 63.46 |
| 10 | 6.52 | 32.20 | 83.16 | 63.71 |
| 11 | 6.51 | 32.04 | 83.18 | 63.75 |
| 12 | 6.48 | 31.93 | 82.04 | 63.54 |

## MTSH အစုရှယ်ယာဈေးကျဆင်း

ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာများအနက် MTSH ၏ အစုရှယ်ယာဈေးနှုန်း ဆက်လက်ကျဆင်းခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်း MTSH ၏ အစုရှယ်ယာတစ်စုလျှင် ကျပ် ၃၀၀၀ ရှိခဲ့ရာမှ ဇန်နဝါရီ ၈ ရက်တွင် ကျပ် ၂၉၅၀ သို့ကျဆင်းခဲ့ပြီး ဇန်နဝါရီ ၁၂ ရက်တွင် ကျပ် ၂၉၀၀သို့ ဆက်လက်ကျဆင်းခဲ့ကြောင်းသိရသည်။

ကျန်အစုရှယ်ယာများအနက် FMI က ကျပ် ၁၂၀၀၀၊ FPBက ကျပ် ၂၇၀၀၀၊ MCB က ကျပ် ၇၀၀၀ဖြင့် ရောင်းဝယ်ခဲ့ကြောင်း ဇန်နဝါရီ ၁၂ရက် တွင် ရန်ကုန်စတော့အိတ်ချိန်းက သတင်းထုတ်ပြန်ခဲ့သည်။ **သန်းထိုက်အောင်**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 8-January | 17.08 | 3371.02 | 2188.13 | 7062.28 | 966.00 |
| 9-January | 17.09 | 3417.30 | 2164.55 | 7079.25 | 963.00 |
| 10-January | 16.89 | 3371.02 | 2143.61 | 7063.38 | 957.00 |
| 11-January | 16.97 | 3385.56 | 2181.74 | 7114.07 | 971.00 |
| 12-January | 17.10 | 3416.64 | 2171.60 | 7093.35 | 988.00 |

## ဘိလပ်မြေ



### ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၁၂၀၀၀ ကျော် ဝင်

ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၁၈ ဇန်နဝါရီ ၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၆၉၅၃၇ တန်ဖိုးရှိ ဘိလပ်မြေ ၁၂၁၀၃ ဒသမ ၃၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ ၂၁၅၀ တန်၊ ထိုင်းနိုင်ငံမှ ၁၅၅၀ တန်၊ မလေးရှားနိုင်ငံမှ ၈၀၆၇ ဒသမ ၂၀ တန် နဲ့ တရုတ်နိုင်ငံမှ ၃၃၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၄၈၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၆၂၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

ဒီဇင်ဘာ ၃၀ ရက်မှဇန်နဝါရီ ၅ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၄၂၅၀ ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၀၃၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၁၃၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ် ရေကြောင်းလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းသွက်

**မော်လမြိုင်ဘိလပ်မြေဈေးကွက်** မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၀၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြိုင်ကလေး)ကျပ် ၄၈၀၀၊စိန်(ထိုင်း) ၅၂၂၅ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေး ဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၈၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၅၀၀၊ ခရောင်း ကျပ် ၅၀၀၀၊ အပါချီ ကျပ် ၄၉၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာအရောင်းအဝယ်ပုံမှန်ရှိတယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပြပါတယ်။ အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးကတော့ မပြောင်းဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ ကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀၊ အပါချီ ကျပ် ၄၇၀၀၊ စိန်(ထိုင်း) ကျပ် ၆၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ရာသီဥတုသာယာတာကြောင့် အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါး ကျပ် ၄၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

### ဒီတစ်ပတ် မြေသြဇာတင်သွင်းမှုပို

ဒီဇင်ဘာလ ၃၁ ရက်မှ ၂၀၁၈ ဇန်နဝါရီ ၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၇၂၁၅၂၃ တန်ဖိုးရှိ မြေသြဇာ ၁၃၇၅၄ ဒသမ ၆၁ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မြေသြဇာတင်သွင်းမှုမှာ ဆော်ဒီအာရေဗျနိုင်ငံမှ တန်ချိန် ၂၀၀၊ ကနေဒါနိုင်ငံမှ တန်ချိန် ၁၀၀၀၊ ကိုရီးယားနိုင်ငံမှ ၄၄၇ ဒသမ ၅၉ တန်၊ ထိုင်းနိုင်ငံမှ ၈၁၈ ဒသမ ၃၇ တန်၊ တူရကီနိုင်ငံမှ ၃ တန်၊ မလေးရှားနိုင်ငံမှ ၇၀၈၃ ဒသမ ၃၈ တန်၊ နယ်သာလန်နိုင်ငံမှ ၄၀ ဒသမ ၇၂ တန်၊ ဂျပန်နိုင်ငံမှ ၇၆ ဒသမ ၅၀ တန်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၁၀၊ အင်ဒိုနီးရှားနိုင်ငံမှ တန်ချိန် ၁၀၀၀၊ ရုရှားနိုင်ငံမှ ၁၀၉၀ ဒသမ ၀၅ တန်နဲ့ အီရန် နိုင်ငံမှ ၁၇၈၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများကတော့ ကွန်ပေါင်း၊ ပိုတက်၊ အာမို၊ အမိုးနီးယမ်းဆာလဖိတ်၊ အော်ဂဲနစ်၊ ဖလော်ရာနဲ့ ယူရီးယားတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန်၄၉၉၉ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၇၅၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၀၇၃၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၄၆၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၈၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်ပိုပြီး နယ်စပ်လမ်းမှ မြေသြဇာ အဝင်လျော့ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ တောင်ကြီး၊ မန္တလေးနဲ့ မကွေးမှာ အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဆောင်းသီးနှံအတွက် အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုလဲ-အသေး(ရွှေတုံး-တရုတ်)နဲ့ တီစူပါ ၁၆% (မြွားကမ္ဘာ-တရုတ်)က ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား-တရုတ်) ကျပ် ၂၄၅၀၀၊ ပုလဲ-အသေး၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း(အစိမ်း) ၁၅း၁၅း၁၅(ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၃၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြွားကမ္ဘာ-တရုတ်) ကျပ် ၂၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ဆောင်းသီးနှံအတွက် အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေး ငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွား ကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၅၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၈၅၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၅၈၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၅၅၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ မြွားကမ္ဘာ(၁၅း၇း၈) ကျပ် ၁၈၅၀၀၊ တီစူပါ ကျပ် ၂၂၈၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၅၇၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၇၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၄၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၅၀၀၊ မြွားကမ္ဘာ ကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိသလိုဈေးကတော့ ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၉၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ ၄၆% တရုတ် ကျပ် ကျပ် ၂၁၈၀၀၊ မြွားသီးစုံ ကျပ် ၁၄၄၀၀၊ ပန်းသီးစုံ ကျပ် ၁၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နှံ့ဆီ/နှံ့မှုန့်

### နှံ့ဆီတန်ချိန် ၅၂၀ ကျော်နဲ့ နှံ့မှုန့်တန်ချိန် ၅၇၀ နီးပါးဝင်

ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၂၂၅၆၀ တန်ဖိုးရှိ နှံ့ဆီ ၅၂၅ ဒသမ ၃၁၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မာရီဂိုးနှံ့ဆီ ၈၇ ဒသမ ၅၅၂ တန်၊ အိုကေနှံ့ဆီ ၂၁၈ ဒသမ ၈၈ တန်နဲ့ ဒွန်းနှံ့ဆီ ၂၁၈ ဒသမ ၈၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နှံ့ဆီတင်သွင်းမှုမရှိဘဲ ဒီတစ်ပတ်မှ ပြန်လည်တင်သွင်းခြင်းဖြစ်ပါတယ်။

နှံ့မှုန့်ကတော့ ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၃၀၈ ဒသမ ၈၇၃ တန်၊ မလေးရှားနိုင်ငံမှ ၁၁၆ ဒသမ ၃၅၂ တန်၊ စင်ကာပူနိုင်ငံမှ ၁၉ ဒသမ ၇၂၅ တန်နဲ့ သြစတြေးလျနိုင်ငံမှ ၁၂၅ တန်၊ စုစုပေါင်း ၅၆၉ ဒသမ ၉၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့မှုန့်တန်ချိန် ၁၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၂၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၁၂ မှ ၅/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၁၂ မှ ၂၉/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | - | - | - |
| ၂။ | လွယ်ဂျယ် | ၅၁၀·၀၀ | ၂၁၀·၀၀ | (+) ၃၀၀·၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၂၂၄၀·၀၀ | ၂၁၇၀·၀၀ | (+) ၆၂·၀၀ |
| ၅။ | တာချီလိတ် | ၁၅၀၀·၀၀ | ၇၀၀၀·၀၀ | (-) ၅၅၀၀·၀၀ |
| ၆။ | မြဝတီ | - | - | - |
| ၇။ | ကော့သောင်း | - | - | - |
| ၈။ | မြိတ် | - | ၁၀၀၀·၀၀ | (-) ၁၀၀၀·၀၀ |
| | စုစုပေါင်း | ၄၂၅၀·၀၀ | ၁၀၃၈၀·၀၀ | (-) ၆၁၃၀·၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၁၂ မှ ၅/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၁၂ မှ ၂၉/၁၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၆၇၁၀·၅၀ | ၁၁၆၅၃·၃၉ | (-) ၄၉၃၄·၈၉ |
| ၂။ | လွယ်ဂျယ် | ၅၆·၀၀ | ၁၅၀·၀၀ | (-) ၉၄·၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၀၃·၀၀ | ၅၉၉·၇၅ | (-) ၄၉၆·၇၅ |
| ၄။ | ကန်ပိုက်တီး | ၁၆၀·၀၀ | ၁၆၀·၀၀ | - |
| ၅။ | မြဝတီ | ၆၉၆·၂၆ | ၃၈၆·၈၈ | (+) ၃၀၉·၃၈ |
| ၆။ | ကော့သောင်း | - | - | - |
| ၇။ | မြိတ် | - | ၁၀၀·၀၀ | (-) ၁၀၀·၀၀ |
| ၈။ | ရိုဒ် | ၃၀၀၀·၀၀ | ၁၅၅၀·၀၀ | (+) ၁၄၅၀·၀၀ |
| | စုစုပေါင်း | ၁၀၇၃၃·၇၆ | ၁၄၆၀၀·၀၂ | (-) ၃၈၆၆·၂၆ |

ခင်မိုးသူ

## နှမ်း

# ကုန်သွယ်ရေးစခန်းစုံမှ နှမ်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆၉ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၁၂၆၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ နှမ်းနက် ၈၅တန်ခွဲ၊ နှမ်းဖြူ(အခွံချွတ်) တန် ၄၀ နှင့် လွယ်ဂျယ်မှ နှမ်းညို နှစ်တန်နီးပါးကိုလည်းကောင်း၊ ချင်းရွှေဟော်မှ နှမ်းနက် ၈၄၅ တန်ကျော် နှမ်းဖြူ ၅၂ တန်ကျော်နဲ့ နှမ်းညို ၂၄၄ တန်ခွဲကို လည်းကောင်း အသီးသီးတင်ပို့ခဲ့ကြပါတယ်။ ယခင်တစ်ပတ်က မူဆယ်နဲ့ ချင်းရွှေဟော်မှ နှမ်းတန်ချိန် ၂၀၇၈ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ နှမ်းတန်ချိန် ၈၀၉ တန်လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း နှမ်းဖြူ တစ်တန်လျှင် ၁၈၁၂၂၄၅ ကျပ်နဲ့ နှမ်းနက်တစ်တန်လျှင် ၁၉၁၄၂၈၆ ကျပ်ဈေးရှိတယ်လို့သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၃၆၈၅၅ တန်ဖိုးရှိ နှမ်းနက် ၂၈ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## အောင်လံဝယ်လက်များကြောင့် နှမ်းနက်ဈေးအနည်းငယ် ပြန်မြင့်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ် နှမ်းနီဈေးအနည်းငယ်ပြန်ကျပြီး နှမ်းနက် ဈေးပြန်မြင့်လာခဲ့ပေမယ့် စမုံနက်နှမ်းဈေးငြိမ်နေတာ တွေ့ရပါတယ်။ နှမ်းအဝင်မရှိပေမယ့် လှောင်ထားသောနှမ်းများနဲ့သာ အရောင်းအဝယ်ဖြစ်လျက်ရှိသဖြင့် တစ်နေ့လျှင်အိတ် ၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ အောင်လံဘက်မှ နှမ်းနက်များကို ဝယ်လိုအားရှိသဖြင့် ယခုတစ်ပတ်တွင် နှမ်းနက်ဈေးအနည်းငယ် ပြန်မြင့်လာတာတွေ့ရပါတယ်။ ဆီစက်များက ဆီဈေးကောင်းနေချိန်ဖြစ်လို့ မိမိတို့လှောင်ထားတဲ့ မိုးနှမ်းနီကို ဆီကြိတ်နေသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်သိပ်မဖြစ်လို့ ယခင်တစ်ပတ်ထက်စာရင် ဈေးအနည်းငယ်ပြန်ကျလာတာတွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီသုံးတင်း တစ်အိတ်လျှင်ကျပ် ၁၀၀၀၀၀၊ နှမ်းနက်သုံးတင်းတစ်အိတ်လျှင်ကျပ် ၉၅၀၀၀ နှင့် စမုံနက်နှမ်းသုံးတင်း တစ်အိတ်လျှင်ကျပ် ၁၁၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေတာတွေ့ရပါတယ်။ နှမ်းဆီဈေးမှာ ယခင်တစ်ပတ်ကအတိုင်း ကျပ် ၅၀၀၀ မှ ၅၁၀၀ ဖြင့် ဈေးအမြင့်မှာငြိမ်နေတာတွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# ရင်းဂစ်တန်ဖိုးမြင့်တက်မှုကြောင့် စားအုန်းဆီဈေးနှုန်းကျဆင်း

ရင်းဂစ်တန်ဖိုးပိုမိုမြင့်တက်မှုနှင့် အမေရိကန်ပြည်ထောင်စုချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် ပဲပုပ်ဈေးမှာ နေ့အလိုက်နှိုင်းယှဉ်ပါက ကျဆင်းလာသည့်အတွက် ဇန်နဝါရီ ၁၁ရက်တွင် မလေးရှားစားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးမှာ တစ်ရာခိုင်နှုန်းကျဆင်းခဲ့သည်။



စားအုန်းဆီကိုရောင်းဝယ်ရာတွင် အသုံးပြုသောငွေကြေးဖြစ်သည့် ရင်းဂစ်တန်ဖိုးမြင့်တက်ပါက ထုံးစံအားဖြင့် နိုင်ငံခြားစားအုန်းဆီဝယ်လက်များအတွက် ဈေးနှုန်းမြင့်တက်သဖြင့် ဝယ်လိုအားကျဆင်းတတ်သည်။ ဇန်နဝါရီ ၁၁ ရက် မွန်းတည့်ချိန်တွင် ရင်းဂစ်ငွေကြေးတန်ဖိုးသည် သုည ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် မတ်လအတွက် ကြိုတင်ရောင်းချသောစားအုန်းဆီ စံထားဈေးနှုန်းမှာနေ့လယ်ဈေးကွဲချိန်တွင် ၁ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၅၉၄ရင်းဂစ်(အမေရိကန်ဒေါ်လာ၆၅၀ ဒသမ ၄၅ ဒေါ်လာ) နှုန်းရှိခဲ့သည်။

ဇန်နဝါရီ ၁၁ ရက် နေ့လယ်ဈေးကွဲချိန်အထိ ရောင်းချရသောစားအုန်းဆီပမာဏမှာ ၂၅ တန်ရှိအတွဲ ၁၅၀၆၇တွဲနှုန်းရှိခဲ့သည်။ ပဲပုပ်၏နေ့အလိုက်ဈေးနှုန်းကျဆင်းမှုနှင့် လောလောဆယ်တွင်ရင်းဂစ်တန်ဖိုး ခိုင်မာမှုကြောင့် စားအုန်းဆီဈေးနှုန်းကျဆင်းရကြောင်း ကွာလာလမ်ပူမှကုန်သည်တစ်ဦးက ပြောသည်။ စားအုန်းဆီသိုလှောင်လက်ကျန်မြင့်တက်မှုလည်း ဈေးကွက်အပေါ်တွင် အကျိုးသက်ရောက်မှုရှိပြီး ဈေးနှုန်းကွာဟချက်မြင့်တက်မသွားအောင်ထိန်းထားကြောင်း အခြားကုန်သည်တစ်ဦးက ပြောသည်။

ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Societe Generale' Surveillance က ကောက်ယူထားသော စစ်တမ်းများအရ ဇန်နဝါရီ ၁ ရက်မှ ၁၀ ရက်အတွင်း စားအုန်းဆီတင်ပို့မှုမှာ ယခင်လကာလတူနှင့်နှိုင်းယှဉ်ပါက ၁၂ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ပြီး အခြားအဖွဲ့ဖြစ်သော Intertek Testing Services ၏စာရင်းများအရ အဆိုပါကာလအတွင်း တင်ပို့မှုမှာ ၁ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း တွေ့ရသည်။

ဒီဇင်ဘာလကုန်ထိစာရင်းအရ စားအုန်းဆီသိုလှောင်လက်ကျန်မှာလအလိုက်နှိုင်းယှဉ်ပါက ခုနစ်ရာခိုင်နှုန်းမြင့်တက်ပြီး နှစ်နှစ်အတွင်းအမြင့်ဆုံးရှိခဲ့သော ပမာဏထက်ကျော်လွန်ကာတန်ချိန် ၂ ဒသမ ၇သန်းရှိခဲ့ကြောင်း မလေးရှားစားအုန်းဆီဘုတ်အဖွဲ့က ဇန်နဝါရီ ၁၀ ရက်က ထုတ်ပြန်သည်။

အခြားစားသုံးဆီဖြစ်သော ပဲပုပ်ဆီ၏ဈေးနှုန်းကိုကြည့်ပါက ချီကာဂိုကူးသန်းရောင်းဝယ်ရေးဘုတ်အဖွဲ့တွင် မတ်လအတွက် ကြိုတင်ချုပ်ဆိုသောစာချုပ်ဈေးမှာ ယမန်နေ့က သုည ဒသမ ၇ ရာခိုင်နှုန်းကျဆင်းပြီး ဇန်နဝါရီ ၁၁ ရက်တွင် သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် မေအတွက်ချုပ်ဆိုသောပဲပုပ်ဆီဈေးမှာ သုည ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ကမ္ဘာ့ဟင်းရွက်ဆီဈေးကွက်တွင် ဈေးကွက်ဝေစုယှဉ်ပြိုင်နေရသည့်အတွက် စားအုန်းဆီဈေးအတက်အကျမှာ အခြားစားသုံးဆီဈေးများအပေါ်တွင် မူတည်နေတတ်သည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၂-၁-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၃၀၀ | ၅၃၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၂၀၀၀ | △ |
| ရန်ကုန် | ၅၅၀၀ | ၆၀၀၀ | △ | ၅၀၀၀ | ၅၅၀၀ | △ | ၁၈၅၀ | ၁၉၀၀ | △ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | ၅၂၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၉၀၀ | ၂၀၀၀ | △ |
| မုံရွာ | ၄၃၀၀ | ၄၃၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၂-၁-၂၀၁၈ US$/Ton

| အမျိုးအစား | ဇန်နဝါရီပထမပတ် | ဇန်နဝါရီဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၁၂.၀၀ | ၆၁၂.၀၀ | □ |
| RBD P.Olein | ၆၂၃.၅၀ | ၆၂၃.၅၀ | □ |
| RBD P.Stearin | ၆၁၆.၀၀ | ၆၁၆.၀၀ | □ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၂-၁-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၃၃.၀၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၈၃ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၆၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၃၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၃.၉၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၉.၇၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၂ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၇၈.၉၅ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၂-၁-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၉၅ ဒေါ်လာနှင့် USD ဈေး ၁၃၅၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၂-၁-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၅၀ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# မြန်မာ – တရုတ် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးမှသည် အနာဂတ် စီးပွားရေးစီမံကိန်းသစ်များပေါ်ထွန်းလာရေးဆီသို့




[ ညို (စီးပွားရေးတက္ကသိုလ်) ]

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုသာမက နယ်စပ်ကုန်သွယ်မှုကိုပါ အထူးအလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင် နိုင်ငံအတွင်း သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို အခြေခံ၍ နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ ရေးထိုးချုပ်ဆို ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ သံတမန်ဆက်ဆံရေးမှာ နှစ်ပေါင်း (၆၀)ကျော် ရှည်ကြာခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံလက်တွဲ ဆောင်ရွက်နေသည့် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများလည်း များစွာရှိပါတယ်။

နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် ကုန်သွယ်ရေးစခန်းများဖွင့်လှစ်၍ နိုင်ငံတော်ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိတာကြောင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နယ်စပ်ဒေသများတွင် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အား ၂၀၀၅ ခုနှစ်တွင်လည်းကောင်း၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအား ၁၉၉၈ ခုနှစ်တွင်လည်းကောင်း၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းအား ၂၀၀၃ ခုနှစ်တွင်လည်းကောင်း၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းအား ၂၀၀၃ ခုနှစ်တွင်လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကုန်သွယ်ရေးဇုန်တစ်ခုနဲ့ ကုန်သွယ်ရေးစခန်း သုံးခုတို့ဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အရသော်လည်းကောင်း၊ ဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်သော်လည်းကောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သည့် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲအား ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်အလှည့်ကျကျင်းပလျက်ရှိပါတယ်။ နှစ်နိုင်ငံ ကုန်သွယ်မှုပြုရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများအား ဖြေရှင်းနိုင်ရေးအတွက် နှစ်နိုင်ငံ နယ်စပ် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးကော်မတီ (Joint Border Trade Cooperation & Coordination Committee) ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်စည်ပြပွဲနှင့် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးကော်မတီ (JBTCCC) အစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ ကုန်စည်ပြပွဲ ကျင်းပစဉ်ကာလအတွင်း နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ (JBTCCC)အစည်းအဝေးအား ကျင်းပပြုလုပ်လျက်ရှိရာ ယခုဆိုလျှင် (၁၆) ကြိမ်မြောက် ကုန်စည်ပြပွဲနှင့် (၁၂)ကြိမ်မြောက်(JBTCCC) အစည်းအဝေးအား တရုတ်နိုင်ငံ၊ ရွှေလီမြို့၊ ကျောက်မျက်ပြခန်းနေရာတွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ နှစ်နိုင်ငံနယ်စပ်ဒေသနေပြည်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် အကျိုးဖြစ်ထွန်းမှုတို့ကိုအခြေခံ၍ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှုနည်းလမ်းကို ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား မြန်မာ-တရုတ် ကော်ပိုရေးရှင်းအဆင့် နယ်စပ်ကုန်သွယ်ရေးသဘောတူစာချုပ်ကို ၁၉၉၄ ခုနှစ် ဩဂုတ် ၅ ရက်တွင်ချုပ်ဆို၍ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လာခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကျော်ပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နယ်နိမိတ်ချင်း ထိစပ်နေသည့် ဧရိယာမှာ ၂၁၂၉ ကီလိုမီတာ/ ၁၃၂၃ မိုင်ရှိပြီး နှစ်နိုင်ငံအကြား လွယ်ကူစွာ ဝင်/ထွက်သွားလာနိုင်တဲ့ နေရာများစွာ ရှိတာကြောင့် တရားမဝင် ကုန်သွယ်မှုများ၊ ပြဿနာ အခက်အခဲများ များစွာ ဖြစ်ပေါ်လျက်ရှိပါတယ်။ နှစ်နိုင်ငံအကြား နှစ်စဉ်ကျင်းပပြုလုပ်သည့် နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ (JBTCCC) အစည်းအဝေး၌ နှစ်နိုင်ငံကုန်သွယ်မှုပြုရာမှာ ကြုံတွေ့နေရသည့် အခက်အခဲများ၊ အဆင်မပြေမှု များ၊ ပြဿနာများအား ဝိုင်းဝန်းဆွေးနွေးညှိနှိုင်း ဖြေရှင်းပေးလျက်ရှိပါတယ်။

နယ်စပ်ကုန်သွယ်မှုနည်းလမ်းဖြင့် ဆောင်ရွက်နေသည့် အိမ်နီးချင်းနိုင်ငံများအနက် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုသည် ကုန်သွယ်မှုပမာဏအများဆုံးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကထားဆောင်ရွက်သည့်နိုင်ငံဖြစ်ပြီး အဓိကစိုက်ပျိုးထုတ်လုပ်သည့် ဆန်၊ ပဲ၊ ပြောင်း၊နှမ်း၊ ရော်ဘာ၊ သစ်သီးဝလံများနှင့် ရေထွက်ကုန်ပစ္စည်းများအား တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိပါတယ်။ ပို့ကုန်ပစ္စည်းများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတင်ပို့နိုင်ရေး၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ ရေရှည်ခိုင်မာသည့်ဈေးကွက် ဖြစ်ထွန်းစေရေး၊ မျှတမှန်ကန်မှုရှိသည့် ဈေးကွက်ဖြစ်ပေါ်လာစေရေးအတွက်သာမက ထုတ်ကုန်ပစ္စည်းများ အရည်အသွေး တိုးတက်မြင့်မားရေး၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်နေသည့် အားလျော်စွာ နှစ်ဖက်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်/အသင်းအဖွဲ့များ၊ ဒေသခံပြည်သူလူထုများမှ တင်ပြလာသည့် အခက်အခဲများကိုလည်း နှစ်ဖက်နိုင်ငံ ပြည်သူများကိုယ်စားဌာနဆိုင်ရာတာဝန်ရှိသူများမှ ဆွေးနွေးညှိနှိုင်းဖြေရှင်းပေးလျက်ရှိပါတယ်။ မြန်မာ-တရုတ်နှစ်ကုန်သွယ်မှုကဏ္ဍ မြင့်မားတိုးတက်စေရေးအတွက် ပြည်သူလူထု အကျိုးစီးပွားကို ရှေးရှု၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ နားလည်မှုတို့ဖြင့် အပြန်အလှန် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

နယ်စပ်ဒေသ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးသာမက နယ်စပ်ဒေသနေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း ရေတို၊ ရေရှည် စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နှစ်ဖက်နိုင်ငံတာဝန်ရှိသူများမှ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နှစ်နိုင်ငံ နယ်စပ်ဒေသ ကုန်စည်ကူးသန်းရောင်းဝယ်မှုသာမက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် နယ်စပ်ဖြတ်ကျော်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တည်ထောင်ရေးအတွက်ပါ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား တရုတ်နိုင်ငံ၊ ပေကျင်းမြို့တွင် ၂၀၁၇ခုနှစ် မေလ ၅ ရက်၌ နှစ်ဖက်နိုင်ငံ ခေါင်းဆောင်များက လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်မှတစ်ဆင့် အခြားနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည့် စီးပွားရေးရပ်ဝန်းကြီး ဖြစ်ပေါ်လာရေးအတွက် ရည်ရွယ်၍ ဆောင်ရွက်ခြင်းလည်း ဖြစ်ပါတယ်။

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နှစ်စဉ်ကျင်းပပြုလုပ်သည့် နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ (JBTCCC) အစည်းအဝေးများတွင် နှစ်ဖက်နိုင်ငံတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ ပြဿနာများအား အသေးစိတ်ဝိုင်းဝန်းပူးပေါင်းဆွေးနွေးညှိနှိုင်းရာတွင် နှစ်စဉ်ဆွေးနွေးမှုရလဒ်ကောင်းများ ပေါ်ထွက်လာလျက်ရှိပြီး တင်ပို့/တင်သွင်းသည့် ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီစေရေး၊ စားသုံးသူများ နစ်နာမှု မရှိစေရေးအတွက် မူဆယ်ဒေသတွင် အရည်အသွေးစစ်ဆေးသည့် Inspection နှင့် Quarantine စစ်ဆေးခန်းများ၊ ဓာတ်ခွဲစမ်းသပ်ခန်းများ တည်ထောင်နိုင်ရေးအတွက်လည်း ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ဘဏ်လုပ်ငန်းဆိုင်ရာများ၊ လူဝင်/ထွက် ကိစ္စများ၊ ယာဉ်ဝင်/ထွက်ကိစ္စများကိုလည်း အဓိကထား ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကုန်သွယ်မှုပမာဏ တိုးမြင့်စေရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ပြင်ဆင်ပြောင်းလဲမှုများ၊ ဖြေလျှော့ပေးမှုများကို ဆောင်ရွက်ခဲ့တဲ့အတွက် ကုန်သွယ်မှုပမာဏအနေဖြင့် နှစ်စဉ်တိုးတက်လျက်ရှိပါတယ်။

နှစ်နိုင်ငံအကြား သဘောတူညီမှုများ၊ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များအား စဉ်ဆက်မပြတ် ပူးပေါင်းဆွေးနွေး ညှိနှိုင်း၍ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန်လည်း လိုအပ်မှာ ဖြစ်ပါတယ်။ သို့မှသာ နယ်စပ်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်လျှောက်လှမ်းနိုင်မည်ဖြစ်၍ ဌာနစုံ၊ ကဏ္ဍစုံမှ ဟန်ချက်ညီညီ လက်တွဲပူးပေါင်းပြီး မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တိုက်တွန်းရေးသားလိုက်ရပါတယ်။

■

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါ သည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားစီမံကိန်းအတွက် ပံ့ပိုးပေးမည်

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် မြင့်တက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေး ၅နှစ်စီမံကိန်းကိုလည်းချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။ မဟာဓာတ်အားလိုင်းမရရှိသည့်ကျေးလက်ဒေသများတွင် လျှပ်စစ်မီးအတွက် ဆိုလာနှင့် လေစွမ်းအင်များကို အသုံးပြုမည်ဖြစ်ပြီး မဟာဓာတ်အားလိုင်းနှင့် မချိတ်ဆက်ဘဲ သီးခြားအကောင်အထည်ဖော်မည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများအတွက် ၂၀၁၆-၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၀ ဘီလီယံကို သုံးစွဲမည်ဖြစ်သည်။ အဆိုပါလျှပ်စစ်စီမံကိန်းများတွင် ကျေးရွာပေါင်း ၈၄၀၀ သည် ဆိုလာလျှပ်စစ်စီမံကိန်းများနှင့် မဟာဓာတ်အားလိုင်းနှင့် ၁၆ ကီလိုမီတာသာ ကွာဝေးသည့်ကျေးရွာ ၃၅၀ သည် အသေးစားမဟာဓာတ်အားလိုင်းစီမံကိန်းများတွင် ပါဝင်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားရရှိရေးရည်မှန်းချက် ၂၀၃၀ ကို ပြည့်မီသည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နေရှင်းသတင်းစာတွင် ရေးသားဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်၏ အချက်အလက်များအရ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် လျှပ်စစ်မီးမရရှိသေးကြောင်း၊ ယင်းပြဿနာကိုဖြေရှင်းရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အစိုးရနှင့်အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အကြီးစားမဟာဓာတ်အားလိုင်းစီမံကိန်းများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ဆောင်ရွက်၍ အသေးစား မဟာဓာတ်အားလိုင်းစီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားစီမံကိန်းများအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကို ကမ္ဘာ့ဘဏ်ကပံ့ပိုးပေးမည်ဖြစ်ရာအမေရိကန်ဒေါ်လာသန်း ၃၁၀ ကို အကြီးစားမဟာဓာတ်အားလိုင်းစီမံကိန်းအတွက် သုံးစွဲ၍ ကျန်ငွေ အမေရိကန်ဒေါ်လာ သန်း ၉၀ ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အသေးစားမဟာဓာတ်အားလိုင်းစီမံကိန်းအတွက် သုံးစွဲမည်ဖြစ်ကြောင်း၊ နောက်ထပ်လိုအပ်သော ငွေကြေးရန်ပုံငွေနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့များကို အခြားသော ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်သော အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီများမှ ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## စံချိန်စံညွှန်းတင်းကျပ်သော်လည်း ပေါက်ဈေးမြင့်သည့် အီးယူဈေးကွက်

စားသုံးသူဦးရေ သန်း ၅၀၀ ခန့်ရှိ ဥရောပဈေးကွက်သို့ ကုန်စည်တင်ပို့လျှင် ဈေးကွက်၊ ကုန်စည်အရည်အသွေး နှင့် စံချိန်စံညွှန်းဆိုင်ရာ လိုအပ်ချက်များ မြင့်မားသော်လည်း အခြားဒေသဆိုင်ရာ ဈေးကွက်များနှင့်နှိုင်းယှဉ်ပါက မြင့်မားသောဈေးကွက်ပေါက်ဈေး ရရှိသောကြောင့် ကမ္ဘာတစ်ဝန်းမှ ကုန်စည် ထုတ်လုပ်တင်သွင်းသူများသည် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဂျပန် စသည့်ဈေးကွက်များနည်းတူ အီးယူဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့လျက်ရှိကြောင်း၊ အာဆီယံနိုင်ငံများအနက် လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အခြေခံစားသောက်ကုန်စည်နှင့် လူသုံးကုန်စည်များသည် အီးယူဈေးကွက်အတွင်း ထိုးဖောက်တင်ပို့ လျက်ရှိကြောင်း သိရှိရသည်။

အီးယူဈေးကွက်သို့ တင်သွင်းမည့် ကုန်စည်များအတွက် လိုအပ်သည့် အရည်အသွေး၊ သွင်းကုန်ဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ အကောက်ခွန်ကိစ္စရပ်များ၊ အခွန်နှုန်းထားများ၊ နည်းပညာနှင့် အခြားလိုအပ်ချက်များကို ကုန်စည်အမျိုးအမည်/အုပ်စုအလိုက် ကုန်စည်စည်းဝါးညီစနစ် ၂၀၁၇ (HS Code) အပေါ်အခြေခံကာ သတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရသည်။

ထိုစံနှုန်းသတ်မှတ်ချက်များသည် အဖွဲ့ဝင်နိုင်ငံများအကြား တစ်သမတ်တည်း တူညီကာ သွင်းကုန်လုပ်ငန်းလျှောက်ထားမှု၊ အီးယူအကောက်ခွန် အဖွဲ့အစည်း အသိအမှတ်ပြု ကုန်တင်ပို့သူမှတ်ပုံတင်မှု၊ အကောက်ခွန် စာရွက်စာတမ်းများ ဆောင်ရွက်မှု၊ ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်မှုအပါ အဝင်ဈေးကွက်၊ ထုတ်ကုန်နှင့် ဝယ်သူဆိုင်ရာ သတင်းအချက်အလက်များကို အွန်လိုင်းစနစ်ဖြင့် ၂၄ နာရီ အချိန်ပြည့် ရယူဆောင်ရွက်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

Source-**ဘရပ်ဆဲလ်မြို့**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံရုံး၊**
**လင်းမျိုးသာ**(DOT)

## အိန္ဒိယနိုင်ငံတွင် ဆောင်းသီးနှံဟက်တာကေပေါင်း ၅၆၅ သိန်းကျော် စိုက်ပျိုးပြီးစီး

အိန္ဒိယနိုင်ငံ၏ ဆောင်းသီးနှံစိုက်ပျိုးပြီးစီးမှုမှာ ဟက်တာဧက ၅၆၅ ဒသမ ၇၉ သိန်းကျော်ရှိပြီး စိုက်ပျိုးနိုင်သည့် မြေဧရိယာ၏ ၉၁ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း၊ ယခင်နှစ် အလားတူကာလတွင် ဆောင်းသီးနှံစိုက်ပျိုးပြီးစီးသည့် ဧကမှာ ၅၇၁ ဒသမ ၄၇ သိန်းခန့်ရှိခဲ့သည့်အတွက် ယခုနှစ် စိုက်ပျိုးပြီးစီးမှုမှာ ယခင်နှစ်အောက် တစ်ရာခိုင်နှုန်းခန့် လျော့နည်းကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ယခုနှစ် ဆောင်းရာသီတွင် သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ဂျုံဟက်တာဧက ၂၇၃ ဒသမ ၈၅ သိန်း၊ စပါး ဟက်တာဧက ၁၆ ဒသမ ၃၃ သိန်း၊ ပဲမျိုးစုံ ဟက်တာဧက ၁၅၀ ဒသမ ၆၃ သိန်း၊ နှံစားပြောင်း ဟက်တာဧက ၅၀ ဒသမ ၇၁ သိန်းနှင့် ဆီထွက်သီးနှံဟက်တာဧက ၇၄ ဒသမ ၂၇ သိန်း ခန့်တို့ရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ဆောင်းရာသီပဲစိုက်ဧကများပြားလာ၍ ပဲထုတ်လုပ်မှုပမာဏကောင်းမွန်ရန် အိန္ဒိယမျှော်မှန်း

အိန္ဒိယနိုင်ငံတွင် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ယခုနှစ်တွင် ပဲစိုက်ဧက မြင့်တက်လာတာကြောင့် ၂၀၁၇-၁၈ သီးနှံရာသီတွင် ပဲထုတ်လုပ်မှုပမာဏ ကောင်းမွန်မည်ဟု မျှော်မှန်းကြောင်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် အိန္ဒိယနိုင်ငံ၏ ထုတ်ပြန်ချက်များအရ သိရသည်။

ဆောင်းရာသီ ပဲစိုက်ဧကအနေဖြင့် ယခင်နှစ်က ဟက်တာ ဧက ၁၃၈ ဒသမ ၃၄ သိန်းသာရှိရာမှ ယခုနှစ်တွင် ၁၅၀ ဒသမ ၆၃ သိန်းအထိ ကိုးရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံ၏ ဂျုံအဓိကစိုက်ပျိုးသည့်ပြည်နယ်များဖြစ်သော ဥတ္တရပရာဒေ့ရှ်နှင့် မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်များတွင် မုတ်သုံမိုးနည်းခဲ့သည့်အတွက် စိုက်ပျိုးမြေအချို့တွင် ဂျုံအစား ပဲများကို ပြောင်းလဲစိုက်ပျိုးခဲ့သည်။ ၂၀၁၇-၁၈ သီးနှံ ရာသီအတွက် သတ်မှတ်ပေးသည့် MSP ဈေးနှုန်းတိုးမြှင့်မှု အနေအထားအရ တောင်သူများသည် သီးနှံစိုက်ပျိုးမှုပုံစံများကို ပြောင်းလဲလာကြသည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားထားပါသည်။

၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် အိန္ဒိယအစိုးရသည် ဆောင်းသီးနှံခြောက်မျိုးအပေါ် MSP ဈေးနှုန်းများ တိုးမြှင့်ပေးခဲ့ရာ ဂျုံအတွက် ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ပြီး ပဲမျိုးစုံအတွက် ၁၀ ရာခိုင်နှုန်း တိုးမြှင့်ပေးခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ၂၀၁၈ ခုနှစ်တွင် ထိုင်းပြည်ပပို့ကုန်ကဏ္ဍ ၆ ရာခိုင်နှုန်းမှ ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်း

အမေရိကန်နိုင်ငံ၏ ဒေါ်လာတန်ဖိုး ခိုင်မာအောင်ဆောင်ရွက်မည့် မူဝါဒများကြောင့် ထိုင်းဘတ်ငွေတန်ဖိုး မြင့်တက်မှုပြန်လည်ကျဆင်းလာရန် မျှော်မှန်းထားကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍကို ၆ ရာခိုင်နှုန်းမှ ၆ ဒသမ ၅ ရာခိုင်နှုန်းသို့တိုးတက်ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၂၅၀ ဘီလီယံ(ဘတ် ၈ ဒသမ ၂ထရီလီယံ) ရရှိရန်မျှော်မှန်းကြောင်း ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

၂၀၁၈ ခုနှစ်အတွက် ရည်မှန်းထားသော ပို့ကုန်ကဏ္ဍတိုးတက်မှုရည်မှန်းချက် ၆ ရာခိုင် နှုန်းမှ ၆ ဒသမ ၅ ရာခိုင်နှုန်းသည် ၂၀၁၇ ခုနှစ်ခန့်မှန်းချက်ထက် နိမ့်ကျသော်လည်း လွန်ခဲ့သော ၆ နှစ်အတွင်း အမြင့်ဆုံးတိုးတက်မှုနှုန်း ခန့်မှန်းချက်တစ်ခုဖြစ်သည်။

၂၀၁၇ ခုနှစ်အတွင်း ပို့ကုန်ကဏ္ဍ တိုးတက်မှုသည် ခိုင်ခိုင်မာမာရရှိနေပြီး ဇန်နဝါရီလမှ နိုဝင်ဘာလအထိ စုစုပေါင်းပို့ကုန်တန်ဖိုးဒေါ်လာ ၂၁၇ ဘီလီယံရှိရာ ၁၀ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏ သွင်းကုန် သည် ၂၀၁၇ ခုနှစ် ပထမ ၁၁ လအတွင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀၃ ဘီလီယံဖြင့် တစ်နှစ်ထက်တစ်နှစ် ၁၄ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့၍ အဆိုပါကာလအတွင်း ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၂ ဘီလီယံရရှိခဲ့ကြောင်း၊ နိုဝင်ဘာလ တစ်လအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၄ ဘီလီယံရရှိ၍ တစ်နှစ်ထက်တစ်နှစ် ၁၃ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ရာ ၂၀၁၇ ခုနှစ်အတွင်းဂဏန်းနှစ်လုံး တိုးတက်မှုကို ခုနစ်လဆက်တိုက်ရရှိခဲ့သည့်အပြင် ၅၈ လအတွင်း အမြင့်ဆုံး တိုးတက်မှုတစ်ခုဖြစ်ကြောင်း၊ နိုဝင်ဘာလအတွင်း သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၇ ဘီလီယံရှိ၍ တစ်နှစ်ထက်တစ်နှစ် ၁၃ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ နိုဝင်ဘာလအတွက် ကုန်သွယ်မှုပိုငွေသည် ဒေါ်လာ ၁ ဒသမ ၇၇ ဘီလီယံရှိကြောင်း တွေ့ရှိရပါသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာအတွင်း ဆန်တန်ချိန်စုစုပေါင်း ၁ ဒသမ ၅ တန်တင်ပို့ခဲ့သဖြင့် စိုက်ပျိုးရေးနှင့် တာရှည်ခံစိုက်ပျိုးရေး ထွက်ကုန်အမျိုးအစားတင်ပို့မှုသည် တစ်လချင်းတင်ပို့မှုအနေဖြင့် အမြင့်ဆုံးဖြစ်ခဲ့ကြောင်း၊ ချက်ပြီးကြက်သား၊ ဟင်းသီးဟင်းရွက်၊ သစ်သီးမျိုးစုံနှင့် သကြားစသည့် ကုန်စည်များသည် တင်ပို့မှုကောင်းမွန်ခဲ့သည့် ပို့ကုန်ပစ္စည်းများဖြစ်ကြောင်း၊ နိုဝင်ဘာလတွင် ပီလောပီနံတင်ပို့မှုသည် ၁၀ ဒသမ တစ်ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ရော်ဘာထွက်ကုန် အမျိုးမျိုး၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် အီလစ်ထရောနစ် အစိတ်အပိုင်းပစ္စည်းစသည့် ကုန်စည်တင်ပို့မှုများ တိုးတက်လာ၍ စက်မှုကုန်ချောပစ္စည်းတင်ပို့မှုသည် ကိုးလအတွင်းအမြင့်ဆုံး တိုးတက်မှုရခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏ ပို့ကုန်ကဏ္ဍသည် အဓိကတင်ပို့နေသည့် နိုင်ငံများသို့တင်ပို့မှု တိုးတက်လျက်ရှိပြီး အထူးသဖြင့် တောင်အာရှရှိဒေသသို့ တင်ပို့မှုသည် ၇၉ လအတွင်း အမြင့်ဆုံးဖြစ်ခဲ့သည့်အပြင် အာဆီယံနိုင်ငံများသို့ တင်ပို့မှုသည်လည်း ၂၁ လအတွင်း အမြင့်ဆုံးဖြစ်ခဲ့ကြောင်း ညွှန်ကြားရေးမှူးချုပ် Mr. Pimchanok Vonkorpon က ပြောကြားခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊မြန်မာသံရုံး၊ ဗန်ကောက်မြို့**

Vol: 18, No.3 Monday January 15 2018

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၅–၁– ၂၀၁၈)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်ပြီး အရောင်းအဝယ် အနည်းငယ်ကျဆင်း

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်နေပြီး အရောင်းအဝယ်တော့ အနည်းငယ်ကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ကျပ် ၄၇၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၄၈၀ (တစ်တန် ကျပ် ၂၉၃၉၄၀) အထိ ဈေးတက်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၂၂၁၈၉၉၅၂ ပိဿာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၁၅၂၄၈၉၆ ပိဿာရှိခဲ့လို့ အရောင်းအဝယ် အနည်းငယ် ကျလာခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ ယခင်တစ်ပတ်က လားရှိုးမှ မူဆယ်အထိ ပြောင်းတစ်ပိဿာ ၃၅ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပြောင်းတစ်ပိဿာ ၃၃ကျပ်ရှိခဲ့လို့ သယ်ယူပို့ဆောင်စရိတ် အနည်းငယ်ကျလာခဲ့ကြောင်း စုံစမ်းသိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးကျပြီး ပဲတီစိမ်းလုံးကြီး ဈေးမြင့်

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျပြီး ပဲတီစိမ်းလုံးကြီးကတော့ ဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၉၇၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၂၅ကျပ်(တစ်တန် ကျပ် ၅၆၆၄၆၀) ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မြို့ခံဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့လို့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ကျပ်၆၁၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၅၆၅ကျပ် (တစ်တန် ကျပ် ၃၄၆၀၀၀) ဖြင့် ဈေးကျခဲ့ပါတယ်။ ပဲစင်းငုံနီ ရောင်းလိုအားများခဲ့လို့ ရန်ကုန်ဝယ်လက် ကြိုက်ဈေးဖြစ်တာကြောင့် ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၃၆ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၂၈၉ ကျပ်(တစ်တန် ကျပ် ၇၈၉၃၇၀) အထိ ဈေးတက်ခဲ့ကာ ပဲတီစိမ်းလုံးကြီးကို မန္တလေးဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့ကြကြောင်း သိရပါတယ်။ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာ ကျပ် ၂၉၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၃၀၀၀(တစ်တန်ကျပ် ၁၈၃၇၁၇၀) ဈေးရှိခဲ့ပြီး မန္တလေးဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။မြေပဲလုံးဆန်ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၅၀၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၂၅၅၀ (တစ်တန် ၁၅၆၁၅၉၄၀)နဲ့ အရောင်းအဝယ် ဖြစ်ခဲ့သလို မြေပဲလုံးဆန်အသစ်တွေလည်းနယ်ဘက်က ဝင်ရောက်လာပြီဖြစ်ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး ပဲစင်းငုံနီနဲ့ ပဲတီစိမ်း (အညာရွှေဝါ)ဈေးကျ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး ပဲစင်းငုံနီနဲ့ ပဲတီစိမ်း(အညာရွှေဝါ)ဈေးကျနေခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၉၃၃ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၉၅၀ (တစ်တန်ကျပ် ၅၈၁၇၇၀) ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မြို့ခံဝယ်လက်တွေနဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ပဲစင်းငုံနီ ကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၅၈၃ ကျပ်ရှိခဲ့ရာမှ ယခု တစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၅၅၀ (တစ်တန်ကျပ် ၃၃၆၈၁၀)နဲ့ ဈေးကျခဲ့ပြီး ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ပါတယ်။ယခင်တစ်ပတ်က ပဲတီစိမ်း (အညာရွှေဝါ)တစ်ပိဿာ ၁၃၆၉ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ် မှာတော့ တစ်ပိဿာ ကျပ် ၁၃၅၀ (တစ်တန် ကျပ် ၈၂၆၇၂၀)နဲ့ ဈေးပြန်ကျခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း (အညာရွှေဝါ)ကို မြို့ခံကုန်သည်များနှင့် တရုတ်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ၂၈၈၉ကျပ် ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၃၀၄၄ကျပ် (တစ်တန်ကျပ်၁၈၆၄၁၁၀)ဈေးရှိခဲ့ပြီး နှမ်းညိုကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၄၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၃၃၃ကျပ် (တစ်တန် ကျပ် ၁၄၂၈၇၀၀)နဲ့ ဈေးကျခဲ့ ပါတယ်။ တရုတ်ဝယ်လက်တွေနဲ့ အစားစပ်လုပ်ငန်းရှင်တွေက ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းကတော့ ယခင်တစ်ပတ်က ၄၅၄ကျပ်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၄၅၉ကျပ်(တစ်တန် ကျပ် ၂၈၁၀၈၀)ထိ ဈေးအနည်းငယ်တက်လာခဲ့တယ်လို့ သတင်းရရှိပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးငြိမ်ပြီး ပဲစင်းငုံနီနဲ့ မတ်ပဲဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးငြိမ်ပြီး မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ပဲတီစိမ်းတစ်ပိဿာ ကျပ် ၁၂၄၀ (တစ်တန် ကျပ် ၇၅၉၃၆၀) နဲ့ ယခင်တစ်ပတ်ကအတိုင်း ဈေးအတက်အကျ မရှိခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၉၄၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၉၁၀ (တစ်တန်ကျပ် ၅၅၇၂၇၀)ထိ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၆၇၅ကျပ် ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ် ပိဿာ ကျပ် ၆၀၀(တစ်တန် ကျပ် ၃၆၇၄၃၀)ဖြင့် ဈေးကျခဲ့ကြောင်း သိရပါတယ်။ နှမ်းရောင်စုံဈေးကွက်မှာတော့ ယခင်တစ်ပတ်က နှမ်းနက်စမုံတစ်ပိဿာ ၂၅၃၅ကျပ်မှ ယခု တစ်ပတ်မှာ တစ်ပိဿာ ၂၆၂၅ကျပ် (တစ်တန်၁၆၀၇၅၂၀ကျပ်)ရှိခဲ့ပြီးယခင်တစ်ပတ်က တစ်ပိဿာ ၂၄၄၅ ကျပ် (တစ်တန် ကျပ် ၁၄၉၇၂၉၀) ဈေးရှိခဲ့တဲ့ နှမ်းနီကတော့ ယခုတစ်ပတ်မှာ ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ ဒါပေမယ့် ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာ ၃၈၂၅ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၉၃၅ ကျပ်(တစ်တန်ကျပ်၁၇၉၇၃၆၀)ဈေးကျခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနီနဲ့ ကုလားပဲပော်လန် ဈေးကျ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်း၊ပဲစင်းငုံနီနဲ့ ကုလားပဲပော်လန်ကတော့ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ၁၃၁၅ကျပ်နဲ့ အရောင်းအဝယ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၂၅၀ကျပ် (တစ်တန်ကျပ် ၇၆၅၄၈၀)ထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကို မန္တလေးဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ပြီး ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၆၇၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ်၅၉၀(တစ်တန် ကျပ် ၃၆၁၃၁၀) နဲ့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ မြို့ခံ ဝယ်လက်တွေက ပဲစင်းငုံနီကို ပုံမှန်ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ပါတယ်။ ကုလားပဲပော်လန်ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၅၇၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၄၇၅ ကျပ် (တစ်တန် ကျပ် ၉၀၃၂၇၀)ထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။ မြို့ခံဝယ်လက်တွေက ကုလားပဲပော်လန်ကို ပုံမှန်ဝယ်ယူခဲ့ကြကြောင်း သိရပါတယ်။

ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၂၉၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၃၃၅ကျပ် (တစ်တန် ကျပ် ၁၄၂၉၉၃၀) ၊ ယခင်တစ်ပတ်ကနှမ်းနီ တစ်ပိဿာ ကျပ် ၂၄၀၀ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၄၄၅ကျပ် (တစ်တန် ကျပ် ၁၄၉၇၂၉၀) ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၅၆၀ရှိနေခဲ့တဲ့ သိပ္ပံနှမ်းနက်ကတော့ ယခုတစ်ပတ်မှာ ဈေးထပ်တက်ပြီး တစ်ပိဿာ ကျပ် ၂၆၇၀ (တစ်တန် ကျပ် ၁၆၃၅၀၈၀) ဈေးရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်အနည်းငယ်ကျ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်အနည်းငယ်ကျလာကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ်တစ်အိတ်ကို မြန်မာဘက်တွင် ၇၅ ယွမ်မှ ရွှေလီဘက်တွင် ၈၂ယွမ် နဲ့ ယခင်တစ်ပတ်က ဈေးအတိုင်း အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ ယခင် တစ်ပတ်က အစေ့ထုတ်ပြောင်း ၅၄၃၅၃တန် ရှိခဲ့ရာမှ ယခု တစ်ပတ်မှာတော့ ၅၂၇၂၄ တန် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ တစ်ယွမ်ကို မြန်မာငွေ ၂၀၄ ကျပ် ပေါက်ဈေးရှိခဲ့လို့ ယခင်တစ်ပတ်ကအတိုင်း ငွေလဲနှုန်း ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၅၈၃၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၅၆၀၀၀၀ အထိ၊ ယခင်တစ်ပတ်က မတ်ပဲ SQ(RC) တစ်တန် ကျပ်၇၂၃၀၀၀ ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၇၀၃၀၀၀ရှိခဲ့ပြီး ပဲစင်းငုံနီသီးနှံကတော့ ယခင်တစ်ပတ်က တစ်တန်ကျပ် ၃၉၀၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ် မှာ တစ်တန်ကျပ် ၃၆၈၀၀၀ အထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲနဲ့ပဲတီစိမ်း(အသစ်)ဈေးကျ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်း(အသစ်)တို့ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၉၉၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၉၅၀ (တစ်တန် ကျပ်၅၈၁၇၇၀)ဈေးရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူမှု နည်းခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ဈေးကွက်ဝင်ရောက်လာပြီဖြစ်တဲ့ ပဲတီစိမ်း(အသစ်)ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၃၁၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၃၀၀ (တစ်တန် ကျပ် ၇၉၆၁၀၀)ဈေးရှိခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်တွေက ပဲတီစိမ်း(အသစ်)ကို ပုံမှန်ဝယ်ယူခဲ့တာကြောင့် အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း ဟသ်ာတဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ‥‥‥ မှအဆက်

ဂိတ်တွင်းတွင် ကုန်တင်ယာဉ်များထားရှိရန်၊ ဆယ်တင်ယာဉ်များထားရှိရန်၊ ယာဉ်များ တန်ပိုတင်ဆောင်ခြင်းမပြုရန်၊ ယာဉ်ပိတ်ဆို့မှုမရှိစေရေး အချိန်နှင့်စေလွှတ်ရန်၊ ယာဉ်ပိတ်ဆို့ပါက အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းရန်နှင့် အခြားနေရာများမှပါ ယာယီတားဆီးသွားရန်၊ ယာဉ်ကြောရှင်းလင်းမှုအတွက် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးပြီး ဆက်သွယ်မှု၊ ကွပ်ကဲမှု၊ သတင်းထုတ်ပြန်မှုများ ဆောင်ရွက်ပေးရန်၊ စည်းကမ်းပျက်ယာဉ်နှင့် ယာဉ်မောင်းများအား ဥပဒေနှင့်အညီ အရေးယူရန်၊ လမ်းပြုပြင်ခြင်း၊ တိုးချဲ့ခြင်းလုပ်ငန်းများ၊ လမ်းဘေးရေမြောင်း ပြုလုပ်ခြင်းလုပ်ငန်းများအား Oriental Highway Co., Ltd မှ သတ်မှတ်ချိန်အတိုင်း ပြီးစီးရေးဆောင်ရွက်ရန်တို့အား ဆုံးဖြတ်တာဝန်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# မြန်မာ့ပဲများ ရဲရဲစားကြစေဖို့



[ တိုးဦး (CTQM, DOCA) ]

ပိုးသတ်ဆေးကြွင်း အမြင့်ဆုံးပါဝင်ခွင့်သတ်မှတ်ချက်(Maximum Residue Limit- MRLs) ဆိုသည်မှာ စားသောက်ကုန်များ စိုက်ပျိုးထုတ်လုပ်စဉ်အခါက သုံးစွဲခဲ့သော ပိုးသတ်ဆေးများ ကြွင်းကျန်မှုကန့်သတ်ချက်ဖြစ်ပြီး ယင်းပမာဏသည် စားသုံးသောအခါ ကျန်းမာရေးကို မထိခိုက်စေသည့်ပမာဏကို တရားဝင် သတ်မှတ်ထားခြင်းဖြစ်ပါသည်။ CODEX အဖွဲ့မှ သတ်မှတ်ခြင်းဖြစ်ပါသည်။ CODEX သည် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO)နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)တို့မှ ပညာရှင်များနှင့် ပူးပေါင်းဖွဲ့စည်းထားသောအဖွဲ့ဖြစ်ပြီး၊ ပိုးသတ်ဆေးကြွင်း အမြင့်ဆုံးပါဝင်ခွင့်ကန့်သတ်ချက် (MRLs) ကို သတ်မှတ်ပေးထားပြီး အခါအားလျော်စွာ ပြုပြင်ခြင်း၊ ဖြည့်စွက်ခြင်းများ ပြုလုပ်ပါသည်။ ယင်း MRLs များသည် အပြည်ပြည်ဆိုင်ရာမှ လက်ခံကျင့်သုံးသကဲ့သို့ ကျွန်ုပ်တို့နိုင်ငံမှလည်း လိုက်နာကျင့်သုံးလျက်ရှိပါသည်။

သို့ရာတွင် အချို့သောနိုင်ငံများမှလည်း ၎င်းတို့နိုင်ငံ၏ အခြေအနေအရ နိုင်ငံနှင့်ကိုက်ညီသော MRLs များကို သတ်မှတ်ပြဋ္ဌာန်းကြပါသည်။ EU MRLs, UK MRLs, Japan MRLs, Asean MRLs အစရှိသည်များလည်းရှိကြပါသည်။ ဥပမာအားဖြင့် ပဲသီးနှံအတွက် Acephate ပိုးသတ်ဆေးကို CODEX ၏ MRLs မှာ 5 ppm ဟု သတ်မှတ်ထားသော်လည်း၊ Japan MRLs တွင်မူ 3 ppm သတ်မှတ်ထားပြီး တရုတ် (တိုင်ပေ) သတ်မှတ်ချက်မှာ 0.05 ppm ဟု သတ်မှတ်ထားပါသည်။ ယင်းအချက်မှာ SPS (Sanitary and Phytosanitary) အရ မိမိနိုင်ငံတွင်း မိမိကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရ ပြုလုပ်ထားခြင်းသာဖြစ်ပြီး ယင်းနိုင်ငံအခြေအနေအရ ပြဋ္ဌာန်းခြင်းဖြစ်သည့်အတွက် ဥပမာအားဖြင့် တရုတ်(တိုင်ပေ)မှ ငြင်းပယ်ခြင်းခံရသော ကုန်ပစ္စည်းသည် ယင်းနိုင်ငံအခြေအနေအရသာ ငြင်းပယ်ခံရခြင်းဖြစ်ပြီး၊ ကျန်နိုင်ငံများသို့ တင်ပို့ပါက သင့်လျော်သော ကုန်ပစ္စည်းဖြစ်နေမည်ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ သို့ပါ၍ ပိုးသတ်ဆေးကြွင်းပါရှိတိုင်းလည်း စားသုံးရန်မသင့်ဟု သတ်မှတ်၍ မရနိုင်ပါ။

ထို့အပြင် MRLs များသတ်မှတ်ခြင်းသည် ကူးသန်းရောင်းဝယ်ခြင်း ကိစ္စရပ်များအတွက် သတ်မှတ်ထားခြင်းဖြစ်ပြီး ယင်းသို့သတ်မှတ်ရေးအတွက် ကျန်းမာရေးနှင့်သက်ဆိုင်သော အချက်များ၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးအတွက် အချက်အလက်များအပေါ် မူတည်သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ကျန်းမာရေးကဏ္ဍအတွက်မူ ADI (Acceptable Daily Intake)ပေါ်တွင် အခြေခံထားပါသည်။ ယင်းသည် ပိုးသတ်ဆေး၏ ရူပဂုဏ်သတ္တိ၊ ဓာတုဂုဏ်သတ္တိ၊ အဆိပ်သင့်မှုအခြေအနေပေါ် မူတည်၍ Milligram per Kilogram body weight (mg/kbw) အနေဖြင့် သတ်မှတ်ခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ 1 Kilogram အလေးချိန်ရှိသော သတ္တဝါအနေဖြင့် စားသုံးထိတွေ့မှုတွင် အန္တရာယ်ကင်းသော အလေးချိန်မီလီဂရမ်ကို ဖော်ပြခြင်းဖြစ်ပါသည်။ MRLs ကိုမူ ယင်း ADI ၏ ပမာဏထက် အဆများစွာ လျှော့ချသတ်မှတ်ထားခြင်းဖြစ်ပါသည်။ သို့ပါ၍ MRLs သတ်မှတ်ချက်အတိုင်း ပိုးသတ်ဆေးကြွင်းကျန်နေသော စားသောက်ကုန်ပစ္စည်းသည် အန္တရာယ်ရှိသော စားသောက်ကုန်ဖြစ်သည်ဟုမဆိုနိုင်ပါ။

သို့ဖြစ်၍ စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ဓာတုပိုးသတ်ဆေးများ သုံးစွဲကြသည်မှာ ကမ္ဘာနှင့်အဝန်းသုံးစွဲကြခြင်းဖြစ်ပြီး စနစ်ကျသောသုံးစွဲမှုများသည် ဆေးကြွင်းကျန်မှုနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းမှုအတွက် ခြိမ်းခြောက်မှုတစ်ရပ်မဟုတ်ကြောင်း တင်ပြခြင်းဖြစ်ပါသည်။

အထက်မှတင်ပြခဲ့သည်များမှာ ပိုးသတ်ဆေးသုံးစွဲတိုင်း ဆေးကြွင်းကျန်မည် မဟုတ်သကဲ့သို့ ပိုးသတ်ဆေးသုံးစွဲထားသော ကုန်ပစ္စည်းတို့သည်လည်း စားသုံးရန်မသင့်သော အနေအထားရောက်ရှိမည်မဟုတ်ကြောင်း တင်ပြခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံ၏ ပဲစိုက်ပျိုးထုတ်လုပ်တင်ပို့မှုကို လေ့လာကြည့်မည်ဆိုပါက Quality Market ဖြစ်သော အီးယူနိုင်ငံများကိုပါ တင်ပို့ခဲ့ပြီး ယခုအခြေအနေတွင်လည်း တင်ပို့နေဆဲဖြစ်ပါသည်။ ယနေ့တင်ပို့မှုလျော့သော ပဲစင်းငုံ၏ တင်ပို့မှုကို လေ့လာကြည့်ပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅၉ ဒသမ ၇၈၈ သန်းကို တင်ပို့ခဲ့ကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၁၈၇ သန်းသာ တင်ပို့နိုင်ခဲ့ခြင်းမှာ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအား လျော့ကျမှုကြောင့်ဖြစ်ပြီး အခြားဥရောပ၊ အာရှနိုင်ငံများသို့ တင်ပို့နေဆဲဖြစ်ပါသည်။ ပိုးသတ်ဆေး ကြွင်းကျန်မှုမြင့်မားနေမည်ဆိုပါက EU ကဲ့သို့သောနိုင်ငံများသို့ တင်ပို့နိုင်မည်မဟုတ်ပါ။ အခြားပဲမျိုးစုံကိုလည်း တင်ပို့နေဆဲဖြစ်ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၏ ဌာနခွဲတစ်ခုဖြစ်သော သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲအောက်ရှိ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစုရှိ ပိုးသတ်ဆေးကြွင်းဓာတ်ခွဲခန်းတွင် ပြည်ပပို့ကုန်သီးနှံများအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်၌ သီးနှံနမူနာ ၇၁ ခု စမ်းသပ်ခဲ့ရာ ပဲမျိုးစုံနမူနာ ၃၉၉ ခုစစ်ဆေးခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် နမူနာပေါင်း ၇၅၄ ခုစမ်းသပ်စစ်ဆေးခဲ့ရာ ပဲမျိုးစုံနမူနာ ၃၅၉ ခုပါဝင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၏ (ဧပြီလမှဒီဇင်ဘာလအထိ) နမူနာပေါင်း ၆၅၇ ခု စစ်ဆေးခဲ့ရာ ပဲမျိုးစုံနမူနာ ၂၆၁ခု ပါဝင်ခဲ့ပါသည်။ ယင်းသို့ စမ်းသပ်စစ်ဆေးခဲ့ရာတွင် ခေတ်မီကိရိယာဖြင့် စမ်းသပ်စစ်ဆေးခြင်းဖြစ်ပြီး ပိုးသတ်ဆေးကြွင်းကျန်မှု CODEX စံချိန်စံညွှန်းထက်ကျော်လွန်ခြင်း မရှိပါကြောင်းနှင့် ယနေ့ ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်သော ပဲစဉ်းငုံအပါအဝင် ပဲမျိုးစုံကို ယုံကြည်စိတ်ချစွာ စားသုံးနိုင်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# အာဆီယံနှင့် ပိုမိုပူးပေါင်းဆောင်ရွက်မည့် အိန္ဒိယ

[ သိန်းမြင့်ဝေ ]

အိန္ဒိယနိုင်ငံသည် စီးပွားရေးအင်အားကြီးထွားလျက်ရှိသော အာဆီယံဒေသနှင့် လုံခြုံရေးကို အတူတကွ တာဝန်ယူပြီး အောင်မြင်မှုကို မျှဝေခံစားနိုင်ရန် ဆောင်ရွက်ရန်အတွက် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်နေသည်။ အထူးသဖြင့် အာဆီယံနှင့် အိန္ဒိယကြား ရေကြောင်းလုံခြုံရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ၊ ပညာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ် စသည့်နယ်ပယ်များတွင် ပိုမိုပေါင်းစည်းလိုကြောင်း သိရှိရပါသည်။

**နယ်ပယ်သုံးမျိုး**

အရှေ့တောင်အာရှနှင့် အိန္ဒိယနိုင်ငံတို့ တွေ့ဆုံဆွေးနွေးရာတွင် အရေးကြီးသောလက္ခဏာရပ်များကို တွေ့ရှိရကြောင်း၊ အာဆီယံနှင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရာတွင် နယ်ပယ်သုံးမျိုးတစ်နည်းအားဖြင့် "စီ" ၃ လုံး (3Cs) ကို အဓိကထားလိုကြောင်း၊ ၎င်းတို့မှာ ကူးသန်းရောင်းဝယ်ရေး (Commerce)၊ ချိတ်ဆက်မှု (Connectivity) နှင့် ယဉ်ကျေးမှု (Culture) ဖြစ်ကြောင်း ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလဆန်းတွင် အိန္ဒိယဘက်မှ ထုတ်ပြန်သော သတင်းများအရ သိရသည်။ အိန္ဒိယနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးသည်လည်း အာဆီယံနှင့် စီးပွားရေးပိုမိုပေါင်းစည်းရေးအတွက် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလဆန်းတွင် စင်ကာပူ၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံများသို့ သွားရောက်ခဲ့ကြောင်းသိရသည်။

အိန္ဒိယနှင့် အာဆီယံနိုင်ငံများသည် ရေကြောင်းသွားလာရေးကို အဓိကအားထားသော နိုင်ငံများဖြစ်ပြီး ခမ်းနားကြီးကျယ်သော ရေကြောင်းကုန်သွယ်မှုသမိုင်းရှိပါသည်။ ထို့ပြင် ပင်လယ်နှင့်သမုဒ္ဒရာများ ဝန်းရံလျက်ရှိသောကြောင့် လုံခြုံတည်ငြိမ်သော ပတ်ဝန်းကျင်နှင့်အတူ ရေရှည်စီးပွားရေးတိုးတက်မှုကို မြှင့်တင်နိုင်မည်ဖြစ်သည်။ အင်ဒို-ပစိဖိတ်ဒေသ(Indo-Pacific region) သည် ချိတ်ဆက်မှုလမ်းကြောင်း တိုးတက်ကောင်းမွန်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့ကုန်သွယ်မှုအများစုသည် အဆိုပါပင်လယ်နှင့် သမုဒ္ဒရာများမှ တစ်ဆင့် ဖြတ်သန်းစီးဆင်းသောကြောင့် ဖြစ်ပါသည်။

**အရှေ့တောင်အာရှနှင့်ပူးပေါင်းရေးမူ**

အိန္ဒိယနှင့် အာဆီယံတို့သည် ကမ္ဘာလုံးဆိုင်ရာ ကူးသန်းရောင်းဝယ်မှုအတွက် လည်းကောင်း၊ ရေကြောင်းပိုင်နက်အတွက် လည်းကောင်း ဘုံမျှော်မှန်းချက် ထားရှိပါသည်။ အိန္ဒိယအစိုးရသည် လုပ်ငန်းနယ်ပယ်များစွာတွင် အာဆီယံအုပ်စုနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် စီစဉ်နေပြီး အထူးသဖြင့် နယ်ပယ်လေးမျိုးတွင် ဦးစွာ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ပထမနယ်ပယ်အဖြစ် အပြာရောင်စီးပွားရေး (Blue economy) တွင် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်သည်။ အပြာရောင်စီးပွားရေးဆိုသည်မှာ အလုပ်အကိုင်နှင့် စီးပွားရေး တိုးတက်မှုအတွက် ပင်လယ်နှင့် သမုဒ္ဒရာသယံဇာတများကို စဉ်ဆက်မပြတ် အသုံးပြုပေးခြင်းဖြစ်သည်။ ဒုတိယနယ်ပယ်မှာ ကမ်းရိုးတန်း စစ်ဆေးကြည့်ရှုရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း (Cooperation in coastal surveillance) ဖြစ်သည်။ တတိယ ပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်မှာ ကမ်းလွန်စောင့်ကြပ်မှုစွမ်းရည် တည်ဆောက်ခြင်း (Building in off-shore patrolling capabilities) ဖြစ်သည်။ နောက်ဆုံးအချက်မှာ ရေကြောင်းပိုင်နက်ကို ပိုမိုသတိထားသိရှိရေးအတွက် ရေနယ်နိမိတ်တည်ရှိမှုကို သိပ္ပံနည်းကျ ဖော်ပြသည့် ဝန်ဆောင်မှုနှင့် သတင်းအချက်အလက်မျှဝေခြင်း (Hydrographic services and information sharing) ဖြစ်ပါသည်။

စီးပွားရေးအားကောင်း တိုးတက်လျက်ရှိသော အာဆီယံဒေသနှင့် ပိုမိုနက်ရှိုင်းစွာ စီးပွားရေးပေါင်းစည်းခြင်းသည် အိန္ဒိယနိုင်ငံ၏ အရှေ့တောင်အာရှဒေသနှင့် ပိုမိုပူးပေါင်းရေးမူဝါဒ Act East Policy အရ အရေးကြီးပါသည်။ အာဆီယံသည် အိန္ဒိယနိုင်ငံ၏ စတုတ္ထမြောက်အများဆုံး ကုန်သွယ်ဖက်ဖြစ်ပြီး အိန္ဒိယနိုင်ငံ စုစုပေါင်း ကုန်သွယ်ရေး၏ ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိသောကြောင့်ဖြစ်သည်။ အိန္ဒိယသည် အာဆီယံ၏ သတ္တမမြောက်အများဆုံးကုန်သွယ်ဖက်ဖြစ်ပြီး အာဆီယံနှင့် ကုန်သွယ်ရာတွင် ၂၀၁၅-၂၀၁၆ ခုနှစ် နှင့် နှိုင်းယှဉ်ပါက ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။

အိန္ဒိယနိုင်ငံသည် အပြန်အလှန်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဆက်လက်တိုးတက်စေရေးအတွက် အိန္ဒိယ စီးပွားရေး၊ ကုန်သွယ်ရေး အသင်းအဖွဲ့များနှင့် အာဆီယံနိုင်ငံများကြား တွေ့ဆုံဆွေးနွေးမှုကို ပိုမိုဆောင်ရွက်လိုသည်။ AEC တွင် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အကြံကောင်း၊ ဉာဏ်ကောင်းများရရှိရန် အာဆီယံမှ ပညာရှင်များကို အိန္ဒိယသို့ ဖိတ်ခေါ်ထားသည်။ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုကဏ္ဍများရှိ လက်တွဲ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရှာဖွေဖော်ထုတ်ရန်အတွက်လည်း ထိုကဲ့သို့ ဖိတ်ခေါ်ထားခြင်းဖြစ်သည်။

အိန္ဒိယအစိုးရသည် အာဆီယံ-အိန္ဒိယကြား ဆွေးနွေးဖက်နိုင်ငံဖြစ်လာခဲ့သည့် ၂၅ နှစ်မြောက် နှစ်ပတ်လည်အဖြစ် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်တွင် အမှတ်တရထိပ်သီးဆွေးနွေးပွဲကို နယူးဒေလီမြို့၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ထိပ်သီးဆွေးနွေးပွဲတွင် အိန္ဒိယနိုင်ငံ၏ Act East Policy မူဘောင်အတွင်းမှ အရှေ့တောင်အာရှဒေသရှိ နိုင်ငံများနှင့် အိန္ဒိယနိုင်ငံကြား ဖြစ်နိုင်ခြေရှိသော စီးပွားရေးလုပ်ငန်းကဏ္ဍ အသီးသီးတွင် နှစ်ဖက်အပြန်အလှန်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

## မူဆယ်မှ ပရေဆေးကုန်ကြမ်း ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၈၃ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၃ မျိုး၊ တန်ချိန်အားဖြင့် ၂၁၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း ၂၆၆ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ၅၃ တန်လျော့နည်းခဲ့ပေမယ့် မူဆယ်မှ ပရေဆေးကုန်ကြမ်းတွေကို တရုတ်နိုင်ငံသို့ ပုံမှန်တင်ပို့နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ စကားပန်းပွင့်ခြောက်၊ ဝဥခြောက်၊ ချင်းခြောက်၊ တောချင်း၊ တောဂျုံးမြစ်၊ ဒရင်ကောက်မြစ်၊ ဆီးဆန်၊ မာလာဥနဲ့ ချဉ်ပေါင်ဖာလာ (အခွံပါ/မပါ) တို့ဖြစ်ပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၅၂၀ တန်ဖိုးရှိ နံနံစေ့သုံးတန်ကျော်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ **မော်မော်အောင်**

## မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဝဥခြောက် ၃၃ တန်ခွဲ တင်ပို့ခဲ့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၂ သန်းတန်ဖိုးရှိ ဝဥခြောက် ၃၃ တန်ခွဲကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကလည်း ၃၄ တန်ခွဲ တင်ပို့ခဲ့တာကြောင့် တရုတ်နိုင်ငံသို့ ဝဥခြောက်ပုံမှန်တင်ပို့မှုရှိတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။

ဝဥခြောက်မှာ အဆီကျစေတဲ့ အာနိသင်ရှိပြီး ကိုလက်စထရောလည်း ကျစေတာကြောင့် ဆေးဝါးများဖော်စပ်ရာမှာ လည်းကောင်း၊ ခေါက်ဆွဲပြုလုပ်ခြင်း၊ ပြုတ်၍သုပ်စားခြင်း၊ အသားတုပြုလုပ်ခြင်းများတွင် လည်းကောင်း လိုသလိုအသုံးပြုနိုင်တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးများပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၆၀၄ သန်းတန်ဖိုးရှိ ကွမ်းသီး ၇၂၆ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၂၆ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၄၀၀ ခန့်ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းရော ရိဒ်ကုန်သွယ်ရေးစခန်းပါ ကွမ်းသီးများ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုတင်ပို့မှု ပိုလာရခြင်းဖြစ်တယ်လို့ သိရပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၁၉ သန်း တန်ဖိုးရှိ ကွမ်းသီး ၂၄၉ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၈၅ သန်း တန်ဖိုးရှိ ကွမ်းသီး ၄၇၇ တန်ကိုတင်ပို့ခဲ့ပြီး တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၀၇ သန်းတန်ဖိုးရှိ နန့်ဖာလုံကုန်စုံ၊ စီးကရက်၊ ကြက်သွန်ဖြူ၊ မြေပဲဆန်၊ ကုလားပဲ၊ ဘိလပ်မြေ၊ ပဲပုပ်စေ့၊ မတ်ပဲ၊ နံနံစေ့တို့ကို ၁၅၅ တန် တင်ပို့ခဲ့ပါတယ်။ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၁ သန်းတန်ဖိုးရှိ စီးကရက် ၃၈ တန်လည်း တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## မူဆယ်မှ ပျားရည်တန် ၆၀ တင်ပို့

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၈ ခုနှစ်ဇန်နဝါရီ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၂၀၀၀ တန်ဖိုးရှိ ပျားရည်တန် ၆၀ ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်မူဆယ်မှပျားရည်တင်ပို့မှုမရှိခဲ့ကြောင်းကိုလည်း သိရှိရပါတယ်။

မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့တွင် အများဆုံးလုပ်ကိုင်လျက်ရှိကြောင်း၊ ပျားရည်တွင်ဆီးပျားရည်၊ လဲမှို့ပျားရည်၊ နေကြာပျားရည်နဲ့ ပန်းနှမ်းပျားရည်ဆိုပြီး မှီတွယ်ရတဲ့သစ်ပင်အမျိုးအစားအလိုက် ပျားရည်မျိုးကွဲများရရှိကာ ပြည်ပဈေးကွက်သို့ တင်ပို့ကြကြောင်း သိရပါတယ်။ **မော်မော်အောင်**

## တရုတ်နယ်စပ်မှ သကြား လျော့နည်းတင်ပို့

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနှစ်ခုမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၁၄ သန်းတန်ဖိုးရှိ Re-export သကြား ၁၂၆၃၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၁၂၁၃၆ တန်နဲ့ ချင်းရွှေဟော်မှတန် ၅၀၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းနှစ်ခုပေါင်းမှ သကြားတန်ချိန် ၃၀၇၆၉ တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ် ၁၈၁၃၃ တန်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က သကြားတစ်တန်ကို မိမိဘက်ပေါက်ဈေး ကျပ် ၈၇၃၁၂၀ ရှိရာမှ ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၅ ရက် အထိရက်သတ္တပတ်အတွင်းကျပ် ၈၅၆၆၀ သို့လည်းကောင်း၊ ယွမ် ၄၂၈၀ မှ ယွမ် ၄၂၄၀သို့လည်းကောင်း ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ **မော်မော်အောင်**

## ပြည်တွင်းသို့ ဆိုင်ကယ်ဝင်ရောက်မှု ဆက်လက်ကျဆင်း

ကုန်သွယ်ရေးဇုန်နဲ့စခန်းများမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၄၅ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၅၀၆၂ စီးတင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇၆၆၀ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၅၉၈ စီးလျော့နည်းခဲ့လို့ ဆိုင်ကယ်များဝင်ရောက်မှု ဆက်လက်ကျဆင်းနေတာ တွေ့ရပါတယ်။

ယခုတစ်ပတ်မှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၂၄ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၄၃၁၁စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၉၇ သန်းတန်ဖိုးရှိဆိုင်ကယ် ၆၈၂ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၂ သန်းတန်ဖိုးရှိ ဆိုင်ကယ်အစီး ၆၀၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ဆိုင်ကယ်သုံးစီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၇ သန်း တန်ဖိုးရှိ ဆိုင်ကယ်ခြောက်စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ တစ်သျှူးငှက်ပျော ပိုမိုတင်ပို့

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၀ရက်မှ ၂၀၁၈ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၅၉ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၉၄၁၅ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၆၇၅ တန်နဲ့နှိုင်းယှဉ်ပါက တန် ၅၇၄၀ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၂ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၁၄၄ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၆၃၂ တန်နဲ့နှိုင်းယှဉ်ပါက ၄၈၈ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

တစ်သျှူးငှက်ပျောတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးဟာ (ငွေလဲနှုန်းအရ) ကျပ်လေးသိန်းဝန်းကျင်ရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## ထိုင်းနယ်စပ်မှ ရေထွက်ကုန်တင်ပို့မှုကျဆင်း

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ၂၀၁၇ ခုနှစ်ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၈ ခုနှစ်ဇန်နဝါရီ ၅ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၂၄ သန်းတန် ဖိုးရှိ ရေထွက်ကုန် ၇၈၆၆ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၃၃၂ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၆၆ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ ထိုင်းနယ်စပ်ရှိကုန်သွယ်ရေးစခန်းအားလုံးမှ ရေထွက်ကုန်များ တင်ပို့မှုကျဆင်းခဲ့တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၁၁ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း ၈၈ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၉၈ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ကဏန်း၊ ရေဘဝဲ၊ အခြားရေထွက်၊ ပင်လယ်ငါးရှဉ့် ၄၁၂၇ တန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၁၅ သန်းတန်ဖိုးရှိ ငါးမှုန့်၊ ငါးမျိုးစုံ၊ ကင်းမွန်၊ မွေးပုစွန်၊ သဲကဏန်း၊ ကင်းမွန် (လိပ်)တန် ၃၆၅၀ တို့ကို တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၉၆ သန်း တန်ဖိုးရှိ ရေထွက်ကုန်တန် ၂၆၄၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့တန် ၂၅၆၀ ကျော်နဲ့ နှိုင်းယှဉ်ပါက တန် ၈၀ ပိုမိုတင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၂၄၀ သန်း ပိုမိုတာ တွေ့ရပါတယ်။

ယခုတစ်ပတ်တွင် ကဏန်း၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးလေးခြောက်နဲ့ ငါးမျိုးစုံတို့ တင်ပို့မှုပိုမိုခဲ့တာကြောင့် ယခုလိုတန်ချိန်ရော တန်ဖိုးပါ ပိုမိုရတာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ယခင်တစ်ပတ်က ကဏန်းတစ်တန်လျှင် ယွမ် ၅၆၇၀၀ ရှိရာမှ ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း ယွမ် ၅၈၈၀၀ ဈေးသို့မြင့်တက်ခဲ့ပြီး ငါးရှဉ့်တစ်တန်လျှင် ယွမ် ၃၂၀၀၀ မှ ယွမ် ၃၀၀၀၀ အထိ ဈေးလျော့နည်းခဲ့ကြောင်း သိရပါတယ်။ **မော်မော်အောင်**

## မောင်တောမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝါးတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၇၉၉ တန်ဖိုးရှိ ဝါးကြီး ၂၂ တန်ခွဲကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မောင်တောမှ ဝါးတင်ပို့မှုမရှိဘဲ ဝါးလုံးအကြီး တစ်တန်ရဲ့ လိုင်စင်ဈေးမှာ အမေရိကန်ဒေါ်လာ ၈၀ ခန့်ရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးအောင်မောင်း ပဲစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးအောင်မောင်းသည် ၂၀၁၈ခုနှစ်၊ ဇန်နဝါရီ ၇ ရက်တွင် ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ် တောင်စင်ကျေးရွာရှိ ဆိတ်၊ သိုး မွေးမြူသူတောင်သူများနှင့်လည်းကောင်း၊ ဇန်နဝါရီ ၈ ရက်တွင် ချောက်မြို့နယ်၊ ဆားတောင် အရှေ့ကျေးရွာရှိပဲစိုက်တောင်သူများနှင့် လည်းကောင်း၊ မကွေးမြို့၊ ပေတောကျေးရွာ Global Myanmar Agro Co.,Ltd. မွေးမြူရေးခြံရှိ ဆိတ်များ မွေးမြူထားရှိမှုအခြေအနေနှင့် မကွေးမြို့၊ မြို့ပတ်လမ်းရှိ ဆိတ်မွေးမြူရေးခြံအား လည်းကောင်း၊ ဇန်နဝါရီ ၉ ရက်တွင် မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာရှိ ပဲစိုက်တောင်သူများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ ပါသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်(၂)က ပဲစင်းငုံသီးနှံနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံမှ ပဲမျိုးစုံအတွက် တန်ချိန်တိုး၍ ပိုလျှံနေသောကြောင့် ပဲစင်းငုံ အနည်းငယ်သာ ဝယ်ယူလျက်ရှိပြီး မူဝါဒကန့်သတ်ချက်များ ပြုလုပ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပဲစားပွဲတော်များ ကျင်းပလျက်ရှိပြီး တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ကိုလည်း ထုတ်လုပ်ရောင်းချနေပြီဖြစ်ကြောင်း၊ ပဲအစားထိုး ဝါသီးနှံများ၊ ဈေးကွက်ဝင်သီးနှံနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးသင့်ကြောင်း၊ ဆားတောင်ကျေးရွာတွင် ဆိတ်အစုအဖွဲ့ စုဖွဲ့နိုင်ရေး ကွင်းဆင်းဆောင်ရွက်ရန် ၊ သစ်ရာကောက်ကျေးရွာ လျှော်ဖြူ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော တောင်သူများမှ လိုအပ်သော အကူအညီ များပံ့ပိုးပေးရန်နှင့် သိရှိလိုသည်များ မေးမြန်းရာ မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီး ဌာန တိုင်းဦးစီးမှူးက ဈေးကွက်ဝင် သီးနှံစိုက်ပျိုးထုတ်လုပ်သည့် အသင်းများနှင့် ချိတ်ဆက်ပေးသွားမည်ဖြစ်ပြီး ဖြန့်ဝေပေးထားသော လက်ကမ်းစာစောင်များတွင်လည်း ဖုန်းနံပါတ်များပါဝင်သည့်အတွက် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ မေးမြန်းနိုင်ပါကြောင်း စသည်ဖြင့် ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# အခါလွန်မိုးနှင့် အကျဘက် ယိမ်းနေတဲ့ ကြက်သွန်နီဈေးကွက်

**[ မျိုးသီတာ(မြင်းခြံ) ]**




မြင်းခြံဒေသဟာ ကြက်သွန်နီကို အဓိကစိုက်ပျိုးထုတ်လုပ်သည့် ဒေသဖြစ်ပြီး မြင်းခြံခရိုင်အတွင်းမှာရှိတဲ့ ကြက်သွန်နီထွက်ရှိရာ မြို့နယ်များမှလည်း မြင်းခြံဈေးကွက်သို့ကြက်သွန်နီများ တင်ပို့ရောင်းချကြပါတယ်။ မြင်းခြံခရိုင်မှာ ကြက်သွန်နီအများဆုံးစိုက်ပျိုးတဲ့ မြို့နယ်တွေကတော့ မြင်းခြံမြို့နယ်နဲ့ တောင်သာမြို့နယ်တို့ဖြစ်ပြီး တစ်ခရိုင်လုံးမှာ မိုးကြက်သွန်နီကို၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ၄၆၂၁ ဧက စိုက်ပျိုးပြီး အထွက်ကတော့ ပိဿာချိန် ၇၄ သိန်းနီးပါးခန့် ထွက်ရှိခဲ့ပါတယ်။ မိုးကြက်သွန်နီဟာ စက်တင်ဘာလမှ အောက်တိုဘာလအတွင်း စိုက်ပျိုးရမှာဖြစ်သော်လည်း အောက်တိုဘာလ (လဆန်း)မှ(လလယ်)ခန့်အထိ မိုးဆက်တိုက်ရွာသွန်းမှုကြောင့် စိုက်ချိန်နောက်ကျခဲ့ပြီး မိုးကြက်သွန်နီများကို ယခုထိ ရိတ်သိမ်းနေဆဲလည်း ဖြစ်ပါတယ်။ အောက်တိုဘာလအတွင်း ရွာသွန်းသောမိုးကြောင့် ကြက်သွန်ပင်ခံအခင်းများ ပျက်စီးသွားတဲ့အတွက်လည်း မျိုးစေ့ဈေးနှုန်းများကြီးမြင့်ခဲ့ပြီး တစ်ပြည်လျှင် ကျပ် ၇၀၀၀၀ မှကျပ် ၈၀၀၀၀ ထိ ဈေးမြင့်တက်ခဲ့ပါတယ်။ မြင်းခြံဈေးကွက်မှာ အောက်တိုဘာလအတွင်း နွေကြက်သွန်နီဈေးဟာ တစ်ပိဿာ (ရှယ်) ကျပ် ၂၄၀၀ ခန့်၊ (လတ်)ကျပ် ၂၃၀၀ ခန့်နှင့် (သေး)ကျပ် ၂၂၀၀ ထိ ဈေးမြင့်ခဲ့ပြီး မိုးကြက်သွန်နီဈေးကတော့ ပေါ်ကာစမှာပဲ တစ်ပိဿာကျပ် ၆၀၀ မှ ကျပ် ၁၂၀၀ ခန့်အထိ ဈေးကောင်းခဲ့ပါတယ်။ နွေကြက်သွန်နီဈေးဟာ ဒီနှစ်ဇွန်လလယ်လောက်မှာထိပ်စ ကျပ် ၁၂၀၀ မှ ၁၃၀၀ လောက်မှာ ဈေးတန်းနေရာကနေ ဇူလိုင်လနောက်ဆုံးပတ်မှာ ကျပ် ၁၆၀၀ ခန့်အထိ ဈေးတစ်ရိပ်ရိပ် တက်လာပါတယ်။ နွေကြက်သွန်နီနဲ့အတူ မိုးကြက်သွန်ကလည်း ဈေးမြင့်လျက်ရှိရာမှာ ဒီဇင်ဘာလ ပထမပတ်အတွင်း နွေကြက်သွန်နီဟာ ကျပ် ၂၇၀၀၊ မိုးကြက်သွန်နီကကျပ် ၂၂၀၀ အထိ ရောက်ရှိလာပါတယ်။ နွေကြက်သွန်နီဟာ ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ကုန်ပစ္စည်းပြတ်ပြီး မိုးကြက်သွန်နီကတော့ ဒိုင်ပြတ်ဈေး ကျပ် ၂၅၀၀ မှ ၂၇၀၀ နဲ့လက်လီဈေးကတော့ ကျပ် ၃၀၀၀ ကျော်ထိ ဈေးမြင့်တက်ခဲ့ပါတယ်။

ဒီဇင်ဘာလ နောက်ဆုံးပတ်နဲ့ ဇန်နဝါရီလဆန်းပိုင်းမှာ အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့တဲ့အတွက် မိုးကြက်သွန်နီစိုက်ခင်းများ တူးဖော်မှုကို ရပ်ဆိုင်းထားခဲ့ရပြီး အထွက်နှုန်းလည်း ကျဆင်းနေခြင်းကြောင့် ကြက်သွန်နီဈေးနှုန်းမှာ မြင့်တက်ခဲ့ပါတယ်။ ကြက်သွန်နီအထွက်နှုန်း နည်းတဲ့အတွက် တရုတ်နိုင်ငံက တင်သွင်းနေကြရပြီး ကြက်သွန်နီ စိုက်ခင်းတွေကိုလည်း တစ်ပတ်ဆယ်ရက်ကြာမှ တူးဖော်ရမှာဖြစ်တဲ့အတွက် ကြက်သွန်နီအဝင်နည်းလျက်ရှိပါတယ်။ ကြက်သွန်နီဟာ သင့်တင့်မျှတတဲ့ရာသီဥတုကို ကြိုက်နှစ်သက်သော်လည်း အချိန်အခါမဟုတ် မိုးရွာသွန်းတဲ့အတွက် ဆောင်းကြက်သွန်နီပင်ခံ စိုက်ခင်းများရေဝင်ပြီး ထိခိုက်ပျက်စီးခဲ့လို့ ကြက်သွန်နီအထွက်နှုန်းလျော့ကျမယ်လို့လည်း ခန့်မှန်းကြပါတယ်။


မြင်းခြံခရိုင်အတွင်း မြို့နယ်များမှာလည်း ဇန်နဝါရီလဆန်းပိုင်းက ရွာသွန်းတဲ့မိုးကြောင့် ဆောင်းကြက်သွန်စိုက်ခင်းများ ထိခိုက်ပျက်စီးမှု အနည်းငယ်ရှိခဲ့ပါတယ်။ မြင်းခြံခရိုင်မှာ တောင်သာမြို့နယ်ဟာ မြင်းခြံမြို့နယ်ပြီးရင် ဒုတိယကြက်သွန်နီ အများအပြား စိုက်ရာဒေသလည်းဖြစ်ပါတယ်။ အချိန်အခါမဲ့ မိုးရွာသွန်းတာကြောင့် ဆင်တဲဝချောင်းအတွင်း ရေလျှံတဲ့အတွက် ကျေးရွာအုပ်စု သုံးအုပ်စုမှ တောင်သူ ၁၄ ဦး၏ ဆောင်းကြက်သွန်နီစိုက်ခင်းတွေဟာ ရေမျှောထိခိုက် ၆ ဒသမ ၁၉ ဧက အနက် ၃ ဒသမ ၇၉ ဧက ပျက်စီးခဲ့ပါတယ်။

ဒီလိုအချိန်အခါမဲ့ မိုးကြောင့် ဆောင်းကြက်သွန်နီ စိုက်ခင်းများ ထိခိုက်သော်လည်း ပြောပလောက်တဲ့ အနေအထားမဟုတ်တဲ့အတွက် မြင်းခြံကြက်သွန်နီဈေးကွက်အနေနဲ့ ထိခိုက်စရာမရကြောင်း၊ အရင်နှစ်ထက်စိုက်ဧကပိုများရင် ရာနှုန်းအနည်းငယ်ပျက်စီးလည်း အကြောင်းမဟုတ်ကြောင်း သို့ပေမယ့်ယောချောင်းစိုက်ကြက်သွန်နီစိုက်ခင်းများ ပျက်စီးတဲ့အတွက်တော့ အထွက်နှုန်း လျော့နည်းနိုင်တာလဲ အဓိကကျကြောင်း၊ အခုမိုးကြောင့် ဘယ်လောက်ပျက်စီးတယ်၊ အထွက်နှုန်း ဘယ်လောက်ထိ ထိခိုက်သလဲဆိုတာတော့မှန်းလို့ မရသေးကြောင်း၊ ယခုရက်ပိုင်းအတွင်း ကြက်သွန်နီ ဈေးက ကျပ် ၃၀၀ မှ ၄၀၀ လောက်ကျသွားကြောင်း၊ ကြက်သွန်တစ်ပိဿာကျပ် ၂၀၀၀ အထက်ကနေ အခုကျပ် ၂၀၀၀ အောက်ကျသွားကြောင်း၊ ကြက်သွန်ဈေးက ကျနေလိုက်၊ တန်းသွားလိုက်နဲ့ ဆက်ကျသွားဦးမှာဖြစ်ကြောင်း၊ မတ်လလောက်ရောက်တဲ့အချိန်မှာ ကြမ်းခင်းဈေး အထက်နားလောက်ထိ ရောက်သွားနိုင်ကြောင်း၊ အခုမိုးကြောင့်မလှိုင်ဘက်တွင်ပျက်စီးကြောင်း၊ ဆင်တဲဝချောင်းစိုက် အနည်းငယ်ထိခိုက်ပေမယ့် ဆုံးရှုံးမှုရာခိုင်နှုန်း မရှိသလောက်ဖြစ်ကြောင်း၊ လာမယ့်နှစ်အတွက်ပြောဖို့ရာ စောသေးကြောင်း၊ အကယ်၍ ယခုမိုးသာမရွာရင် ကြက်သွန်ပေါ်မယ်။ နောက်ပိုင်း လွှင့်ပစ်ရမှာဖြစ်ကြောင်း၊ ယခုမိုးရွာလိုက်တဲ့အတွက် ဘယ်လောက်ပျက်စီးဆုံးရှုံးတယ်၊ ဘယ်လောက်အထွက်လျော့မယ်၊တကယ်ပျက်စီးလား၊ မပျက်စီးဘူးလား၊ ပုံမှန်သွားမလား၊ တက်မလား၊ ကျမလားဆိုတာ ခန့်မှန်းလို့မရသေးကြောင်း၊ မနှစ်ကကြက်သွန်နီဈေးကျပ် ၂၅၀၀ ပတ်ဝန်းကျင်မှာ အပြီးသတ်သွားတဲ့အတွက် အခုစိုက်အားနဲ့ဆို နောက်တစ်နှစ်ဆိုရင် ဈေးကျနိုင်ကြောင်း၊ဒီနှစ်ရာသီဥတု ဖောက်ပြန်တဲ့အတွက် တောင်သူစိုက်ပျိုးစရိတ်အခြေခံ ကုန်ထုတ်လုပ်မှုသည် ကျပ် ၄၀၀ ပတ်လည်မှာဖြစ်ပြီး ကြမ်းခင်းဈေးထက် နည်းနည်းမြင့်မယ်၊ သကြံန်နားပတ်ဝန်းကျင်မှာ အခြေခံကြမ်းခင်းဈေးနားရောက်နိုင်ကြောင်း၊ ယခုရက်ပိုင်း မိုးရွာတဲ့အခိုက်အတန့် နှုတ်တာ၊ ပျိုးတာ ရပ်လိုက်ရလို့ ရန်ကုန်မှာအဝင်နည်းသွားပြီး ဈေးက ကျပ် ၂၅၀၀ အထက် ရောက်သွားပေမဲ့ ယခု မိုးတန့်သွားတဲ့အတွက် ကြက်သွန်အဝင်များပြီး ဈေးကျသွားကြောင်း၊ မြင်းခြံ၊ ဆိပ်ဖြူ၊ ပခုက္ကူ၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ မြစ်သား စသည့် နယ်စုံမှ ကြက်သွန်များ ဝင်လာကြောင်း၊ ဒီရက်ပိုင်း ဈေးတက်စရာအကြောင်း မရှိကြောင်း၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လအထိ ဆင်းသွားမှာဖြစ်ကြောင်း၊ ဒီရာသီမှာ ဈေးဒီထက်ကျရမှာဖြစ်ကြောင်း၊ လတ်တလော ယခုတစ်ပတ်အတွင်း ရန်ကုန်မှာ ဈေးက ကျပ် ၅၀၀ နဲ့ ၁၀၀၀ ဈေးပြုတ်ကျသွားကြောင်း၊ ဘုရင့်နောင်ဈေးကွက်မှာ ကြက်သွန်နီကောင်းမှ ကျပ် ၂၀၀၀ သာသာဖြစ်ကြောင်း၊ မြင်းခြံကားကွင်းမှာ ဈေးမပြတ်သေးကြောင်း၊ ကြိုဈေး ကျပ် ၁၅၀၀မှ ၂၀၀၀အကြား ကြမ်းခင်းဈေးသတ်မှတ်ကြောင်း၊ ကြက်သွန်ကုန်သည်တစ်ဦးထံမှ စုံစမ်းသိရှိရပါသည်။

မြင်းခြံဈေးကွက်မှာ ဒီရက်ပိုင်း မိုးကြက်သွန်နီ ကုန်ဝင်ပိဿာ ၁၅၀၀၀ ခန့်ဖြင့် စံချိန်တင်ဝင်ရောက်ခဲ့ပြီး ကြက်သွန်နီဈေးများ ကျဆင်းလာတာကို တွေ့ရပါတယ်။ နယ်စုံမှ မိုးကြက်သွန်များ လှိုင်လှိုင်ပေါ်လာတဲ့အတွက် ဈေးချရောင်းရတဲ့ အခြေအနေတစ်ခုဖြစ်လာပြီး အရည်အသွေးကောင်းမှကျပ် ၁၈၀၀-၁၉၀၀-၂၀၀၀ ဈေးသာဖြစ်ပေါ်နေပြီး ဆက်လက်၍ ကျဦးမည့် အလားအလာအရ ကြက်သွန်ဈေးမှာ ကျပ် ၁၀၀၀ နားပတ်လည်အထိ ကျဆင်းနိုင်ကြောင်း၊ ယခင်နှစ်က ပေါ်ချိန်ကျပ် ၅၀၀ တစ်ပတ်လည်နှင့် ဒီနှစ်တော့ကျပ် ၁၀၀၀ ပတ်လည်နား ရှိနိုင်ကြောင်း၊ မြင်းခြံဈေးကွက်အနေနဲ့အစို၊ ခြောက်၊ အညှံ့၊ အကောင်းအလိုက်ကျပ် ၁၇၅၀-၁၇၀၀- ၁၅၀၀ နဲ့ဈေးပြတ်ပြီး ကျောက်ပန်းတောင်းထိတ်ဖင်စု ကျပ် ၂၀၀၀၊ အချော၊ အကြမ်းကျပ် ၁၈၀၀ ဈေးပြတ်ခဲ့ပါတယ်။ ကြက်သွန်နီမှာ အဝင်များ၍ ဘုရင့်နောင်ဈေးကွက်တွင် ဈေးကျပြီး ဈေးက ထိန်းမရဖြစ်နေကြောင်း၊ သို့သော် အဝင်နည်းပြီး အစိုတွေမလာရင် ဈေးမာလာနိုင်ကြောင်းလည်း တောင်သူများမှ မျှော်လင့်နေပါတယ်။ မြင်းခြံကုန်စည်ဒိုင် အရောင်းအဝယ်ဖြစ်မှု အခြေအနေမှာ ယခင်တစ်ပတ်က ကြက်သွန်ကုန်ဝင်အလွန်နည်းပါးခဲ့ပြီး မိုးကြက်သွန်နီ တစ်ပိဿာ(ရှယ်) ကျပ် ၂၇၀၀ မှ ၂၉၀၀၊ (လတ်)ကျပ် ၂၂၀၀ မှ ၂၄၀၀၊ (သေး)ကျပ် ၁၀၀၀မှ ၁၃၀၀ ထိ ဈေးမြင့်တက်ခဲ့သော်လည်း ယခုရက်ပိုင်းအတွင်း ကုန်ဝင် ပိဿာချိန် ၁၀၀၀၀၀၊ ၁၅၀၀၀၀ထိ ဝင်ရောက်ခဲ့တဲ့အတွက် မိုး(ရှယ်)ကျပ် ၁၉၀၀ မှ၂၀၀၀၊ (လတ်)ကျပ် ၁၇၅၀မှ၁၈၀၀နှင့် (သေး) ကျပ် ၁၅၀၀ မှ ၁၆၀၀ ဖြစ်ပြီး၊ လက်ရှိဈေးကွက်အခြေအနေမှာ အရောင်းအဝယ်အေးနေကြောင်း တင်ပြလိုက်ရပါတယ်။



KIP KHANT COMPANY LIMITED
Electric Concrete pole/Material/Machine
Manufacturing & Distributor
အမှတ်(၃)၊ စက်မှုမြို့ပတ်လမ်း ၆၂-ရပ်ကွက်၊ စက်မှုဇုံ(၂)၊ တောင်ဒဂုံ။ ဖုန်း - ၀၁-၂၃၄၀၁၁၅၊ ၀၉-၄၂၁၀၅၄၂၃၆

Government Register No. (YGN-1423)
ကိုဖိုးတုတ် + မဘီနား
DIAMOND UNIVERSE
စိန်ရွှေရတနာရောင်းဝယ်ရေး
Diamond + Mogok Natural Gems & Jewellery
စိန်ထည်ပစ္စည်း၊
စိန်အခြေ၊ စိန်အလွတ်
GIA ကတ်ဆိုဒ်မျိုးစုံကို
ဈေးနှုန်းချိုသာစွာဖြင့်
လက်လီ၊ လက်ကား ရောင်းချပေးနေပါသည်။
အိမ် - အမှတ် ၆၂၊ ၆၈၊ ၁၁ လွှာ (A)၊ ရွှေဘုံသာလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဆိုင် - အမှတ် B3, B4 ဗိုင်းမွန်းအင်ပါယာဆိုင်တန်း၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။
ဖုန်း - 01 381781 09 788899981 , 09 43145565
Email - photoke.diamonduniverse@gmail.com




LESAFFRE GROUP
BLESSING TRADING Co.,Ltd
Exporter & Importer
Haji U Maung Mya B.Sc
magimix
BREAD IMPROVER
saf-instant
IBIS
BREAD IMPROVER
Office:
No.136,27th Street, Pabedan Township, Yangon Myanmar.
Tel:01-246605, 01-387456/ Fax:01-246605, HP:09-5181289
Email:786tdg@mptmail.net.mm
Residence:
NO.1/2,2nd Street, Upper Mandalay Road, Kandawgalay,
Mingalr Taung Nyunt Township, Yangon, Myanmar.
Ph:01-388851/ E-mail:mya@blessingtrading.com
www.blessingtrading.com




AUTHORIZED CUSTOMS SERVICE AGENCY
AKH A.K.H
AUTHORIZED CUSTOMS SERVICE AGENCY
Our Services
- Customs Clearing
- Transportation Services
- Door to Door Services
- Trade Services
- Bank Services
Address : No.6,2nd Floor (Right),45th Street,Botahtaung Township,Yangon.
Tel : (+ 951) 297627,9010150
E-mail :aungkyawhein1973@gmail.com
aungminsoe1976.akh@gmail.com
Hot Line :+959 254178080,254733399

# MYANMAR PADAUK TRADING CO., LTD.

မြန်မာနိုင်ငံတဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။

KORYO CABLE – Made in Korea | CONTINENTAL ELECTRIC WIRE – Made in Korea | CADI-SUN – Made in Vietnam | EMG CABLE & WIRE – Made in Korea | N.i.U ELEC – Made in China | JEWAY – Made in China

IEC Standard နှင့် အညီ ထုတ်လုပ်ထားသော 99.9 Pure Coppeer (LT/HT) ဝါယာကြိုးများ၊ 99.9 Pure Aluminium Isulated ဝါယာကြိုးများနှင့် 400V Material & 6.6kV/11kV/33kV (Line Accessories) များအား နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ ရရှိထားသော မှန်ကန်သည့် အရည်အသွေးပြည့် ပစ္စည်းများကိုသာ မြန်မာနိုင်ငံ တဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။



**Available Items**

- Building Wire
- Underground Cable
- Overhead Cable
- High Quality & Long Term Quality Control
- Resonable Price for Customer
- International Standard & Certified for Safety
- We Can Support Low Voltage, Medium Voltage, High Voltage Copper Conductor & Aluminium Conductor

Head Office : No.12/ Da Dwe, Inya Avenue St., Ka Ba Aye Pagoda Rd, Mayangone Tsp. Tel : 01 657781, 657782, 657783, 657784

Showroom ( Yangon) : No. (H3-46), Thiriyadanar Wholesale/Retail Compound, North Okalapa Tsp.,Yangon.. Tel : 01 578538, 09 400309366

Showroom ( Dawei) : No.(117), Tike Thit Kyaung Road, Kanyone Yet, Dawei Tsp., Tanintharyi Division.Tel : 09 457366663, 09 457366664

Showroom (Taunggyi) : No.33, Oakaw Street, Nyaung Shwe Hawkone Yet, Taunggyi, Shan State. Tel : 09 445578001, 09 445578002

Showroom ( Monywa) : No.103, Bogyoke Aung San Street, Kwaegyi Ward, Monywa Tsp. Sagaing Division. Tel : 09 427 8888 71, 09 427 8888 72

Email : epshowroom@myanmarpadauk.com Website : www.myanmarpadauk.com



# BGWD BAWGAWADI COMPANY LIMITED

ဘောဂဝတီကုမ္ပဏီလီမိတက်



## AUTOMOBILE TIMMING BELTS








**Shop:** Ka/38, No.17/18/19/20, Bayintnaung Market, Myatnarsartan, Mayangone Township, Yangon, Myanmar.

**Tel:** (95-1) 682551, 682554, 682627 **E-mail:** bawgawadiyangon@gmail.com

**Website:** www.bawgawadi.com.mm

# မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင် ဒီဇင်ဘာလအတွက် ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ကုန်သည်လုပ်ငန်းရှင်များအား တရားဝင် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးနိုင်ရေးကိုလည်း အစဉ်တစိုက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသော ကုန်သွယ်ရေးဇုန်တစ်ခုဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအတွက် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် တာဝန်ခံ ညွှန်ကြားရေးမှူးမှ ဦးဆောင်၍ ဇန်နဝါရီ ၅ ရက်တွင် မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ဌာနဆိုင်ရာများ၊ ကုန်သည်အသင်းအဖွဲ့များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များ စုစုပေါင်း ၅၄ ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါ အစည်းအဝေးတွင် ကုန်သွယ်ရေးဦးစီးဌာန၊ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် တာဝန်ခံညွှန်ကြားရေးမှူး ဦးဝင်းလွင်က ကုန်သွယ်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်အထိ ပင်လယ်ရေကြောင်းမှ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၂၂၄ ဒသမ ၇၉၇ သန်း၊ နယ်စပ်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၃၉၀ ဒသမ ၂၅၇ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၂၆၁၅ ဒသမ ၀၅၄ သန်းဖြစ်ကြောင်း၊ ကာလတူနှိုင်းယှဉ်ချက်အရ ယခင်နှစ်ထက် စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၇၈၄ ဒသမ ၀၅၁ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိ စုစုပေါင်း ကုန်သွယ်မှုပမာဏ လျာထားချက်မှာ အမေရိကန်ဒေါ်လာ ၄၁၂၅ သန်းဖြစ်ပြီး အမှန်ဆောင်ရွက်နိုင်မှုအနေဖြင့် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၁၄၄ ဒသမ ၈၆၉ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏ လျာထားချက်အပေါ် ၁၀၀ ဒသမ ၄၈ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒီဇင်ဘာလအတွင်း ထုတ်ပြန်ခဲ့သော ဝန်ကြီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက်များ၊ (၁၆)ကြိမ်မြောက် မြန်မာ-တရုတ် ကုန်စည်ပြပွဲကျင်းပခဲ့မှု အခြေအနေများ၊ (၁၂)ကြိမ်မြောက်JBTCCC အစည်းအဝေးတွင် ဆွေးနွေးခဲ့မှုများ၊ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် ပို့ကုန်ယာဉ်စစ်ကွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ နယ်မြေဒေသအတွင်း ထူးခြားသတင်းနှင့် လုံခြုံရေးဖြစ်စဉ်ဖြစ်ပေါ်ခဲ့မှု အခြေအနေများ၊ ကုန်သွယ်မှုပမာဏ မြင့်မားတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ ကုန်သွယ်မှုပမာဏ မြင့်မားတိုးတက်ရေးနှင့် ကုန်သွယ်ရေးဇုန် သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာများ၊ မိတ်ဖက်ဌာနများမှ ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုသည့် အချက်များအား အသေးစိတ် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါတယ်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**မူဆယ်(၁၀၅) မိုင်**
**ကုန်သွယ်ရေးဇုန်**

# ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ရော်ဘာပိုမိုတင်ပို့နိုင်သော်လည်း ဈေးကျ

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၄၆ သန်းတန်ဖိုးရှိရော်ဘာအဆင့်စုံ ၂၉၃၈ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS 3 အမျိုးအစား တန်ချိန် ၁၅၈၀ နဲ့ RSS 5 အမျိုးအစား ၂၆၂ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ Crepe Rubber ၁၀ တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS 3 အမျိုးအစား ၉၈၄ တန်ကျော်နဲ့ RSS 5 အမျိုးအစား ၅၂ တန်ကျော်တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေးတန်ချိန် ၅၀ တင်ပို့ခဲ့ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ ယခင်တစ်ပတ်က ရော်ဘာ ၅၁၇၄ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၂၃၆ တန် လျော့နည်းတင်ပို့ခဲ့ကြောင်း သတင်းရရှိပါတယ်။

ယခုတစ်ပတ် မူဆယ်ကုန်သွယ်ရေးဇုန်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS 3 အမျိုးအစားတစ်တန်လျှင် ကျပ် ၂၀ ဒသမ ၁၆၃ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက်တစ်တန်ကို ၄၁၀၇ ကျပ်ဈေးတက်ကြောင်း မူဆယ်မှ သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ၆ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆၃ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၁၅၉၅ တန်ကျော်တင်ပို့ခဲ့ပြီး နိုင်ငံအလိုက် တင်ပို့မှုတွေကတော့ မလေးရှား နိုင်ငံသို့ RSS 3 အမျိုးအစားတန်ချိန် ၃၆၀၊ MSR 20 အမျိုးအစား ၂၄၁ တန်ကျော်နဲ့ Mixtures of Natural Rubber and Synthetic Rubber (99% RSS -3, 1%) အမျိုးအစားတန်ချိန် ၂၃၀၊ ဂျပန်နိုင်ငံသို့ MSR 20 အမျိုးအစား ၂၉၄ တန်၊ တရုတ်နိုင်ငံသို့ TSR 20 အမျိုးအစား ၈၁ တန်၊ ကိုရီးယားနိုင်ငံသို့ TSR 20 အမျိုးအစား ၁၅၉ တန်၊ ဗီယက်နမ်နိုင်ငံသို့ RSS 3 အမျိုးအစား ၁၈၈ တန်ကျော်၊ အိန္ဒိယနိုင်ငံသို့ MSR 10 အမျိုးအစား ၄၂ တန် ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၁၃ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ရော်ဘာ ၁၁၈၂ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာပေါက်ဈေးတစ်တန်လျှင် ဒေါ်လာ ၅၀ ခန့်ဈေးကျကြောင်းနဲ့ ပြည်ပတင်ပို့မယ့် မြန်မာ့ ရော်ဘာ FOB ဈေးလည်း တစ်တန်လျှင်ဒေါ်လာ ၅၀ ခန့်ဈေးကျကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၄၀၀-၁၄၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ ၁၈၀၀-၁၉၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၃၀၀-၁၄၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၂၀၀-၁၃၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |

**ယဉ်ယဉ်အေး**



# ပြုပြင်ထားခြင်းမရှိသော စက်ပစ္စည်း (Used Machine) များကို ၂၀၁၈ ခုနှစ်အတွက် တင်သွင်းခွင့်ပြုသည့် အမိန့်ကြော်ငြာစာ (၁/၂၀၁၈) အား ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအပါအဝင် စက်မှုထုတ်ကုန်လုပ်ငန်းများ လုပ်ငန်းတည်ထောင်ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်သက်သာစေရန်အတွက် အသုံးပြုနိုင်သည့် ပြုပြင်ထားခြင်းမရှိသောစက်ပစ္စည်း (Used Machine)များကို ၂၀၁၈ ခုနှစ်အတွက် ဆက်လက်၍ တင်သွင်းခွင့်ပြုကြောင်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၈ ရက်က အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ Used Machine များကို ၂၀၁၅ ခုနှစ်မှစ၍ နှစ်အလိုက် တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ယခုအမိန့်စာဖြင့် ၂၀၁၈ ခုနှစ်အတွက် တင်သွင်းခွင့်ပေးခြင်းဖြစ်ကြောင်း သိရသည်။ အသုံးပြုပြီးစက်ပစ္စည်းများ တင်သွင်းခြင်းကို ပင်လယ်ရေကြောင်းမှသာ ခွင့်ပြုမည်ဖြစ်ပြီး တင်သွင်းလာသော အသုံးပြုပြီး စက်ပစ္စည်းများအား တင်သွင်းလိုင်စင်ပါ လျှောက်ထားချက်များနှင့် ကိုက်ညီမှု ရှိ/မရှိကို လိုအပ်ပါက စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်ဖြစ်သည်။

စစ်ဆေးချက်အရ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိကြောင်း စိစစ်တွေ့ရှိပါက သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များ တင်သွင်းခွင့်ပြုသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် သတ်မှတ်ချက်များကို နှစ်စဉ်ပြန်လည်သုံးသပ်ထုတ်ပြန်သွားမည်ဖြစ်ကာ အမိန့်ကြော်ငြာစာ အပြည့်အစုံအား www.commerce. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိပါသည်။

**ကြည်သာသစ်နိုင်**

စာမျက်နှာ (၈) တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်မှု . . . .မှအဆက်

ယခင် ကုန်သွယ်ရေးဇုန် မဖော်ထုတ်မီကာလများတွင် ယာဉ်စီးရေ ရာဂဏန်းရှိရာမှ ယခုဆိုလျှင် ယာဉ်စီးရေ ထောင်ဂဏန်းအထိ နေ့စဉ် ဝင်/ထွက်၍ ကုန်သွယ်မှုပြုလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကုန်သွယ်မှုဆောင်ရွက်သည့် ယာဉ်များ များပြားလာသလို ကုန်စည်စီးဆင်းမှုလမ်းကြောင်းတစ်လျှောက် အဟန့်အတားများ မဖြစ်ပေါ်စေရေး၊ ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများ မဖြစ်ပေါ်စေရေးအတွက် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ဌာနဆိုင်ရာများ၊ မိတ်ဖက် အဖွဲ့အစည်းများအနေနဲ့ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်ရမှာဖြစ်သလို ဒေသနေပြည်သူများ၊ ကုန်သွယ်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူများ၊ ကုန်သွယ်ရေးဇုန်အပေါ် မှီတင်းနေထိုင်သူများအားလုံး အတူပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

တစ်နှစ်ထက်တစ်နှစ် ကုန်သွယ်မှုပမာဏ မြင့်မားတိုးတက်နေတဲ့ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကြီး ရေရှည်တည်တံ့ခိုင်မြဲပါစေ၊ ဒေသနေပြည်သူများရဲ့ စီးပွားဥစ္စာများ ဒီရေအလား မြင့်မားတိုးတက်ပါစေ၊ နိုင်ငံတော်မှရသင့်ရထိုက်သော သတ်မှတ်အခွန်အခများ ပြည့်မီကျော်လွန်စွာရရှိပါစေ၊ ကုန်သွယ်မှုပမာဏတွေလည်း နှစ်စဉ်မြင့်မားတိုးတက်ပါစေ၊ ကုန်သွယ်ရေးဇုန်ကြီး ထာဝရအေးချမ်းပြီး နှစ်နိုင်ငံနေပြည်သူများရဲ့ အကျိုးစီးပွားများ ရေရှည်တည်မြဲပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ရေးသားလိုက်ရပါတယ်။

# "မိုး" ဘယ်ကနေရွာရွာ အကာအကွယ်ပေးမည့် "ထီးကလေး"

♦ နိုင်ဦး၊ မြင့်မြင့်ချို ♦

တစ်ခါတစ်ရံမေးခွန်းအချို့သည် မေးမြန်းသူမှလွယ်သော်လည်း ဖြေကြားရမည့်သူအတွက် အခက်အခဲများစွာ ကြုံတွေ့ရတတ်သည်။ တစ်နေ့က ကျွန်တော် နံနက်ပိုင်းလမ်းလျှောက်နေစဉ် ဘေးမှ သားအဖနှစ်ဦးမှာ စကားတပြောပြောနှင့် လမ်းလျှောက်နေသည်။ ငါးနှစ်အရွယ်ခန့်ရှိကလေးက သူ့ဖခင်အား မေးခွန်းတစ်ခုမေးသည်ကို ကျွန်တော်နှင့်မဝေး၍ ကြားနေရသည်။ "အဖေ မိုးက အပေါ်က ရွာလို့သာ ထီးဆောင်းလို့ရတယ်။ အောက်ကသာရွာရင် ထီးဘယ်လိုဆောင်းရမလဲ" တဲ့၊ ကလေး၏ဖခင်က ဘယ်လိုအဖြေမျိုးပေးခဲ့သည်ကို မသိခဲ့သော်လည်း ကလေးအတွက် ကျေနပ်သော အဖြေဖြစ်ရန်မှာမူ မလွယ်ပေ။ ထို့အတူပင် တစ်နှင့်တစ်ပေါင်းပါက အဖြေမည်မျှရမည်နည်း ဟူသောမေးခွန်းနှင့်ပတ်သက်၍လည်း ဒါများ လွယ်လွယ်လေးပဲနှစ်ပေါ့ဟု ဖြေကြသူများစွာရှိပေမည်။ တချို့က တစ်ဟုဖြေကြမည်။ သူ့အဖြေက ရေစက်တစ်စက်နှင့် တစ်စက်ပေါင်းက ရေတစ်စက်ပဲရလို့ဟု ဖြေပေမည်။ တချို့ကလည်း သုံးရသည်ဟု ဖြေကြမည်။ သူ့အဖြေက သူ့ဖခင်သည် တစ်၊ သူ့မိခင်သည်တစ်၊ သူ့ဖခင်နှင့် မိခင်ပေါင်းဖက်သောအခါ သူသည်တစ်ဦးတည်းသောသား ဖြစ်၍ အားလုံးပေါင်းပါက သုံးရသည် ဖြေကြားခြင်းဖြစ်သည်။ သင်ရောအဲ့ဒီမေးခွန်းတွေဖြစ်တဲ့ မိုးအပေါ်ကရွာလို့သာ ထီးဆောင်းလို့ရတာ အောက်ကသာရွာရင် ဘယ်လိုထီးဆောင်းရမလဲ၊ တစ်နှင့်တစ်ပေါင်းပါကရရှိသည့်အဖြေများအနက် ဘယ်အဖြေက အမှန်ဆုံးလဲဆိုတာတွေနဲ့ပတ်သက်ပြီးဒွိဟဖြစ်နေမည်မှာ၊ ယုံမှားသံသယရှိနေမည်မှာ မလွဲဧကန်ပင်ဖြစ်ပေမည်။ လူတစ်ဦးချင်းစီမှ အားသန်ရာရှုထောင့်အသီးသီးမှ ဖြေထားသော အဖြေများဖြစ်၍ ငြင်းဆန်ရန်ခက်ခဲသော၊ လက်ခံနိုင်လောက်သောအဖြေများ ဖြစ်နေပေသည်။ အလားတူပင် (၇)ငယ်ကို မြေကြီးပေါ်ရေးထားပြီး လူလေးဦးကိုအရှေ့၊ အနောက်၊တောင်၊ မြောက်ဘက်တို့မှကြည့်ပါက တစ်ဦးက တစ်လို့မြင်မည်။ တစ်ဦးက (၄) လို့မြင်မည်။ တစ်ဦးက (ပ)လို့မြင်မည်။ (၇) ငယ်ရေးထားတာကို အမှန်လို့မဖြေကြဘဲ အမြင်အမျိုးမျိုးဖြစ်နေသည်ကို အပြစ်မဆိုသင့်ပေ။ ကြည့်ရှုသူနားလည် သဘောပေါက်အောင် ရှင်းလင်း ပြရမည်ဖြစ်သည်။

ထို့အတူပင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူများဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် မြန်မာနိုင်ငံတစ်ဝန်း လွှမ်းခြုံဆောင်ရွက်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ အနှံ့အပြားသို့ သွားရောက်ကာ ပညာပေးဟောပြောဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ လမ်းဆုံ၊ လမ်းခွ၊ ဈေးများ၊ ကျောင်းများတွင် ပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်းများဆောင်ရွက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူများအားကာကွယ်ပေးနိုင်ရေးနှင့် လုပ်ငန်းရှင်များ နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များနှင့်အညီ လူသုံး၊ အိမ်သုံး၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးအတွက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ(၂၀၁၄) ကို စားသုံးသူများမိမိတို့၏ အခွင့်အရေးများ သိရှိတောင်းဆိုနိုင်ရေး၊ လိမ်လည်လှည့်ဖြားမှုမခံရစေရေး၊ စားသုံးသူများကို ထိရောက်စွာ ကာကွယ်ပေးနိုင်သော စနစ်တစ်ရပ် ပေါ်ပေါက်လာစေရေး၊ သတင်းအချက်အလက်ဖြန့်ဝေ အသိပေးခြင်းတို့ ပါဝင်သော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း အစီအမံများ ပေါ်ပေါက်လာစေရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အပြုအမူများ ဖြစ်ပေါ်လာစေရေး၊ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ စိတ်ကျေနပ်မှုရရှိရေး၊ အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မားသော လူသုံးအိမ်သုံးကုန်စည်နှင့် ဝန်ဆောင်မှုများဖော်ဆောင် ဖြည့်ဆည်းပေးရေး စသည့် ရည်ရွယ်ချက်များဖြင့် ပြဋ္ဌာန်းထားပါသည်။

စားသုံးသူများ၏ ရရှိပိုင်ခွင့်ရှိသောအခွင့်အရေးများနှင့်ပတ်သက်၍လည်း ကုန်စည်၊ ဝန်ဆောင်မှုများကို ဘေးအန္တရာယ်ကင်းရှင်းစွာ ရယူအသုံးပြုနိုင်ခွင့်၊ မှန်ကန်ပြည့်စုံသောသတင်းအချက်အလက်များ ရရှိနိုင်ခွင့်၊ စိတ်ကြိုက်ရွေးချယ်နိုင်ခွင့်၊ အခြေခံလိုအပ်ချက်များပေါ်တွင် စိတ်ကျေနပ်မှုရရှိခွင့်၊ နစ်နာဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ကုစားနိုင်ခွင့်၊ အသိပညာများ၊ အခွင့်အရေးများနှင့် အချက်အလက်များကို သိရှိလေ့လာနိုင်ခွင့်၊ ကျန်းမာဝပြောသည့် ပတ်ဝန်းကျင်ကောင်းတွင် ရှင်သန်နေထိုင်ခွင့်စသည့်အချက်များကို ပြဋ္ဌာန်းထားပါသည်။ လုပ်ငန်းရှင်များ လိုက်နာကျင့်သုံးရမည့် တာဝန်များနှင့်ပတ်သက်၍လည်း စီးပွားရေးကျင့်ဝတ် စည်းကမ်းများနှင့်အညီ လုပ်ကိုင်ရေး၊ မှန်ကန်ရှင်းလင်းသော သတင်းအချက်အလက်များပေးခြင်း၊ ခွဲခြားမှုမရှိဘဲ ဖြောင့်မတ်မှန်ကန်စွာဆက်ဆံခြင်း၊ စံနှုန်းအရည်အသွေးများအပေါ် အာမခံချက်ပေးခြင်း၊ စမ်းသပ်နိုင်သည့် အခွင့်အရေးပေးခြင်း၊ သဘောတူညီချက်၊ စာချုပ်ပါဝန်ခံကတိအတိုင်း တိကျစွာ လိုက်နာခြင်းတို့ကို လိုက်နာရန်ပြဋ္ဌာန်းထားပါသည်။ ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသော စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄) သည် မိမိနိုင်ငံသားများဖြစ်သည့် စားသုံးသူရော လုပ်ငန်းရှင်များပါ နှစ်ဦးနှစ်ဖက်အကျိုးရှိစေရေးအတွက် ရေးဆွဲပြဋ္ဌာန်းထားခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။ စားသုံးသူများအား စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသလို လုပ်ငန်းရှင်များ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့် အညီ ထုတ်လုပ်ဆောင်ရွက်၍ ပြည်တွင်းဈေးကွက်သာမကပြည်ပဈေးကွက်အထိပါ ထိုးဖောက်နိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

စားသုံးသူပြည်သူများသည် စားသုံးသူရေးရာဦးစီးဌာနနှင့်FDA၏လုပ်ငန်းဆောင်ရွက်မှုများသည် အတူတူပင် ဖြစ်သည်ဟု ထင်နေကြသည်။ အမှန်မှာမတူညီပေ။ စားသုံးသူရေးရာဦးစီးဌာနသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနတစ်ခုဖြစ်ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန တစ်ခုဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မှုလည်း မတူပေ။ FDA မှ အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများနှင့် ပတ်သက်၍ ဘေးအန္တရာယ်ကင်းရှင်းရေး၊ သုံးစွဲရန်သင့်မသင့်ကို ဆောင်ရွက်လျက်ရှိပြီး စားသုံးသူရေးရာဦးစီးဌာနသည် လူသုံးအိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး၊ နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များနှင့် ကိုက်ညီစေရေးအတွက် ဆောင်ရွက်နေပြီး အဆိုပါကုန်စည်၊ ဝန်ဆောင်မှုများ သုံးစွဲပြီး စိတ်ပိုင်းဆိုင်ရာ၊ လူပုဂ္ဂိုလ်ပိုင်းဆိုင်ရာ၊ ငွေကြေးပိုင်းဆိုင်ရာများ ထိခိုက်နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

စားသုံးသူရေးရာဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ ထိရောက်အောင်မြင်မှုရရှိရေးအတွက် စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်များတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များနှင့် ယင်းအဖွဲ့အောက်တွင် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ၊ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှစ်ရပ်ကို ဖွဲ့စည်းခြင်း၊ စားသုံးသူသတင်းအချက်အလက်နှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) များဖွင့်လှစ်ကာဖိဖိစီးစီး ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ စေတနာထားဆောင်ရွက်ခဲ့သဖြင့် စားသုံးသူများမိမိတို့ရရှိမည့် အခွင့်အရေးများကို သိရှိလာကြသည်။ နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ တိုင်ကြားလာကြသည်။ ကုစားဖြေရှင်းပေးမှုများကို ကျေးဇူးတင်စွာလက်ခံလာကြသည်။ လုပ်ငန်းရှင်များကလည်း နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ခြင်း၏ အကျိုးကျေးဇူးကြီးမားပုံကို သိရှိလာကြသည်။ အကျိုးအမြတ်များ ပိုမိုခံစားလာရသည်မှာ ဝမ်းသာဖွယ်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်ခြင်းမှရရှိလာသော အောင်မြင်မှုများဖြစ်သည်။ သို့သော် ထိုအောင်မြင်မှုများကိုထိန်းသိမ်း၍ ထပ်မံတိုးမြှင့်ဆောင်ရွက်ရန်အတွက်မှု ဦးစီးဌာနနှင့် အတူစားသုံးသူရော လုပ်ငန်းရှင်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ ဖြစ်နိုင်ပေမည်။

မေးခွန်းအမျိုးမျိုး၊ အဖြေအမျိုးမျိုးရှိနေစေကာမူ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုရန်၊ သက်ရှည်ကျန်းမာစွာဖြင့် သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် စားသုံးသူများလုံခြုံစိတ်ချရမှုရှိရေး၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးစီမံခန့်ခွဲမှုနှင့် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများကို အဖြေမှန်တစ်ခုအဖြစ် ဦးတည်ကာဆောင်ရွက်ကြရမည်ဖြစ်သည်။ သူ့အဖြေမှားသည်၊ ငါ့အဖြေမှန်သည် ငြင်းခုံကြရန် အချိန်မရှိပေ။ ထိုငြင်းခုံမှုများကြောင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အောင်မြင်မှုရရှိနိုင်မည်မဟုတ်ပေ။ စားသုံးသူရေးရာ ဦးစီးဌာနသည် မတူညီသောမေးခွန်းအမျိုးမျိုး၊ အဖြေအမျိုးမျိုး မည်မျှပင် ရှိနေပါစေ စားသုံးသူများအခွင့်အရေး ပြည့်ဝစွာရရှိရေး၊ လုပ်ငန်းရှင်များဘက်မှ နိုင်ငံတကာစံနှုန်းသတ် မှတ်ချက်များနှင့် အညီ ထုတ်လုပ်ဆောင်ရွက်နိုင်ရေး၊ စားသုံးသူပြည်သူများ စိတ်ကျေနပ်မှုရရှိစေရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သဘောထားကာ ဆက်လက်ဆောင်ရွက်နေမည်သာဖြစ်ပေသည်။ မျက်မမြင်ပုဏ္ဏား(၆) ယောက် ဆင်တစ်ကောင်ကိုစမ်း၍ ထင်ကြေးအမျိုးမျိုး၊ ယူဆချက်အမျိုးမျိုးပေးကြသကဲ့သို့ ဌာနတစ်ခု၏ လုပ်ငန်းဆောင်ရွက်နေမှုများအား သေချာစွာမသိရှိဘဲ ပြည်သူလူထုထင်ယောင်ထင်မှားဖြစ်စေသည့် ပြောဆိုဆောင်ရွက်ခြင်းများသည် မသင့်လျော်ပေ။ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများသည် ပြည်သူလူထုအားလုံးပါဝင်သည့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းဖြစ်ပါသည်။ ပြည်သူလူထုအားလုံး၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည့် အသင်းအဖွဲ့များအားလုံး၊ NGOs များအားလုံး ဖြူစင်သောစိတ်ထားဖြင့် ပူးပေါင်းဆောင်ရွက်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်မှုရရှိစေရေးအတွက် ဟိုလိုလုပ်ပါလား၊ ဒီလိုလုပ်ပါလား၊ ငါလည်းမလုပ်တတ်ဘူးဟူသော အပျက်သဘောဆောင်ရွက်နေမည့်အစား စားသုံးသူများ၏နစ်နာဆုံးရှုံးမှုများအား ကုစားဖြေရှင်းပေးနိုင်ရေးအတွက် တိုင်ကြားရန်နေရာများအား လမ်းညွှန်ပေးခြင်း၊ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ဖြစ်စေမည့် ထုတ်ကုန်များနှင့် လုံခြုံစိတ်ချရမှုမရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများတွေ့ရှိပါကလည်း သတင်းပေးခြင်းတို့ကို ဝိုင်းဝန်း ဆောင်ရွက်သင့်သည်။ စားသုံးသူရေးရာဦးစီးဌာနမှလည်း ပြဋ္ဌာန်းထားသောဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပါက ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ မိုးအပေါ်ကနေပဲ ရွာရွာ၊ အောက်ကနေပဲရွာရွာ၊ မည်သို့ပင်ရွာရွာ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄) ထီးကြီးဖြင့် စားသုံးသူများကို လုံခြုံစွာ ကာကွယ်ပေးမည်ဖြစ်ကြောင်းနှင့် နိုင်ငံသားအားလုံး စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည့် အသင်းအဖွဲ့များအားလုံး၊ NGOs များအားလုံး ဖြူစင်သောစိတ်ထားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လည်းလိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။

❑

Commerce ကာတွန်း



## မော်ဘီမြို့နယ်ညောင်နှစ်ပင်စိုက်ကွင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဆွေးနွေးပွဲကျင်းပ

မော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ကွင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိဒေါ်ထားထားလှိုင်နှင့် တာဝန်ရှိဝန်ထမ်းများသည်စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ဇန်နဝါရီလ ၅ ရက်က ဒေသခံ တောင်သူများအား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဦးစီးအရာရှိဒေါ်ထားထားလှိုင်က စားသုံးသူရေးရာဦးစီးဌာန ဖွဲ့စည်းခဲ့ပုံ၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်နှင့် တားမြစ်ချက်များ၊ ဥပဒေပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ချမှတ်ခြင်းခံရမည့် ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ တိုင်ကြားမှုအပေါ် ဖြေရှင်းဆောင်ရွက်မှုများ၊ စိုက်ပျိုးသည့်သီးနှံများကို ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေး အလေးထား ဆောင်ရွက်ပေးရန်၊ တောင်သူများအနေဖြင့် လယ်ယာသုံး စက်ပစ္စည်းများဝယ်ယူရာတွင် မှန်ကန်သော သတင်းအချက်အလက်များရယူရန်နှင့် အာမခံချက်ရှိသည့် စက်ပစ္စည်းများကို ရွေးချယ်ဝယ်ယူရန်နှင့် အချက်အလက်ပြည့်စုံမှန်ကန်သည့် တိုင်ကြားမှုများကို တိုင်ကြားရန် လိုအပ်ကြောင်းကို ဆွေးနွေးပြောကြားခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးကျော်ကျော်နှင့် မြို့နယ်တာဝန်ခံ ဦးထွန်းလွင်တို့က ဌာန၏ ရည်ရွယ်ချက်၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း GAP နည်းစနစ်သစ်များ ရှင်းလင်းဆွေးနွေးပြီး၊ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ သီးနှံအရည်အသွေး ထိန်းသိမ်းရေး၊ လုပ်သားများကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအကြောင်းကိုလည်းကောင်း၊ သမဝါယမ ဦးစီးဌာန၊ ဦးစီးအရာရှိဦးမြင့်သန်းက တောင်သူများ၏အကျိုးစီးပွားကို ရှေးရှု၍ သမဝါယမမှ ကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို လည်းကောင်း အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံတောင်သူများ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ထားလှိုင်(ရန်ကုန်)**

## ပုသိမ်မြို့ မြို့တော်ခန်းမတွင် Winner Economics Enterprise Services Co.,Ltd မှ ကုန်စည်ပြပွဲနှင့် ကားပြပွဲပြုလုပ်

ပုသိမ်မြို့၊ ကမ်းနားလမ်း မြို့တော်ခန်းမတွင် ရန်ကုန်မြို့ရှိ Winner Economic Enterprise Services Co.,Ltd မှ ဦးဆောင်၍ ရန်ကုန်၊ မန္တလေးမြို့ကြီးများရှိ ကုမ္ပဏီကြီးများ၊ လုပ်ငန်းရှင်ကြီးများမှ ကုန်စည်ပြပွဲနှင့် ကားပြပွဲကြီးကို ဇန်နဝါရီ ၁၁ ရက်မှ ၁၅ ရက်အထိ နေ့စဉ်နံနက် (၀၉း ၀၀) နာရီမှ ည (၀၉း၀၀) နာရီထိ ငါးရက်ကြာ ခင်းကျင်းပြသသွားမှာဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် နောက်ဆုံးပေါ် လျှပ်စစ်ပစ္စည်းပြခန်း၊ အိမ်ဆောက်ပစ္စည်းပြခန်း၊ စားသောက်ကုန်ပြခန်းများ၊ အလှကုန်ပစ္စည်း၊ ဆေးဝါးပြခန်းများ၊ လယ်ယာသုံးစက်ကိရိယာ ပြခန်းများ၊ အဝတ်အထည်ပြခန်းများ၊ ဆိုင်ကယ်အရောင်းပြခန်းများ၊ ကားပြပွဲများအပါအဝင် အခြားပြခန်းများ ပါဝင်ပြသမည်ဖြစ်ပြီး နောက်ဆုံး ပေါ်ပစ္စည်းများကို တစ်နေရာတည်းတွင် စုစည်းဝယ်ယူလေ့လာနိုင်ရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြခန်းစီစဉ်သူက ပြောကြားပါသည်။ ပြပွဲပရိသတ်များအား Model Dancer အဖွဲ့၏ ကုန်ပစ္စည်းသရုပ်ပြရှင်းလင်းပွဲနှင့်အတူ မော်ဒယ်လ်ရှိုး၊ Dancer Show တေးသီချင်း ဖျော်ဖြေမှုများ၊ နိုင်ငံတကာ ကကွက်ဆန်းများနှင့် ပျော်ရွှင်ဖွယ်ရာ ဂိမ်းကစားနည်းအစီအစဉ်များဖြင့်လည်း အခမဲ့တင်ဆက် ဖျော်ဖြေပေးသွားမှာဖြစ်ကြောင်း သိရသည်။

**စိုးဦး (ပုသိမ်)**

## ပုသိမ်မြို့ ဧရာရွှေဝါခန်းမတွင် SMEs ချေးငွေအကြောင်း အသိပညာပေးဆွေးနွေးပွဲကျင်းပ

ပုသိမ်မြို့၊ ဧရာရွှေဝါခန်းမတွင် SMEs လိုင်စင်လျှောက်ထားခြင်း၊ CGI ချေးငွေ အာမခံနှင့် မြန်မာ့စီးပွားရေးဘဏ်မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် SMEs ချေးငွေများ အကြောင်း အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီလ ၉ ရက်က ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာတိုင်းအဆင့်ဌာနဆိုင်ရာများ၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ဖိတ်ကြားထားသောဧည့်သည်များစုစုပေါင်း ၂၀၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းမြွေးက အဖွင့်အမှာစကားပြောကြား၍ စီးပွားရေးလုပ်ငန်းရှင်များ သိရှိရန်လိုအပ်သော ချေးငွေနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ ဆောင်ရွက်နေမှုများ၊ MEB ဘဏ်မှ အကောင်အထည်ဖော် ဆောင်ရွက်မည့် SMEs ချေးငွေများ အကြောင်းနှင့် ထုတ်ချေးငွေများအနက် ၅၀ ရာခိုင်နှုန်းအား ပုံသေရင်းနှီးငွေ (Fixed capital) အဖြစ် ရင်းနှီးရန်ဖြစ်ပြီး ကျန် ၅၀ ရာခိုင်နှုန်းကို လှည့်လည်ရင်းနှီးငွေ (Working capital) အဖြစ် ထုတ်ချေးပေးမှာဖြစ်ကြောင်း၊ SMEs လုပ်ငန်းများ၏ အခြေအနေအပေါ် မူတည်၍ သတ်မှတ်ချက်အား ဘဏ်မှ ပြောင်းလဲသတ်မှတ်ပေးမှာဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၏ SMEs ချေးငွေများအကြောင်းကို တာဝန်ရှိသူများကအသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကာ လုပ်ငန်းရှင်များမှ မေးမြန်းသည့် အချက်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့က ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## ဟင်္သာတမြို့ပေါ်ရှိ စိုက်ပျိုးရေး ဆေးဆိုင်များအား ရှောင်တခင်စစ်ဆေး

စားသုံးသူရေးရာ ဦးစီးဌာန၊ ဟင်္သာတမြို့နယ်တာဝန်ခံနှင့်အဖွဲ့သည် ဟင်္သာတခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီလ ၅ ရက်က ဟင်္သာတမြို့ပေါ် ရပ်ကွက်များရှိ စိုက်ပျိုးရေး ဆေးဆိုင်များအား ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ပါသည်။

ထိုသို့စစ်ဆေးရာတွင် ပိုးသတ်ဆေး၊ မြေဆီမြေဩဇာနှင့် မျိုးစေ့များ ရောင်းချရာတွင် သတ်မှတ်လိုင်စင်များ ရရှိထားမှုရှိမရှိ၊ တားမြစ်ထားသော ပေါင်းသတ်ဆေးများ၊ ပိုးသတ်ဆေးများ ရောင်းချခြင်းရှိ/မရှိ၊ ဓာတ်မြေဩဇာများတွင် အညွှန်းများကို မြန်မာစာတန်းဖြင့် ရေးသားထားခြင်းရှိ/မရှိတို့ကို စစ်ဆေးခဲ့ပြီး တားမြစ်ကုန်စည်များ မရောင်းချရန်နှင့် ရောင်းချပါက ဥပဒေနှင့်အညီ စစ်ဆေးအရေးယူသွားမည်ကို ဆိုင်ပိုင်ရှင်များအား သတိပေး၍ သိရှိကြောင်း လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဟင်္သာတမြို့ပေါ်ရှိစိုက်ပျိုးရေးဆေးဆိုင် ၂၆ ဆိုင်အား စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်မောင်မြတ်ခိုင်**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဘယ်လ်တာ (၂၀၁၁) | ယာယီ | ၂၁၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ကလူဂျာ (၂၀၀၅) | G | ၃၇၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန်လိုင်စင် |
| ၃။ | နီဆန်းဂျူကီ (၂၀၁၁) | ယာယီ | ၃၃၅ သိန်း | 1.5 ဓာတ်ဆီ၊ နယ် |
| ၄။ | ဆူဇူကီးဆွဖ် (၂၀၁၁) | ယာယီ | ၁၇၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၅။ | အာလ်ဖတ် (၂၀၀၃) | H | ၃၅၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ပရိုဘောက် (၂၀၁၂) | ယာယီ | ၁၇၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ် |
| ၇။ | အေဒီဗင် (၂၀၁၁) | ယာယီ | ၁၆၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ် |
| ၈။ | ဝှရ် (၂၀၁၂) | ယာယီ | ၄၆၅ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန်၊ ကီးလိုနည်း |
| ၉။ | အပ်ကား (နှစ် ၂၀) | - | ၁၀၅ သိန်း | |

## နှစ်ဆန်းပိုင်းတွင် ကားဈေးကွက် စောင့်ကြည့်သဘောဖြင့် အေးစက်နေ

နှစ်သစ်၏အစပိုင်း ဇန်နဝါရီဒုတိယပတ်၏ ရန်ကုန်မြို့ ကားဈေးကွက်အခြေအနေမှာ အချိန်အဆဈေးကွက်ခန့်မှန်းချက်များဖြင့် အရောင်းအဝယ်အေးနေပြီး ဈေးတန်းလည်း ကျဆင်းခြင်းမရှိဘဲ အမြင့်ဈေးတန်းမှာပင် တန့်နေကြောင်း သိရသည်။

နှစ်သစ်သို့ဝင်ရောက်လာသည်နှင့် ခန့်မှန်းထားသလိုပင် စလစ်လိုအပ်ချက် နည်းပါးသွားသဖြင့် စလစ်ဈေးတန်းများ ကျဆင်းသွားပြီး ၁၃၅ သိန်းခန့်မှ ၁၁၅ သိန်းသို့ရောက်ရှိသွားကြောင်း၊ အပ်ကားများပါ အရောင်းအဝယ်မရှိကြောင်း သိရသည်။ ယခုလတ်တလောအတွင်း ၁၃၀၀ စီစီဂျပန်ညာမောင်း ကားလေးများ ဈေးအနည်းငယ်ကျဆင်းလာသော်လည်း အရောင်းအဝယ်နည်းနေသေးကြောင်း၊ လူသုံးများ စလစ်ကပ်ကားတချို့သာ ဝယ်သူ့အကြိုက်ဈေးညှိနိုင်းသည့်ဈေးတန်းလက်ခံပါက အရောင်းအဝယ်ဖြစ်ကြောင်း၊ နယ်ဝယ်လက်များ အဆင်းနည်းပြီး ရန်ကုန်ဝယ်လက်သာရှိကြောင်း၊ အများအပြား ကောက်ယူစုဆောင်းထားသည့် ဂျပန်ကားညာမောင်း စုဆောင်းသူဝယ်ရောင်းအချို့သာ ညှိနှိုင်းရောင်းချမှုရှိသဖြင့် ဈေးကွက်အေးစက်နေဆဲဖြစ်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်က ပြောသည်။

ယခင်နှစ်ကုန်ပိုင်း တစ်လ၊ နှစ်လအလိုခန့်ကပင် လူကြိုက်များပြီး ပစ္စည်းပြတ်သည်အထိ ရောင်းအားရှိခဲ့သော ပြည်တွင်းတပ်ဆင်ဂျပန်နိုင်ငံလုပ် ဘယ်မောင်းကားများမှာ ယခုလည်းဈေးကွက်ရှိနေပြီး သိန်း ၂၀၀ အထက် ကားဝယ်ရန် စဉ်းစားသူများ ဘယ်မောင်းကားသစ်ဈေးကွက်ဘက် ဦးလှည့်သွားကြပြီး သိန်း ၂၀၀ အောက်ဂျပန်ညာမောင်းကား အက္ခရာနိမ့်၊ ရန်ကုန်လိုင်စင် (သို့မဟုတ်) အက္ခရာဖြင့် နယ်လိုင်စင်လက်ခံသူများသာ ဈေးတန်းမှန်ကန်ပါက၊ ညှိနှိုင်းဝယ်ယူနိုင်ပါက ဝယ်ယူကြကြောင်း ၎င်းကပြောသည်။

ယခုကဲ့သို့ ဈေးကွက်အေးခြင်းမှာ နှစ်ဆန်းပိုင်း ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များခြင်းကြောင့် ဝယ်လက်များ၊ ဝယ်ရောင်းများခရီးသွားရာသီကြောင့် အရောင်းအဝယ်အေးကြောင်း သုံးသပ်ကြသလို မနှစ်ကအခြေအနေနှင့်နှိုင်းယှဉ်ပါက ရန်ကုန်မှအစပြု၍ နယ်မြို့ကြီးများတွင်လည်း ယခင်နှစ်ကလောက်ပင် အရောင်းအဝယ်မရှိသလောက်နည်းသွားကြောင်း၊ ဆက်လက်၍ ဈေးကွက်အခြေအနေအား မှန်းဆရသည်မှာ ယခုနှစ်သတ်မှတ်ချက်အရ ဘယ်မောင်းကားသစ်များသာ တင်သွင်းရတော့မည်ဖြစ်၍ မူဝါဒအားသုံးသပ်ချက် တည်ငြိမ်သွား၍ ဘယ်မောင်းကားများလာမည့် တစ်လ၊ နှစ်လအတွင်း တင်သွင်းရောက်ရှိလာမည့်ကာလအား မျှော်မှန်းကာရောက်ရှိဈေးနှုန်းနှင့် ပြည်တွင်းဆင် ဂျပန်ကားများ၏ဈေးနှုန်းနှင့် လက်ရှိတင်သွင်းပြီး ဂျပန်ညာမောင်းကားများ၏ ဈေးနှုန်းနှိုင်းယှဉ်ချိန်ထိုးကာ ဝယ်သူမှစဉ်းစားမည်ဖြစ်ပြီး အများလက်ခံသော ဈေးတန်းတစ်ရပ်ဖြစ်လာမှသာ ကားအရောင်းအဝယ် ပြန်ကောင်းလာနိုင်ကြောင်း ဝါရင့်ဝယ်ရောင်းအများစုက သုံးသပ်ကြသည်။

**SN**

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myantrade) မှ ကြီးမှူး၍ မြန်မာ့ပဲမျိုးစုံဈေးကွက် မြှင့်တင်ရေးဖိုရမ် တရုတ်နိုင်ငံတွင် ကျင်းပ

မြန်မာ့ပဲဈေးကွက် မြှင့်တင်ရေး ဖိုရမ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့ရှိမြန်မာကုန်သွယ်ရေး ကိုယ်စားလှယ်ရုံးညီလာခံခန်းမ၌ ဇန်နဝါရီလ ၈ ရက်က ကျင်းပရာ နန်နင်းမြို့ အခြေစိုက် ကောင်စစ်ဝန်ချုပ်ရုံးများမှ ကောင်စစ်ဝန်ချုပ်များ၊ တရုတ်- အာဆီယံ ကုန်စည်ပြပွဲ အတွင်းရေးမှူးချုပ်ရုံး၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီးပွားရေးဌာန၊ တရုတ် အပြည်ပြည်ဆိုင်ရာ ကုန်သည်များအသင်း (ကွမ်ရှီး) တို့မှ ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံပဲ၊ နှမ်းကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်တင် ဦးဆောင်သော မြန်မာနိုင်ငံ ပဲ၊ နှမ်း ကုန်သည်များအသင်းဝင် ကုမ္ပဏီ ကိုးခုနှင့် တရုတ်နိုင်ငံမှ ကုမ္ပဏီ ၉၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။

အခမ်းအနားတွင် နန်နင်းမြို့ အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်က အဖွင့်နှုတ်ခွန်းဆက် အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ပဲ၊ နှမ်းကုန်သည်များ အသင်းမှ ဦးအောင်ထွန်း၊ မြန်မာကုန်သွယ်ရေးကိုယ်စားလှယ် ဒေါက်တာသက်လွင်ဦးနှင့် တာဝန်ရှိသူများမှ မြန်မာ့ပဲမျိုးစုံ ဈေးကွက်၊ ပဲများ၏ အာဟာရဓာတ်များ၊ စားသောက်ကုန်လုပ်ငန်း အသုံးပြုပုံများနှင့် ရှေ့အလားအလာများကို ဆွေးနွေးခဲ့ကြပါတယ်။ နံနက်ပိုင်းအစီအစဉ်အနေနဲ့ မြန်မာကုန်သွယ်ရေးကိုယ်စားလှယ်မှ တက်ရောက်လာကြတဲ့ တရုတ်လုပ်ငန်းရှင်များရဲ့ သိရှိလိုတဲ့ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခြင်းများ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

နေ့လယ်ပိုင်းမှာ မြန်မာ- တရုတ်ကုန်သည်လုပ်ငန်းရှင်များသည် B to B Business Matching ကို ဆက်လက်ကျင်းပခဲ့တယ်လို့ သိရှိရပြီး အဆိုပါ မြန်မာ့ပဲမျိုးစုံဈေးကွက် မြှင့်တင်ရေး ဖိုရမ်တွင် ဧည့်သည်တော်များအား မတ်ပဲ၊ ပဲစင်းငုံတို့ဖြင့် ပြုလုပ်ထားသော တရုတ်ပုံစံ အစားအသောက်များကို မြည်းစမ်းကျွေးမွေးခြင်း၊ မြန်မာပဲ နမူနာများ၊ ပဲအခြေခံစားသောက်ကုန်များဖြစ်သည့် ပဲကြာဆန်၊ ပဲဆန်၊ ပဲမုန့်၊ ပဲကြော်များနှင့် ပဲပင်ပေါက်များကို ခင်းကျင်းပြသခြင်းများကိုလည်း ပြုလုပ်ခဲ့ပါတယ်။

မြန်မာပဲမျိုးစုံမြှင့်တင်ရေးဖိုရမ်ဟာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ( Myantrade ) မှ မြန်မာ့ပဲမျိုးစုံဈေး ကွက်သစ်ရရှိရေး အတွက် ပထမဦးဆုံးအကြိမ် ပြည်ပတွင် ဦးစီးပြုလုပ်သော ဈေးကွက်မြှင့်တင်ရေးပွဲတစ်ခုဖြစ်ကြောင်း သတင်းရရှိပါတယ်။

**ဒေါက်တာသက်လွင်ဦး(နန်နင်း)**

# တောင်ကြီးမြို့တွင် မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဖွဲ့စည်း

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ကြီးမှူးကျင်းပသော မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်းခြင်း အခမ်းအနားကို ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန၌ ဇန်နဝါရီလ ၈ ရက်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်း ရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချ သူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (ရှမ်း/တောင်) ဥက္ကဋ္ဌ ဦးခင်အောင်က အရည်အသွေးမီ ထောပတ်သီးများနိုင်ငံခြားဈေးကွက်သို့ တင်ပို့နိုင်ရေးနှင့် ထောပတ်သီးမှတစ်ဆင့် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကိစ္စရပ်များကိုကြိုးပမ်း ဆောင်ရွက်ကြရန်လည်းကောင်း၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူက သင်းဖွဲ့စည်းမျဉ်းနှင့် အသင်းဖွဲ့စည်းပုံများ အကြောင်းကိုလည်းကောင်းအသီးသီး ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌအဖြစ် ဒေါ်စန္ဒာမျိုးအား ရွေးချယ်တင်မြှောက်ခဲ့ကြပြီး ဒုတိယဥက္ကဋ္ဌသုံးဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးသုံးဦး၊ ဘဏ္ဍာရေးမှူးတစ်ဦး၊ စာရင်းစစ်နှစ်ဦး၊ ဗဟိုအလုပ်အမှုဆောင်ရှစ်ဦးအပါအဝင် စုစုပေါင်း ၁၉ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူများ၊ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန တာဝန်ခံနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ ထောပတ်သီးအစုအဖွဲ့များနှင့် ထောပတ်သီးတောင်သူများအပါအဝင် စုစုပေါင်း ၆၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**ထူးအိန္ဒြာဗိုလ် (တောင်ကြီး)**

■

## ဩစတြေးလျအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် Agribusiness Master Class သင်တန်း ဒုတိယအကြိမ် အောင်မြင်စွာကျင်းပ

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ၏ ဈေးကွက်နှင့် စားသုံးသူဆိုင်ရာ သုတေသန ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဩစတြေးလျနိုင်ငံ၏ နိုင်ငံတကာ လယ်ယာစိုက်ပျိုးရေးသုတေသနဆိုင်ရာ ဗဟိုဌာန(ACIAR) နှင့် HELVETAS-ဇီယက်နမ်တို့ ပူးပေါင်း၍ Agribusiness Master Class ဒုတိယအကြိမ်သင်တန်းကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့၊ Summit Parkview ဟိုတယ်၌ ကျင်းပခဲ့ပါသည်။

အဆိုပါ သင်တန်းသည် ဒုတိယအကြိမ်မြောက်သင်တန်း ဖြစ်ပြီး ပထမအကြိမ်သင်တန်းကို ၂၀၁၇ ခုနှစ်၊ ဧပြီလအတွင်း မန္တလေးမြို့၌ ကျင်းပခဲ့ပြီးဖြစ်သည်။ ယခုဒုတိယအကြိမ် သင်တန်းတွင် ဩစတြေးလျနိုင်ငံ Adelaide တက္ကသိုလ်၏ပညာရှင်များက ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်း ဈေးကွက်တွင် ကြုံတွေ့နေရသည့်ကိစ္စရပ်များ၊ နှစ်စဉ်တိုးပွားလာနေသည့် ကမ္ဘာ့လူဦးရေတိုးတက်မှုနှုန်းများအရ လယ်ယာထွက်ကုန်ပစ္စည်းများ၏ ဝယ်လိုအား မြင့်တက်လာမှု အခြေအနေများ၊ သုတေသနနည်းလမ်းများနှင့် စားသုံးသူများ၏ အမူအကျင့်များကို ပို့ချပေးခဲ့ကြောင်း သိရှိ ရသည်။ အဆိုပါသင်တန်းတွင် စီမံကိန်းငယ်လေးများ(Mini Project) ပြုစုခြင်းကို ဈေးများအလိုက် ကွင်းဆင်းလေ့လာ စစ်တမ်းကောက်ယူခြင်းနှင့် ပြန်လည် တင်ပြခြင်းတို့ ဆောင်ရွက်စေပါသည်။

သင်တန်းသို့ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဘာသာ ရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ စိုက်ပျိုးရေးကဏ္ဍဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှကိုယ် စားလှယ်များ၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ အရာထမ်းများအပါအဝင် စုစုပေါင်းသင်တန်းသား ၂၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မြတ်မြတ်စိုးမိုး (Myantrade)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနုံခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၅-၁-၂၀၁၈ မှ ၂၁-၁-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် မိမိနှင့်သဟဇာတမဖြစ်သူ ပါလာတတ်သည်။ သင်က ပြေလည်အောင် ဆွဲဆောင်စည်းရုံးစကားပြောဆိုသဖြင့် အားလုံး လိုလိုအဆင်ပြေတတ်သည်။ ဘယဆေးများနှင့်ပတ်သက်၍ အကျိုးဖြစ်ထွန်းမှုရှိမည်။ ပညာရေးတိုးတက်အောင်ကြိုးစားအားထုတ်ခြင်းဖြင့် ထူးချွန်လာမည်။ အချစ်ရေးတွင် မိမိသဘောကျသူနှင့်လက်တွဲဖြစ်မည်။ ကျန်းမာရေးတွင် အပူအအေး လွန်ကဲစွာ ထိတွေ့ခံစားခြင်းတို့ကြောင့် ဝေဒနာဖြစ်လာနိုင်ပါသည်။

**ယတြာ။ ။ဘုရားတွင် ရွှေထီးလှူပါ။**




**တနင်္လာသားသမီးများအတွက်** စီးပွားရေးတွင် ဦးဆောင်မှုဖြင့် ဆောင်ရွက်ရသောလုပ်ငန်းများအောင်မြင်မှုရှိလာမည်။ငွေကြေးအကျိုးအမြတ်ကံကောင်းမည်။ ဆန်စပါး၊ အထည်အလိပ်၊ စားသောက်ကုန်များအကျိုးပေးတတ်ပါသည်။ ဝန်ထမ်းဆိုလျှင် ရာထူးတိုးခြင်း၊ လုပ်ငန်းခွင်တွင်စိတ်ပျော်ရွှင်စရာဖြစ်နေတတ်သည်။ ပညာရေးအားကောင်းနေမည်။ အချစ်ရေးနှင့်အိမ်ထောင်ရေးတွင်မျှော်မှန်းချက်များနှင့် ကွာခြားနေလိမ့်မည်။ ကျန်းမာရေးတွင် ခန္ဓာကိုယ်၏ဖောက်ပြန်မှု ရုတ်တရက်ဖြစ်ပေါ်လာတတ်သည်။

**ယတြာ။ ။ဘုရားတွင်နို့ဆွမ်းကပ်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** မိမိအကျိုးနှင့်အများအကျိုးကို ညီညွတ်မျှတအောင် ဆောင်ရွက်နိုင်စွမ်း ရှိနေတတ်သည်။ ဆီထွက်သီးနှံ၊ ကုန်မာ၊ စက်ပစ္စည်းတို့နှင့်အကျိုးပေးလိမ့်မည်။ ငွေကြေးအကျပ်အတည်း ဖြေရှင်းနိုင်သူဖြစ်လာတတ်သည်။ လုပ်နည်းလုပ်ဟန်စနစ်များ လွဲမှားတတ်သည်ကို သတိပြုရလိမ့်မည်။ ပညာရေး သင့်တင့်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် နှလုံးသားရေးရာ ငွေးထွေးခြင်းရှိတတ်သည်။ ကျန်းမာရေးကောင်းနေမည်။

**ယတြာ။ ။အအေးလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ကိုင်ရာတွင် အားနည်းချက် အနည်းငယ်ဖြစ်ပေါ်နေတတ်သည်။ သူတစ်ပါး၏အကူအညီယူကာ ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရရှိမည်ဖြစ်ပါသည်။ ကြေးနီ၊ ဂုန်လျှော်၊ ရွှေတို့နှင့် အကျိုးဖြစ်ထွန်းမှုရှိပါလိမ့်မည်။ ပညာရေးတွင်ကြိုးစားအားထုတ်မှု တိုးတက်လာတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ကြည်နူးပျော်ရွှင်မှု ဆွတ်ပျံ့ဖွယ်ကောင်းနေတတ်ပါသည်။ ကျန်းမာရေးတွင် ခန္ဓာကိုယ်တွင်းကိုယ်ခံအားနည်းနေတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင် အုန်းသီးကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းနှင့်ပတ်သက်ပြီးအဆင်ပြေမှုများရှိသည့်အခါ ပျော်ရွှင်ကျေနပ်နေတတ်သည်။ ဓာတ်သတ္တုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများတို့နှင့် အကျိုးပေးကံကောင်းတတ်သည်။ ပညာရေးတွင်ပုံမှန်ကြိုးစားခြင်းဖြင့် အောင်မြင်မှုရရှိလိမ့်မည်။ ကျန်းမာရေးညံ့သည်ဟုမဆိုလောက်သော်လည်း ခန္ဓာကိုယ်ဖောက်ပြန်မှုသဘောကြောင့် လျှပ်တစ်ပြက်ဖြစ်ပေါ်လာတတ်သည့် ဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သာယာလှပသောမိသားစုဘဝဖြစ်လာအောင် ကြံဆောင်နေရတတ်သည်။

**ယတြာ။ ။မိမိနှစ်သက်ရာမုန့်လှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင် အေးချမ်းစွာဖြင့် လုပ်ကိုင်ရတတ်သည်။ ဆန္ဒနှင့်ညီမျှသောအကျိုးရလဒ်များရရှိတတ်သည်။ စိန်၊ ရွှေ၊ ရတနာတို့နှင့်ပတ်သက်သောပစ္စည်းများထုတ်လုပ်ရောင်းချပါက အကျိုးအမြတ်ရရှိမည့်ကာလဖြစ်သည်။ ဝန်ထမ်းဖြစ်လျှင်နာမည်ကောင်းနှင့်ရပ်တည်နိုင်သူဖြစ်လာတတ်သည်။ ပညာရေးတွင်စွမ်းအားရှိသမျှ ကြိုးစားပြနိုင်သော အရည်အချင်း ရှိနေတတ်သည်။ အချစ်ရေးတွင်ဆန္ဒလွန်ကဲသော စိတ်သဘောဖြင့် မဆင်မခြင် ပြောဆိုမိတတ်သည်။ လက်ရှိအခြေအနေတွင် ကျန်းမာရေး ကောင်းမွန်လျက်ရှိ နေမည်။

**ယတြာ။ ။သံဃာတော်ကို ဆွမ်းကပ်လှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းဝင်ငွေ၊ အမြတ်အစွန်းနှင့်လုပ်အားတန်ဖိုးအကျိုးအမြတ်အပြည့်အဝရရှိနေတတ်ပါသည်။ ရေနံလုပ်ငန်း၊ ဓာတ်ငွေ့လုပ်ငန်းတို့မှ အကျိုးခံစားခွင့်အားကောင်းနေတတ်ပါသည်။ ပညာရေးတွင် နားလည်မှုစွမ်း ရည်လိုအပ်နေသည်။ အချစ်ရေးတွင် ရင်မောရသောအချိန်များ ရှိလိမ့်မည်။ ကျန်းမာရေးလက်ရှိအချိန်တွင် ရောဂါမရှိသော်လည်း တစ်ချိန်ချိန်တွင် ဝေဒနာ ပေါ်ပေါက်လာတတ်သည်။ ဖြစ်ပေါ်လာသောဝေဒနာတို့သည် အစားအသောက်၊ အနေအထိုင် ချို့ယွင်းမှုကြောင့်ဖြစ်တတ်သည်။

**ယတြာ။ ။ ကုန်းသတ္တဝါကိုဘေးမဲ့လွှတ်ပေးပါ။**

---

## ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကင်းမြို့နယ်၊ မြို့မဈေးတွင် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် မိတ်ဖက်ဌာနများနှင့် ကွင်းဆင်းစစ်ဆေး

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဈေးကွက်အတွင်းရှိ ဆေးဝါးများနှင့် စားသောက်ကုန်ပစ္စည်းများ လုံခြုံစိတ်ချရမှုရှိစေရေးနှင့် စားသုံးသူပြည်သူများ ဘေးဥပဒ် အန္တရာယ်ကင်းရှင်းစေရေးကို ရည်ရွယ်၍ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် မိတ်ဖက်ဌာနများဖြစ်သော ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ FDA ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဌာနများနှင့် ပူးပေါင်း၍ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်က ရန်ကင်းမြို့မဈေးတွင် ရှောင်တခင် စစ်ဆေးခြင်းများအား ဆောင်ရွက်ခဲ့ကြပါတယ်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် ရန်ကင်းမြို့မဈေးအတွင်းရှိ ကုန်စုံဆိုင် ၁၀ ဆိုင်၊ ဆေးအရောင်းဆိုင် ခြောက်ဆိုင်၊ စုစုပေါင်းဈေးဆိုင် ၁၆ ဆိုင်တို့အား အသေးစိတ်စစ်ဆေးခဲ့ကြပြီး စားသုံးကုန်များဖြစ်သော မုန့်ဟင်းခါးဖတ်၊ ခေါက်ဆွဲဖတ်၊ ကြက်အူချောင်း၊ ကြက်သွေးတို့အား Mobile lab ကားဖြင့် စစ်ဆေးခဲ့ကြရာ ဆေးအရောင်း ဆိုင်ခြောက်ဆိုင်မှ သက်တမ်းလွန်ဆေးဝါးများနှင့် ထုတ်ကုန်လုံခြုံမှုမရှိသော ပြည်သူများသုံးစွဲရန် မသင့်သည့်ဆေးဝါးများကို ဈေးကွက်မှ ပြန်လည် သိမ်းဆည်းခဲ့တယ်လို့ သိရပါတယ်။

ထိုကဲ့သို့ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများအား စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးအနေဖြင့် ခရိုင်အတွင်းရှိ ဈေးများတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

**သက်ထားဆွေ**

---

## မြန်မာ့နွားများ တရားဝင်တင်ပို့နိုင်ရေး ကျန်းမာရေးထောက်ခံချက်ထုတ်ပေးနိုင်ရန် ပွင့်ဖြူမြို့နယ် သန့်ဇင်မြင့်မိုရ်ကုမ္ပဏီသို့ ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုပေး

မကွေးတိုင်းဒေသကြီးအတွင်း ပွင့်ဖြူ၊ စလင်း၊ မြို့သစ်၊ ပခုက္ကူ၊ မြိုင်မြို့နယ်များတွင် ကုမ္ပဏီရှစ်ခုမှ ကျွဲနွားမွေးမြူခြင်း၊ စုဆောင်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီတစ်ခုလျှင် နွားကောင်ရေ ၁၀၀ ခန့်ဖြင့် စုစုပေါင်း နွားကောင်ရေရှစ်ရာခန့်ကို ပြည်ပတရုတ်ဈေးကွက်သို့ တရားဝင်တင်ပို့ရောင်းချသွားရန် ကုမ္ပဏီများမှ ပြင်ဆင်နေကြောင်း သတင်းရရှိသည်။

သို့ဖြစ်၍ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ရေနံချောင်းမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သော အဖွဲ့သည် ပွင့်ဖြူမြို့နယ် သန့်ဇင်မြင့်မိုရ် ကျွဲနွားမွေးမြူရေးနှင့် စုဆောင်းရေးခြံ (ကျွဲထိ၊ ကန်ပြည့်) ကုမ္ပဏီများသို့ ၂၀၁၇ ခုနှစ်ဒီဇင်ဘာ ၃၀ ရက်ကကွင်းဆင်းစစ်ဆေးပြီး နွားအကောင် ၁၀၀ အား ကျန်းမာရေး ထောက်ခံချက်ပေးနိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကျွဲ၊ နွား၊ ဆိတ်များအား သက်ဆိုင်ရာ၏ ထောက်ခံချက်များဖြင့် တရားဝင် တင်ပို့ရောင်းချခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

**ဝင်းမောင် (မကွေး)**

---

## မကွေးတွင် ရေရှည်တည်တံ့သော ပဲတီစိမ်းစိုက်ပျိုးမှုဖြင့် ခိုင်မာသော ဈေးကွက်ဆီသို့ မြို့နယ်အဆင့်စီမံကိန်း မိတ်ဆက်ပွဲကျင်းပ

ပဲတီစိမ်းစိုက်ပျိုးမှုဖြင့် ကောင်းမွန်ခိုင်မာသည့် ဈေးကွက်ဆီသို့ မြို့နယ်အဆင့် စီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲကို ဇန်နဝါရီ ၅ ရက်က City Star ခန်းမ၌ ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမြင့်၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းနှင့် စီမံကိန်းမန်နေဂျာတို့မှ အဖွင့် အမှာစကားပြောကြားပြီး NAG ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့၊ တိုင်းတောင်သူ ဖွံ့ဖြိုးရေးအဖွဲ့ (RFDA)၊ မကွေး၊ မင်းဘူး၊ မင်းလှမှ တောင်သူများ၊ အော်ဂဲနစ်ဖွံ့ဖြိုးရေးအဖွဲ့ (Organic Farming Organization) များ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

စီမံကိန်းကို ဓနထောက်ပံ့ရေးအဖွဲ့ (Dana Facility) နှင့် နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးဌာန (Ministry of Foregin Affairs of the Netherlands) တို့၏ ပံ့ပိုးမှုဖြင့် နယ်သာလန်အခြေစိုက် INGO တစ်ခုဖြစ်သော ICCO နှင့် မြန်မာ NGO, NGA တို့မှ ပူးပေါင်းဆောင်ရွက်ကာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၁၉ ခုနှစ်အထိ လ ၃၀ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမောင် (မကွေး)**

---

## မွန်ပြည်နယ်တွင် ပဲစားသုံးမှုမြှင့်တင်ရေးပွဲတော် ကျင်းပ

ပြည်သူများ ပဲစားသုံးမှု အလေ့အထကောင်းများ ရရှိစေရန် ရည်ရွယ်၍ ပဲစားသုံးမှုမြှင့်တင်ရေးပွဲတော်ကို မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ ဇန်နဝါရီ ၉ ရက်က ကျင်းပခဲ့သည်။

မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးစိုးသန်းအေးက ပဲစားသုံးမှုမြှင့်တင်ရေးပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးရာ ပဲမျိုးစုံအပါအဝင် လယ်ယာထွက်ကုန်သီးနှံများကို စိုက်ပျိုးထုတ်လုပ်မှုအပိုင်းတွင် GAP ဟုခေါ်သည့် ကောင်းမွန်သည့် စိုက်ပျိုးခြင်း အလေ့အထများ ဖြစ်ပေါ်စေရန်စိုက်ပျိုးရေးဦးစီးဌာနမှ ကြိုးပမ်းအားထုတ်နေကြောင်း၊ စားသုံးသူရေးရာ ဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့တွင် ပဲတီစိမ်းရွှေဝါစိုက်ပျိုးလျက်ရှိသည့် ကျေးရွာများမှ တောင်သူများကို ကွင်းဆင်း အသိပညာပေးမှုနှင့် သင်တန်းပို့ချမှုများ ပြုလုပ်ပေးပြီး အီးယူနိုင်ငံများတွင် ပဲပင်ပေါက်အဖြစ် စားသုံးနိုင်သည့်အဆင့်ရှိအောင် တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးခဲ့ပြီး မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာန မော်လမြိုင်မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာမောင်မောင်လွင်က ပဲ၏အာဟာရ တန်ဖိုးများ အကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ပဲစားသုံးမှုမြှင့်တင်ရေးပွဲတော်သို့ မွန်ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပဲ၊ နှမ်းကုန်သည်အသင်းမှ လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၆၅ ဦး ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး (မွန်)**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ လုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သောအရင်းအနှီးကို နှစ်တိုနှစ်လတ်ချေးငွေအဖြစ် ထပ်ဆင့်ထုတ်ချေးမည်

စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ လုပ်ငန်းတိုးချဲ့နိုင်ရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လိုအပ်သောအရင်းအနှီးများကို နှစ်တို နှစ်လတ်ချေးငွေအဖြစ် ထပ်ဆင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ကြေညာချက်အရ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် လုပ်ငန်းရှင်များအား ထပ်ဆင့်ထုတ်ချေးနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေရယူပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူများကို လုပ်ငန်းသုံး စက်ကိရိယာများဝယ်ယူနိုင်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံပို့ကုန် လုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်နိုင်ရေးတို့အတွက် လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ချေးငွေထုတ်ချေးမည့် လုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံ စီးပွားရေးလုပ်ငန်းများ ဖြစ်သည့် မျိုးစေ့သန့်စင်စက်၊ အခြောက်ခံစက်၊ သိုလှောင်ရုံ၊ အစာစပ်စက်၊ သီးနှံကြိတ်ခွဲစက်၊ ဆန်စက်၊ ဆီစက်၊ အရည်အသွေးမြှင့်ထုတ်ကုန်ထုတ်လုပ်သည့် စက်ရုံများ၊ ထုပ်ပိုးစက်၊ နှစ်တိုနှစ်လတ်သီးနှံစိုက်ပျိုး ထုတ်လုပ်မှုလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အထူးသဖြင့် ပို့ကုန်တိုးမြှင့် ထုတ်လုပ်နိုင်သည့်လုပ်ငန်းများ၊ သွင်းကုန်အစားထိုးလုပ်ငန်းများ ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှု ကော်မတီနှင့် သက်ဆိုင်ရာအသင်းချုပ်များမှ ထောက်ခံတင်ပြသည့် လုပ်ငန်းများကို ဦးစားပေး ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေပမာဏ၏ အတိုးနှုန်းနှင့် သက်တမ်းမှာ နှစ်တို ချေးငွေအဖြစ် သက်တမ်းသုံးနှစ်၊ နှစ်လတ်ချေးငွေအဖြစ် သက်တမ်းငါးနှစ်သတ်မှတ်ထားပြီး တစ်နှစ်လျှင် အတိုးနှုန်း ကိုး ရာခိုင်နှုန်းဖြစ်ကြောင်း၊ ချေးငွေပမာဏမှာ လုပ်ငန်းနှင့်အာမခံပစ္စည်းအပေါ် မူတည်၍ကျပ် သိန်း ၂၀၀ မှ ကျပ်သိန်း ၅၀၀၀ အထိဖြစ်ကြောင်း သိရသည်။

ချေးငွေအာမခံအဖြစ် တင်သွင်းရာတွင် မရွှေ့ပြောင်းနိုင်သောပစ္စည်းများအပြင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလည်း အာမခံပေးအပ်နိုင်ကြောင်း၊ အာမခံပစ္စည်း မပေးနိုင်သောသူများအနေဖြင့် လုပ်ငန်းကောင်းမွန်ပါက ချေးငွေအာမခံအဖွဲ့အစည်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပြီး ချေးငွေပမာဏ အများဆုံး ကျပ်သိန်း ၂၀၀ အထိပေးရန် သတ်မှတ်ထားကြောင်း သိရသည်။

ချေးငွေပြန်လည်ပေးဆပ်ရာတွင်လည်း သုံးနှစ်သက်တမ်းရှိသောချေးငွေအတွက် ဆိုင်းငံ့ကာလတစ်နှစ်ကျသင့်အတိုးကို သုံးလတစ်ကြိမ်ဖြင့် ကောက်ခံပြီး အရင်းပေးဆပ်မှုကို နှစ်နှစ်အတွင်း ခြောက်လတစ်ကြိမ်ဖြင့် လေးရစ်ပေးဆပ်ရမည်ဖြစ်ကြောင်း၊ ငါးနှစ်သက်တမ်းရှိသော ချေးငွေအတွက် ဆိုင်းငံ့ကာလ နှစ်နှစ်ကျသင့်အတိုးကို သုံးလတစ်ကြိမ်ဖြင့် ကောက်ခံပြီး အရင်းပေးဆပ်မှုကို သုံးနှစ်အတွင်း ခြောက်လတစ်ကြိမ်ဖြင့် ခြောက်ရစ်ပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။ **ချော့စု**

## မြန်မာမိန်းကလေးများအတွက် အလှပြင်ဆင်ခြယ်သနည်းများကို Mistine Beauty Guru ၄ ဦးမှ ဖြန့်ဝေပေးမည်



မြန်မာမိန်းကလေးများအတွက် အလှပြင်ဆင်ချယ်သနည်းများကို Mistine Beauty Guru ၄ဦးမှ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အမျိုးသမီး အလှဖန်တီးရှင်လေးဦးအနေဖြင့် ပြည်တွင်းမှ မိတ်ကပ်ပညာရပ်ကို စိတ်ဝင်စားသူ ဝါသနာရှင်မိန်းကလေးများအား လက်ဆင့်ကမ်းသင်ကြားပို့ချမှုများကို Mistine နှင့်အတူ ယခုလအတွင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Mistine Beauty Guru ၄ဦးတို့ မှာ အလှအပပြင်ဆင်ခြယ်သနည်းများ၊ အသားအရေထိန်းသိမ်းပြုစုစောင့်ရှောက်နည်းများ၊ စားသောက်နေထိုင်မှုပုံစံများ၊ လေ့ကျင့်ခန်းများကို လွယ်ကူရိုးရှင်းစွာ နေ့စဉ်ပြုလုပ်နေထိုင်နိုင်သည့် နည်း လမ်းများအပြင် ရုပ်ရည်သွင်ပြင်ကို ပြောင်းလဲသွားစေမည့် Make Over လုပ်ခြင်း၊ ကြော်ငြာရိုက်ကူးခြင်း၊ အလှအပနှင့်ပတ်သက်သော သင်တန်းတို့ကို ထိုင်းနိုင်ငံတွင် တက်ရောက်သင်ကြားခဲ့သူများဖြစ်ကြောင်း သိရသည်။ ချော့စု

# ရှမ်း၊ မွန်၊ ရန်ကုန်နှင့် စစ်ကိုင်းတို့မှ ကံထူးသူများအား တယ်လီနောမှ အထူးဆုများပေးအပ်

တယ်လီနော သုံးစွဲသူများအတွက် ပြန်လည်ကျေးဇူးတုံ့ပြန်သည့် အစီအစဉ်အရ KIA Optima 2018 ဇိမ်ခံကားများကို ကံထူးသူများအား ရန်ကုန်မြို့ရှိ KIA ကားအရောင်းပြခန်းတွင် ဇန်နဝါရီလ ၈ ရက်က ပေးအပ်ခဲ့သည်။

အဆိုပါ ကံစမ်းမဲအစီအစဉ်ကို နိုဝင်ဘာလကုန်ပိုင်းတွင် စတင်ခဲ့ခြင်းဖြစ်ပြီး ငွေကျပ် သန်း ၃၀၀ ကျော်တန်ဖိုးရှိ ဆုမဲများကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ကံစမ်းမဲ အစီအစဉ်အတွက် Samsung Galaxy Note 8 အမျိုးအစားဟန်းဆက်များကို နေ့စဉ်ရွေးချယ်ကာ အနီးစပ်ဆုံး တယ်လီနောအရောင်းဆိုင်မှတစ်ဆင့် ပေးအပ်ခဲ့ပြီး KIA Optima 2018 မော်တော်ကား ကံထူးသူများကိုလည်း အပတ်စဉ် ရွေးချယ်ကြေညာပေးခဲ့ကြောင်း သိရသည်။

“ကံထူးပိုင်ဆိုင်ခွင့်ရသူတွေအနေနဲ့ အောင်မြင်ပျော်ရွှင်တဲ့ စိတ်ခံစားမှုတွေ နဲ့ နှစ်သစ်ကိုစတင်ရတဲ့အတွက် တယ်လီနောကလည်း ဝမ်းသာရပါတယ်။ တကယ်တော့ တယ်လီနောသုံးစွဲသူတွေက ဈေးနှုန်းသက်သာတဲ့ဒေတာ ဝန်ဆောင်မှုနဲ့ ဖုန်းဝန်ဆောင်မှုတွေကို အသုံးပြုပြီး ကံထူးနေကြတာပါ။ ဒီအစီအစဉ်မှာ ဝင်ရောက်ဆင်နွှဲတဲ့သုံးစွဲသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ သုံးစွဲသူတွေအတွက် အကောင်းဆုံး ဝန်ဆောင်မှုတွေ ဆက်လက်ပေးအပ်သွားမှာဖြစ်သလို ဒီလိုမျိုးအစီအစဉ်တွေကိုလည်း လာမည့်ကာလတွေမှာ ထပ်မံ လုပ်ဆောင်သွားမှာပါ” ဟု တယ်လီနော၏ ဈေးကွက်ဖော်ဆောင်ရေး အရာရှိချုပ်ဖြစ်သူ Joslin Myrsthong က ပြောသည်။

အထူးဆုဖြစ်သည့် KIA မော်တော်ကားများကို ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ကံထူးသွားခဲ့ပြီး စမတ်ဖုန်းဟန်းဆက်များကိုလည်း ကချင်၊ ကရင်၊ ချင်း၊ ရှမ်းပြည်နယ်၊ ရန်ကုန်၊ မကွေး၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူး၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ တယ်လီနောသုံးစွဲသူ ၃၀ ဦးက ကံထူးခဲ့ကြောင်း သိရသည်။ **ချော့စု**

# ရှေ့ကင်မရာနှစ်ခုနှင့် Infinity Display ပါဝင်သော Samsung Galaxy A8 ကို ပြည်တွင်း၌ စတင်မိတ်ဆက်

ရှေ့ကင်မရာနှစ်ခုနှင့် အဆုံးအစမဲ့ မျက်နှာပြင် (Infinity Display) ပါဝင်သော Samsung Galaxy A8 ကိုပြည်တွင်း၌ စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။ Galaxy A8 (2018) သည် ယခင် ဖုန်းများထက် စတိုင်ကျလှပ၍ အသုံးပြုရလွယ်ကူစေရန် ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

ကင်မရာပိုင်းတွင် အနောက်ကင်မရာကို 16 MP အသုံးပြုထားပြီး အရှေ့ ကင်မရာနှစ်လုံးတွင်လည်း 16MP+8MP ကိုအသုံးပြုထားသည့်အတွက် ကြည်လင်ပြတ်သားသည့် ဓာတ်ပုံများကို ရိုက်ယူနိုင်မည်ဖြစ်သည်။ အသစ်ထပ်မံ ထည့်သွင်းထားသည့် Live Focus လုပ်ဆောင်ချက်နှင့်အတူ ဓာတ်ပုံရိုက်နေစဉ် ဖြစ်စေ၊ မရိုက်ခင်တွင်ဖြစ်စေ Bokeh effect ကိုလည်း အလွယ်တကူချိန်ညှိနိုင်မည်ဖြစ်သည်။

“Galaxy A8 2018 မိတ်ဆက်မှုနှင့်အတူ ကျွန်တော်တို့ရဲ့ Flagship ဖုန်းတွေမှာ လူကြိုက်များခဲ့တဲ့ ဘောင်မဲ့မျက်နှာပြင်၊ Live Focus အပြင် ရှေ့ကင်မရာနှစ်လုံးရဲ့ လုပ်ဆောင်ချက်တွေကို သုံးစွဲသူတွေအတွက် အရည်အသွေးမြင့်အောင် ထည့်သွင်းပေးထားပါတယ်။ နောက်ပြီး အသုံးပြုရလွယ်ကူအောင် ပံ့ပိုးပေးထားတဲ့အတွက် သုံးစွဲသူတွေအတွက် အဆင်ပြေလွယ်ကူစေမှာပါ” ဟု ဆမ်ဆောင်း မြန်မာမှ Head of IT & Mobile တာဝန်ခံ ကိုဇာနည်ဝင်းထက်က ပြောသည်။

နောက်ဆုံးပေါ် Galaxy A8 (2018) သည် ရုပ်ရှင်ကြည့်ချိန်နှင့် ဂိမ်းကစားချိန်တို့တွင် သာလွန်ကောင်းမွန်သော မြင်ကွင်းအတွေ့အကြုံကို အပြည့်အဝ ပေးစွမ်းနိုင်မည်ဖြစ်သလို Always On Display လုပ်ဆောင်ချက်ပါဝင်သည့်အတွက် သုံးစွဲသူအနေဖြင့် ဖုန်းကို Lock ဖြည်စရာမလိုဘဲ အချက်အလက်များကို အလွယ်တကူ သိရှိနိုင်မည်ဖြစ်သည်။

အဆိုပါစမတ်ဖုန်းအသစ်ကို ဇန်နဝါရီ ၁၈ ရက်နေ့အထိစရန်ငွေကျပ် ၃၀၀၀၀ ပေးသွင်း၍ ဆမ်ဆောင်းအရောင်းပြခန်းများတွင် ကြိုတင်မှာယူနိုင်သလို KBZ Bank နှင့်ချိတ်ဆက်၍လည်း အတိုးမဲ့ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

Samsung Galaxy A8 (2018) ကို အနက်ရောင်နှင့် ရွှေရောင် နှစ်မျိုး ရွေးချယ်ဝယ်ယူနိုင်ပြီး ဈေးနှုန်းအနေဖြင့် မြန်မာငွေ ကျပ် ၆၁၅၀၀၀ ကျပ် သတ်မှတ်ထားကြောင်း သိရသည်။ **ချော့စု**

## The Pizza Company မှ New Year Promotion အဖြစ် ကံထူးရှင်များကို ရွေးချယ်ခဲ့

The Pizza Company မှ New Year Promotion အဖြစ် ကံထူးရှင်ရွေးချယ်ခြင်းကို ဇန်နဝါရီ ၄ ရက်က မြန်မာပလာဇာ၌ ပြုလုပ်ခဲ့သည်။

အဆိုပါအစီအစဉ်တွင် အထူးဆုအဖြစ် ကမ္ဘာကျော် အမေရိကန် Brand ဖြစ်သည့် Ford Fiesta 2017 Model Brand New ကားသစ်ကို ပေးအပ်ခဲ့ပြီး LG တံဆိပ် Electronics ပစ္စည်းများအပြင် Vietnam Halong Bay Full Package Trip ၄ ညအိပ် ၅ ရက်ခရီးစဉ်၊ ဂျာမနီနိုင်ငံထုတ် Karcher အမှတ်တံဆိပ် သန့်ရှင်းရေးသုံးစက်ပစ္စည်းများ၊ The Pizza Company နှင့် Swensen's တို့၏ Gift Voucher များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အထူးဆု Ford Fiesta 2017 Model Brand New ကားသစ်ကို ကံထူးသွားသူမှာ ရန်ကုန်တိုင်းဒေသကြီး သုဝဏ္ဏတွင်နေထိုင်သည့် ကိုစောကိုသူရစိုးမှ ရရှိခဲ့ပြီး အခြားသောဆုမဲများကိုလည်း တစ်ခါတည်း မဲဖောက်ပေးခဲ့ကြောင်း သိရသည်။

ကံထူးရှင်ရွေးချယ်ပွဲသို့ နိုင်ငံကျော်အဆိုတော် ရဲလေး၊ အိမ့်ချစ်၊ ဝိုင်းလေး၊ Miss ဟန်သီနှင့် Life and Dance အကအဖွဲ့တို့မှ လာရောက်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

The Pizza Company အနေဖြင့် ပြည်တွင်းသို့ ၂၀၁၄ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး Topping အမျိုးအစားပေါင်းများစွာဖြင့် စားသုံးသူများ၏ အားပေးမှုကိုရရှိထားကြောင်း၊ လက်ရှိတွင် ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဆိုင်ပေါင်း ၇ ဆိုင်ဖွင့်လှစ်ထားပြီး ဆိုင်ခွဲများလည်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချော့စု**

# ပြည်တွင်းခရီးသွားလုပ်ငန်းလုပ်ကိုင်သော Memories Group Limited သည် စင်ကာပူစတော့အိတ်ချိန်းသို့ ဝင်ရောက်

ပြည်တွင်းခရီးသွားကုမ္ပဏီတစ်ခုဖြစ်သည့် Memories Group Limited သည် ဇန်နဝါရီ ၅ရက်တွင် စင်ကာပူစတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီ ဖြစ်လာခဲ့ကြောင်း သတင်းရရှိသည်။

FMI ၊ Yoma Strategic Holdings(YSH) နှင့် Exemplary Venture Ltd (EVL) တို့က ခရီးသွားလုပ်ငန်းကုမ္ပဏီ MM Myanmar Pte Ltd လက်အောက်ရှိရင်းတို့၏ ရှယ်ယာထည့်ဝင် ပိုင်ဆိုင်မှုများကို စင်ကာပူစတော့အိတ်ချိန်းဝင် SHC Capital Asia Ltd သို့ လွှဲပြောင်းပေးခဲ့ကြောင်း၊ အဆိုပါ လွှဲပြောင်းမှုအတွက် FMI ၊ YSH ကုမ္ပဏီနှင့် EVL ကုမ္ပဏီများသို့ SHC Capital Asia Ltd ၏ ရှယ်ယာ ၈၅ ဒသမ ၈ ရာခိုင်နှုန်းကို သာမန်အစုရှယ်ယာသစ်များ ထုတ်ဝေခြင်းဖြင့် ပေးချေခဲ့ကြောင်း၊ ထို့ကြောင့် FMI ကုမ္ပဏီသည် SHC ၏ ၁၃ ဒသမ ၆ ရာခိုင်နှုန်းကို ပိုင်ဆိုင်လာခဲ့ပြီး အစုရှယ်ယာလွှဲပြောင်းမှုပြီးစီးချိန်တွင် SHC Capital Asia Ltd ကို "Memories Group Limited" အဖြစ် အမည်ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

Memories Group Limited ၏ စီမံခန့်ခွဲရေးအဖွဲ့အား ဥက္ကဋ္ဌ ဦးသိမ်းဝေ (ခ) Mr.Serge Pun၊ အမှုဆောင်အရာရှိချုပ် Mr.Michel Novatin နှင့် လုပ်ငန်းဆိုင်ရာ အမှုဆောင် အရာရှိချုပ် Mr.Jean Michel Romon တို့က ဦးဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Memories Group ၏ ကနဦးလုပ်ငန်းများတွင် Balloons over Bagan နှင့် Balloons over Inle၊ Pun Hlaing Lodgeဟိုတယ်၊ HpaAn Lodgeဟိုတယ်၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အဆောက်အအုံတစ်ခုနှင့် Asia Holiday လုပ်ငန်းများပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာပြည်အတွက် အလွန်တရာ မှတ်ကျောက်တင်နိုင်မယ့် အခြေအနေတစ်ခုပါ။ မြန်မာကုမ္ပဏီတစ်ခုအနေဖြင့် အခုလိုပြည်ပနိုင်ငံ စတော့အိတ်ချိန်းဝင်ကုမ္ပဏီတစ်ခုတွင် ရင်းနှီးမြှုပ်နှံရှုမှုမက ကုမ္ပဏီရဲ့အရေးကြီးဆုံးကဏ္ဍများကိုပါ တာဝန်ယူဆောင်ရွက်ရခြင်းက မြန်မာနိုင်ငံမှာ ပထမဦးဆုံးဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံခြင်းက မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းနဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ထပ်မံဝင်ရောက်လာစေရေးအတွက် အထောက်အကူပြုလာပါလိမ့်မယ်"ဟု Memories Group Limited ၏ ဥက္ကဋ္ဌ ဦးသိမ်းဝေက ပြောသည်။ ■

# စစ်တွေကမ်းနား မြေဖို့မြေယာစီမံကိန်း မြေယာရောင်းချပွဲအတွင်း ကျပ် ၂၆ ဘီလီယံဖိုး ရောင်းချနိုင်ခဲ့

စစ်တွေကမ်းနားမြေဖို့မြေယာဖော်ထုတ်ရေးစီမံကိန်း (Sittwe Waterfront New City Project) ၏ မြေယာရောင်းချပွဲအတွင်း ကျပ် ၂၆ ဘီလီယံတန်ဖိုးရှိ မြေကွက်ပေါင်း ၂၄၀ ကျော်ကို ရောင်းချနိုင်ခဲ့ကြောင်း iMyanmarHouse.com မှ သတင်းထုတ်ပြန်သည်။

အဆိုပါမြေဖို့မြေယာဖော်ထုတ်ရေး စီမံကိန်း၏ မြေယာရောင်းချပွဲကို ဇန်နဝါရီလ ၆ ရက်နှင့် ၇ ရက်တို့တွင် ရန်ကုန်မြို့နှင့် စစ်တွေမြို့၌ ပြုလုပ်ခဲ့ရာ မြေတစ်ပေပတ်လည်ကို ကျပ် ၂၅၀၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။


ဝယ်ယူသူအများစုမှာ စစ်တွေဒေသခံများနှင့် ရခိုင်ဇာတိများဖြစ်ပြီး ကိုယ်တိုင်နေထိုင်ရန်နှင့် လုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်ဝယ်ယူကြကြောင်း၊ ယခုဝယ်ယူသည့်မြေကွက်များအတွက် ရခိုင်ပြည်နယ်အစိုးရမှ နှစ် ၃၀ ဂရန် ချထားပေးသွားမည်ဖြစ်ကြောင်း iMyanmar House.com ၏ မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူက ပြောသည်။

စစ်တွေကမ်းနားမြေဖို့မြေယာ စီမံကိန်းမှာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ပြီး အခြေခံအဆောက်အအုံပိုင်းဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးတို့ကို ရခိုင်ပြည်နယ် အစိုးရနှင့် အကျိုးတူပူးပေါင်း၍ စီမံကိန်းကိုဖော်ဆောင်နေသည့် BXT International Co.,Ltd က ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်တွေကမ်းနားမြေဖို့မြေယာဖော်ထုတ်ရေးစီမံကိန်း (Sittwe Waterfront New City Project)ကို ယခင်အစိုးရလက်ထက်ကတည်းက စတင် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့် ရရှိခဲ့ကြောင်း သိရသည်။

# အူရီဒူးဝန်ဆောင်မှုသုံးစွဲသူများ QR Code နှင့် Pin နံပါတ်အသုံးပြု၍ ငွေဖြည့်နိုင်

အူရီဒူးဝန်ဆောင်မှုသုံးစွဲသူများ အနေဖြင့် QR Code နှင့် Pin နံပါတ်အသုံးပြု၍ ဖုန်းငွေဖြည့်သွင်းနိုင်ပြီဖြစ်ကြောင်း အူရီဒူးမြန်မာ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။




အူရီဒူးဆင်းကတ်သုံးစွဲသူများသည် QR Code ပါရှိသည့် ကျပ် ၃၀၀၀ တန် ဖုန်းငွေဖြည့်ကတ်များကို စတင်ဝယ်ယူနိုင်ပြီဖြစ်ပြီး ကျပ် ၁၀၀၀ နှင့် ကျပ် ၅၀၀၀ တန် QR Code ပါရှိသည့် ငွေဖြည့်ကတ်များကိုလည်း မကြာမီသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

မိုဘိုင်းဖုန်းအသုံးပြုသူများအနေဖြင့် Pin နံပါတ်သာမက QR Code ဖြင့် ငွေဖြည့်ခြင်းဟူသော နည်းလမ်းနှစ်မျိုးဖြင့် ဖုန်းငွေဖြည့်သွင်းနိုင်မည်ဖြစ်သည့်အတွက် ဖုန်းငွေဖြည့်ကတ်ဝယ်ယူသောအခါ သေချာစစ်ဆေးရန် လိုအပ်ကြောင်း၊ စစ်ဆေးသင့်သည့်အချက်မှာ Pin နံပါတ်ပေါ်တွင် အူရီဒူးလိုဂို အမှတ်အသားဖြင့်ငွေမင်အုပ်ထားခြင်း၊ QR Code ပေါ်တွင် 'My Ooredoo App ကို အသုံးပြုပြီး QR Code ကြည့်ရန်' စာသားဖြင့် ငွေမင်အုပ်ထားခြင်းတို့ ဖြစ်ကြောင်း သိရသည်။

အမှတ်အသားများပါရှိသည့် ငွေမင်အုပ်ထားပေးရခြင်းမှာ ငွေဖြည့်ကတ် တွင်ပါဝင်သော ငွေတန်ဖိုးကို ကာကွယ်ပေးခြင်းဖြစ်ပြီး မရိုးသားသောသူများ၏ အတုအပပြုလုပ်ခြင်းမှ ကာကွယ်ရန်ဖြစ်ကြောင်း သိရသည်။

ဖုန်းလက်ကျန်ငွေဖြည့်သွင်းသည့်အခါ အဆင်ပြေချောမွေ့လွယ်ကူစေရန် ရည်ရွယ်၍ QR Code ဖြင့် လျင်မြန်စွာ ဖုန်းငွေဖြည့်သွင်းနိုင်သည့် ဝန်ဆောင်မှုသစ်ကို ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

# MPT မှ နှစ်သစ်ကူးအစီအစဉ်၏ နောက်ဆုံးကံထူးရှင်ရွေးချယ်ပွဲတွင် ကွန်ဒိုမီနီယမ်ဆုကို မွန်ပြည်နယ်မှ ရရှိ

MPT မှ နှစ်သစ်ကူးအစီအစဉ်၏ နောက်ဆုံးကံထူးရှင် ရွေးချယ်ပွဲကို ရန်ကုန်မြို့ရှိ မြန်မာပလာဇာတွင် ပြုလုပ်ခဲ့ပြီး စတားစီးတီးမှ ကွန်ဒိုမီနီယမ်ကို မွန်ပြည်နယ်မှ ကံထူးခဲ့ကြောင်း သိရသည်။

အဆိုပါကံထူးရှင်ရွေးချယ်ပွဲတွင် ယခင်တစ်ပတ်များက ကားကံထူးသူများကိုပါ တစ်ပါတည်းဆုချီးမြှင့်ခဲ့ပြီး iPhone X ကံထူးရှင်များနှင့် အမြင့်ဆုံးဆုဖြစ်သည့် ကွန်ဒိုမီနီယမ် ကံထူးရှင်တို့ကို တစ်ပါတည်း ရွေးချယ်ခဲ့ကြောင်း သိရသည်။

အမြင့်ဆုံးဆုကံထူးရှင်မှာ မွန်ပြည်နယ် ရေးမြို့မှ မဆုသက်နွယ်ဖြစ်ပြီး အခြားသောပြည်နယ်တိုင်းများမှလည်း iPhone X ကံထူးခဲ့ကြောင်း သိရသည်။

ကံထူးရှင်ရွေးချယ်မှုပုံစံမှာ နှစ်သစ်ကူး အစီအစဉ်သတ်မှတ်ရက်အတွင်း ဖုန်းငွေဖြည့်မှု အများဆုံးပြုလုပ်ခဲ့သည့် အသုံးပြုသူများထဲမှ ဖုန်းနံပါတ်တစ်သောင်းကို ကွန်ပျူတာစနစ်ဖြင့် ကျပန်းရွေးချယ်၍ ရရှိလာသည့် ကုတ်နံပါတ်နှင့် တွဲမှတ်ထားသည့် ဖုန်းနံပါတ်ပိုင်ရှင်ကို ကံထူးရှင်အဖြစ် ရွေးချယ်ခြင်းဖြစ်ကြောင်း၊ ဖုန်းငွေဖြည့်မှု အများဆုံးဆိုရာတွင်လည်း ငွေကျပ် ၁၀၀၀ ဖြည့်ပါက ကံစမ်းခွင့်တစ်ဆရရှိမည်ဖြစ်ပြီး ငွေကျပ် ၅၀၀၀ ဖြည့်ပါက ကံစမ်းခွင့် ၅ ဆ ရရှိခြင်းဖြစ်ကြောင်း သိရသည်။

ကုတ်နံပါတ်နှင့် တွဲလျက်ဖုန်းနံပါတ်ကိုရွေးချယ်ရာတွင် MPT IT Team မှ ကျပန်းစနစ်နှင့် ရွေးချယ်ထားသည့် ဖုန်းနံပါတ်တစ်သောင်းကို သီးခြားလွတ်လပ်သည့် Myat&Associate Law Firm မှ ပြန်လည်စိစစ်ကာ ကုတ်နံပါတ်နှင့် မှတ်သားရွေးချယ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ ■

# ပဉ္စမအကြိမ် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ ကျင်းပမည်

ပဉ္စမအကြိမ်မြောက် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ - ၂၀၁၈ ကို ဖေဖော်ဝါရီလ ၂ ရက်မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲ ကျင်းပရခြင်းမှာ ပြည်တွင်းမှထုတ်လုပ်သည့် စားသောက်ကုန်များအား တစ်စုတစ်စည်း တည်း နိုင်ငံတကာအဆင့်မီ ပြသနိုင် စေရန်၊ ပြည်တွင်းဖြစ် စားသောက်ကုန် များနှင့် ပြည်ပစားသောက်ကုန်များကို စားသုံးသူများ ပိုမိုသိရှိရင်းနှီးလာစေရန်၊ လုပ်ငန်းရှင်အချင်းချင်း စီးပွားရေး ဆက်သွယ်မှုရရှိနိုင်ရေးနှင့် ဈေးကွက်များ ချဲ့ထွင်နိုင်စေရန်၊ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာများနှင့် ခေတ်မီ စက်ကိရိယာများ၏ နည်းပညာအဆင့်အတန်းများကို လေ့လာခြင်းဖြင့် ထုတ်လုပ်သော ကုန်ပစ္စည်းများ၏ စံချိန်စံညွှန်းများ မြင့်မားလာစေရန်၊ စံချိန်စံညွှန်း သတ်မှတ်ချက်နှင့် ကိုက်ညီသော စားသောက်ကုန်များအကြောင်းကို ဗဟုသုတ ပိုမိုသိရှိစေရန်နှင့် ပြည်တွင်း စားသောက်ကုန်လုပ်ငန်း ပိုမိုတိုးတက်၍ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြည်တွင်းပြည်ပ စားသောက်ကုန်ထုတ်လုပ်သူများ၊ ပြည်တွင်းပြည်ပ စားသောက်ကုန်ဖြန့်ဖြူးရောင်းချသူများ၊ ပြည်တွင်းပြည်ပ စားသောက်ကုန်ထုတ်လုပ်မှုနှင့်ပတ်သတ်သော စက်ကိရိယာနှင့် နည်းပညာရောင်းချသူများအပြင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပါဝင်ပြသမည်ဖြစ်ပြီး ကုမ္ပဏီပေါင်း ၈၀ ခန့်မှ ပြခန်းပေါင်း ၁၃၂ ခန်း ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲကို မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သန်းထိုက်အောင် စုစည်းတင်ပြသည်။



## မြို့ကြီးများ၏ ၁၅-၁-၂၀၁၈ မှ ၁၉-၁-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၅-၁-၂၀၁၈) | အင်္ဂါ(၁၆-၁-၂၀၁၈) | ဗုဒ္ဓဟူး(၁၇-၁-၂၀၁၈) | ကြာသပတေး(၁၈-၁-၂၀၁၈) | သောကြာ(၁၉-၁-၂၀၁၈) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၂၉°C/၈၄°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၅°F | နေသာ ၃၁°C/၈၇°F |
| ရန်ကုန်မြို့ | တိမ်အသင့်အတင့် ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၂°F | နေသာ ၃၄°C/၉၄°F |
| မန္တလေးမြို့ | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | တိမ်အသင့်အတင့် ၂၇°C/၈၁°F |
| မြစ်ကြီးနား | ၅၀% ၂၄°C/၇၅°F | တိမ်အသင့်အတင့် ၂၄°C/၇၆°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၇°C/၈၀°F |
| လားရှိုး | တိမ်အသင့်အတင့် ၂၂°C/၇၂°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၆°F |
| ကျိုင်းတုံ | နေသာ ၂၅°C/၇၇°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၇°C/၈၀°F |
| လွိုင်ကော် | နေသာ ၂၅°C/၇၇°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F | တိမ်ထူထပ် ၂၈°C/၈၂°F |
| တောင်ကြီး | နေသာ - ၄°C/၂၅°F | တိမ်အသင့်အတင့် - ၆°C/၂၂°F | နေသာ - ၇°C/၁၉°F | နေသာ - ၂°C/၂၈°F | နေသာ ၃°C/၃၇°F |
| မော်လမြိုင် | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F |
| ဘားအံ | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F |
| တောင်ငူ | နေသာ ၂၉°C/၈၅°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၂°C/၈၉°F |
| မုံရွာ | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F |
| ပုသိမ် | တိမ်အသင့်အတင့် ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၉၀°F |
| မြိတ် | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F |
| စစ်တွေ | နေသာ ၂၄°C/၇၆°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၈၀°F | နေသာ ၂၇°C/၈၁°F |
| မကွေး | တိမ်အသင့်အတင့် ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၂°F | တိမ်အသင့်အတင့် ၂၇°C/၈၁°F | တိမ်အသင့်အတင့် ၂၈°C/၈၃°F |
| ဖလမ်း | တိမ်အသင့်အတင့် ၁၉°C/၆၇°F | နေသာ ၁၉°C/၆၆°F | တိမ်အသင့်အတင့် ၁၉°C/၆၇°F | နေသာ ၂၁°C/၆၉°F | နေသာ ၂၂°C/၇၁°F |

# ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ဖြေရှင်းမှုများက ပုဂ္ဂလိကကဏ္ဍအတွက် ကြီးမားသော အခွင့်အလမ်းကိုပေး

ရာသီဥတုပြောင်းလဲမှုမှ ဖြစ်ပေါ်သော ဂယက်ရိုက်ခတ်မှုက ပုဂ္ဂလိက ကဏ္ဍအတွက် ကြီးမားသော အခွင့်အလမ်းများကို ဖန်တီးပေးသည်။ ဤဂယက်ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ရေအသုံးချရေး ပြဿနာများကိုဖြေရှင်းရာတွင် ဒေသအလိုက် ဖြေရှင်းမှုများကို ဆောင်ရွက်ပေးနိုင်ကြောင်း အမေရိကန်ပြည်ထောင်စု ကော်နဲတက္ကသိုလ်လယ်ယာစိုက်ပျိုးရေးနှင့် သက်ရှိသိပ္ပံကောလိပ်မှ အပြည်ပြည်ဆိုင်ရာ အစီအစဉ်ညွှန်ကြားရေးမှူး ရော်နီကော့ဖ်မန်းက ပြောသည်။

ဟိမဝန္တာရေခဲမြစ်များ အရည်ပျော်ခြင်းနှင့် တစ်နှစ်လျှင်နှစ်စင်တီမီတာ ပင်လယ်မျက်နှာပြင်မြင့်တက်ခြင်း စသည့်အချက်များက အိန္ဒိယ၊ တရုတ်နှင့် တောင်အာရှနိုင်ငံတွင် ရေအဆမတန်လွှမ်းမိုးသည့် အန္တရာယ်များကိုဖြစ်ပေါ်စေသည်။ ထို့ကြောင့် ပုဂ္ဂလိကဦးစီးဦးဆောင်ပြုဆောင်ရွက်သော အစီအစဉ်များနှင့် ပုဂ္ဂလိက-အစိုးရ ပူးပေါင်းဆောင်ရွက်မှုမှာ အရေးပါကြောင်း သူက ပြောသည်။

ဆပ်ဂုရုစီမံခန့်ခွဲရေး အတိုင်ပင်ခံအဖွဲ့နှင့် ကော်နဲတက္ကသိုလ်တို့စီစဉ်ဆောင်ရွက်သော 'လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်နှင့်လူသားကျန်းမာရေးတွင် ရာသီဥတု ပြောင်းလဲရေးကြောင့်ဖြစ်ပေါ်လာနိုင်သည့် အလားအလာများ' ဟူသောခေါင်းစဉ်ဖြင့် ကျင်းပသော စကားဝိုင်းဆွေးနွေးပွဲတွင် ကော့ဖ်မန်းက ယခုကဲ့သို့ ပြောကြားခြင်း ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုသည် အမှန်တကယ်ဖြစ်ပေါ်နေပြီး လယ်ယာစိုက်ပျိုးရေးတွင် ဖြစ်ပေါ်နေသောစိန်ခေါ်မှုများကို ရင်ဆိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ တီထွင်ဆန်းသစ်မှုဖြစ်ကြောင်း မဟာရသျှတ္တရ စပ်မျိုးသီးနှံကုမ္ပဏီ၏ညွှန်ကြားရေးမှူး ယူရှာဘာဝါလေက ပြောသည်။

နိုဗယ်ဆုရပညာရှင် နော်မန်ဆိုလော့ အပါအဝင် သစ်ပင်စိုက်ပျိုးသူများက တီထွင် ဆန်းသစ်မှုပြုလုပ်ရန် အမြဲကြိုးစားပြီး လယ်ယာ ထွက်ကုန်တိုးတက်ရေးကို ကြိုးပမ်းလျက်ရှိသည်။

"ပြဿနာက ရာသီဥတုပြောင်းလဲမှုရဲ့ ဂယက်ရိုက်ခတ်မှုကို ဖြေရှင်းဖို့သာမကဘဲ အနာဂတ်ပြဿနာတွေကို ဖြေရှင်းဖို့အတွက် သစ်ပင် စိုက်ပျိုးသူတွေလိုအပ်တဲ့ နည်းပညာတွေကို အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးဖို့လိုပါတယ်" ဟု သူမက ပြောသည်။

**ဉာဏ်တင်**

အပျက်အစီးများကို သေချာစွာ စစ်ဆေးပြီးနောက် ပျက်စီးသွားသော အိမ်အရေအတွက်ကို ၁၀၀ မှ ၅၉ လုံး သို့ လျှော့ချပြီး ထိခိုက်ခံရသော အိမ်အရေအတွက်ကို အလုံး ၃၀၀ မှ ၄၄၆ လုံးသို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။ ဒဏ်ရာရသူဦးရေ ၁၈ ဦးရှိပြီး ဆယ့်နှစ်ဦးမှာ ဆေးရုံတင်ထားဆဲဖြစ်ပြီး လေးဦးမှာ စိုးရိမ်ရသော အခြေအနေရှိသည်။

**ဉာဏ်တင်**

# အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားမြေပြိုမှုမှ ဒုက္ခသည်များကို ကယ်ဆယ်ရေးအဖွဲ့တို့ ဆက်လက်ရှာဖွေ

ကယ်လီဖိုးနီးယားပြည်နယ်၏မြို့တစ်မြို့ဖြစ်သော မွန်တက်စီတိုမြို့တွင် မြေပြိုမှုကြောင့် ရွှံ့နွံထဲတွင်နစ်နေသော ဒုက္ခသည်အလောင်းများအား ရာပေါင်းများစွာသော ကယ်ဆယ်ရေး လုပ်သားတို့က ရှာဖွေလျက်ရှိသည်။

မွန်တက်စီတိုမြို့တွင် ရွှံ့နွံနစ်၍ ခုနစ်ဦးသေဆုံးကြောင်း အတည်ပြုထားပြီး ရှစ်ဦးမှာ ပျောက်ဆုံးနေကြောင်း တာဝန်ရှိ သူတို့က ပြောသည်။ စာရင်းအရ ပျောက်ဆုံးနေသူဦးရေမှာ ၁၆ ဦး မှ ၄၈ ဦးအထိ မြင့်တက်လာသည့်အတွက် ဇန်နဝါရီ ၁၁ ရက်နံနက်ပိုင်းက ဆန်တာဘာဘရာကောင်တီရှိ အာဏာပိုင်တို့မှာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်အောင် စိတ်ပူသွားကြသည်။ သို့သော်လည်း ယခုကဲ့သို့ ပျောက်ဆုံးသူ ဦးရေ မြင့်တက်ခြင်းမှာ ရေးမှတ်ရာတွင် မှားယွင်းမှုကြောင့်ဖြစ်ပြီး သေချာစွာ ပြန်လည်စိစစ်သောအခါ ပျောက်ဆုံးသူဦးရေအမှန်မှာ ရှစ်ဦးဖြစ်ကြောင်း သိရသည်။

ရှာဖွေရေးအတွက်သုံးသော ခွေးများသည် အိမ်ပျက်သစ်သားပုံများကို ဖက်တွယ်ကာ ရှာဖွေလျက်ရှိသည်။ ရွှံ့နွံများပေကျံလျက်ရှိသော ကယ်လီဖိုးနီးယားဒေသအသီးသီးမှ ကယ်ဆယ်ရေးအဖွဲ့များမှာ မွန်တက်စီတိုမြို့၏ အပျက်အစီးများကြားတွင် ဝင်ရောက် ရှာဖွေလျက်ရှိသည်။ ယင်းဒေသမှာ အော်ပရာဝင်းဖရေးကဲ့သို့သော နာမည်ကြီးများ မွေးဖွားရာ လော့စ်အိန်ဂျလိမြို့၏အနောက်မြောက်ဘက်တွင် ရှိသည်။

ရွှံ့နွံများ၊ ကျောက်တုံးများ၊ ကားပျက်များ၊ ကျိုးနေသော သစ်သား ချောင်းများနှင့် သစ်ကိုင်းများမှာ မြေပြင်တွင် ဖုံးလွှမ်းလျက်ရှိပြီး ပထမကမ္ဘာ စစ်အတွင်းက စစ်မြေပြင်နှင့်တူ နေသည်။

## လပွတ္တာမြို့နယ် ဂန့်အိတ်ကျေးရွာ အ•ထ•က ကျောင်းတွင် စားသုံးသူအသိပညာပေး ဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ် ဂန့်အိတ်ကျေးရွာ အ. ထ. က ကျောင်းတွင် လပွတ္တာမြို့နယ် စားသုံးသူရေးရာဦးစီးဌာနကဦးစီးပြီး စားသုံးသူ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၁၁ ရက်တွင် ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးဝင်းမင်းစိုးက ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်၊ ဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ CICC ရုံးခန်းဖွင့်လှစ်ဆောင်ရွက်နေမှုများကို ဟောပြောခဲ့သည်။ ထို့နောက်မြို့နယ်တာဝန်ခံဦးဝင်းမင်းစိုးနှင့် ဆရာ/ဆရာမများသည် ကျောင်းမုန့်ဈေးတန်းသို့ သွားရောက်စစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယကြီးကြပ်ရေးမှူးဦးမြင့်ဌေးက ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်မုန့်များကို ရွေးချယ်စားသုံးတတ်စေရန်၊ စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သိကောင်းစရာများကို အစားအသောက်နမူနာများပြသ၍ ရှင်းလင်းဟောပြောခဲ့ပါသည်။ အဆိုပါ ဟောပြောပွဲသို့ ဌာနဆိုင်ရာဝန်ထမ်းနှစ်ဦး၊ ဆရာ/ဆရာမ ၂၅ ဦး၊ ကျောင်းသား/ ကျောင်းသူ ၂၄၄ ဦး၊ ကျောင်းမုန့်ဈေးတန်းဆိုင်ရှင်ငါးဦး၊ စုစုပေါင်း ၂၇၆ ဦး တက်ရောက်ခဲ့ကြပြီး မြို့နယ်တာဝန်ခံ ဦးဝင်းမင်းစိုးနှင့် ဆရာ၊ ဆရာမများသည် ကျောင်းမုန့်ဈေးတန်း၌ ကွင်းဆင်းစိစစ်၍ပညာပေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**တိုးလွင်(မြောင်းမြ)**

## ဖျာပုံမြို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား စားသုံးသူ အသိပညာပေး ဟောပြောပွဲကျင်းပ

ဖျာပုံမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးစိုးမင်းထိုက်နှင့်ဝန်ထမ်းများသည်ဇန်နဝါရီ ၉ ရက်က ခရိုင်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုများအားစားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပခဲ့ရာ စုစုပေါင်း ၄၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါဟောပြောပွဲတွင် မီးသတ်တပ်ဖွဲ့ ခရိုင်ဦးစီးမှူး ဦးဌေးဝေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်တာဝန်ခံကစားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များ၊ ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးမှုနှင့် တွေ့ရှိသည့်ကုန်စည်များအား တားမြစ်၊ သတိပေး၊ သိမ်းဆည်း၊ မီးရှို့ဖျက်ဆီးခဲ့သည့်အခြေအနေများ၊ သတင်းပြန်ကြားရေးနှင့် တိုင်ကြားစာလက်ခံဆောင်ရွက်ရေးစင်တာ(CICC)ဖွင့်လှစ်ထားရှိမှုနှင့် တိုင်ကြားစာများအပေါ် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးနေမှုများအား ဟောပြောခဲ့ပြီး ဒုတိယမြို့နယ်တာဝန်ခံက ဝန်ဆောင်မှုလုပ်ငန်းများအကြောင်း၊ FDA မှ တားမြစ်ထားသော အစားအစာများ၊ အလှကုန်များ၊ ဆေးဝါးများ၊ရေသန့်များ၊ အအေးကုန်စည်များ၊ စားသုံးရန်မသင့်သောဓာတုဆိုးဆေးအကြောင်းကို နမူနာမုန့်များပြသ၍ ဟောပြောဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုများ က သိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

## ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ကျောင်းစားသုံးသူ ကာကွယ်ရေးဟောပြောပွဲကျင်းပပြီး ကျောင်းမုန့်ဈေးတန်းအားစစ်ဆေး

ပုသိမ်မြို့ အမှတ်(၂၂) ဇေယျဝတီ၊ ရွှေဝါလမ်း အခြေခံပညာ မူလတန်းကျောင်းတွင် ပုသိမ်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၀ ရက်က ကွင်းဆင်း၍ စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်း စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ စုစုပေါင်း ၁၅၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူးက စားသုံးသူကာကွယ်ရေးဥပဒေ၊ စားသုံးသူအခွင့်အရေး၊ အစားအသောက်အန္တရာယ် ရှောင်ရန်ဆောင်ရန်များနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသော စားသုံးသူကာကွယ်ရေးလုပ်ငန်းများအကြောင်းအား ဟောပြောဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသော ကျောင်းသား မိဘများနှင့် ဆရာ၊ ဆရာမများ၏ မေးမြန်းချက်များအား ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကျောင်းမုန့်ဈေးတန်းအတွင်း ရောင်းချလျက်ရှိသော မုန့်များအား စစ်ဆေးပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တားမြစ်ထားသောမုန့်များ မရောင်းချရန် ကလေးများ၏ကျန်းမာရေးကို ထိခိုက်စေနိုင်သော မုန့်များ မရောင်းချရန် ကျောင်းမုန့်ဈေးတန်းဈေးသည်များ တစ်ကိုယ်ရည်သန့်ရှင်းရေး ကောင်းမွန်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရှိရသည်။

**မောင်ပုသိမ်**

## မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု အခြေခံပညာမူလတန်းလွန် (ရွှေဒူး) ကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

ကျောင်းသား/ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အစားအသောက်များ ရွေးချယ်စားသုံးတတ်စေရန် ရည်ရွယ်၍ မြိတ်ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမျိုးအေးနှင့် ဝန်ထမ်းများ၊ မြိတ်ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများသည် နိုဝင်ဘာလ ၁၁ ရက်က မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ အခြေခံပညာမူလတန်းလွန် (ရွှေဒူး) ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ဌာနစတင်ပေါ်ပေါက်လာပုံနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ ခွင့်မပြုဓာတုဆိုးဆေးများအကြောင်းနှင့် တားမြစ်ထားသော စားသောက်ကုန်များ၏ ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ သက်တမ်းလွန်မုန့်များ၊ ဆိုးဆေးပါသော အစားအသောက်များ၊ တာရှည်ခံဆေးများပါသော အစားအသောက်များအား သတိပြု ရွေးချယ်စားသောက်နိုင်ရန်တို့ကိုလည်းကောင်း ဟောပြောခဲ့ရာ အဆိုပါကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၅၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မြိတ်စားသုံးသူ**

## မြောင်းမြခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏(၁၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြောင်းမြခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ အစည်းအဝေးခန်းမမှာ ဇန်နဝါရီလ ၁၁ ရက်က ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မြောင်းမြခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ခရိုင်ဦးစီးမှူး ဦးတိုးလွင်က အဖွင့်အမှာစကား ပြောကြားပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ သိကောင်းစရာ အချို့နှင့် မြောင်းမြခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ လမ်းညွှန်ချက်များနှင့် ဆုံးဖြတ်ရန်ကိစ္စများ၊ ယခင်လ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများအား အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် အစည်းအဝေး တက်ရောက်လာသူများ၏ ဆွေးနွေးချက်များအပေါ် အတွင်းရေးမှူး ဦးတိုးလွင်က ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ပြီး လုပ်ငန်း ညှိနှိုင်း အစည်းအဝေးသို့ အဖွဲ့ဝင်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**တိုးလွင်(မြောင်းမြ)**

## ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ၁/၂၀၁၈ အကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ၁/၂၀၁၈ အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၈ ရက်က ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၁၂ ဦး တက်ရောက်ခဲ့ပါတယ်။




အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်ငွေက ၆/၂၀၁၇ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များအား ဆွေးနွေးတင်ပြခဲ့ပြီး ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက ရွှေဘိုမြို့ စည်ပင်သာယာဈေးအတွင်း စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချမှု ရှိ/မရှိ ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းအဖွဲ့ဖြင့် စစ်ဆေး ပညာပေးခြင်းများကို အဖွဲ့ဝင်များမှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်ဆေးတွေ့ရှိပါက စားသုံးရန်မသင့်ကြောင်း ပညာပေးမည်ဖြစ်ပြီး ဆက်လက်ရောင်းချပါက ဥပဒေအရ အရေးယူခြင်းများ ဆောင်ရွက်နိုင်မှသာ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ပိုမိုအောင်မြင်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့တယ်လို့ သတင်းရရှိပါတယ်။

**နှင်းနှင်းခိုင် (ရွှေဘို)**

# အိန္ဒိယနိုင်ငံ၏ ခရိုင်များအားလုံးတွင် စားသုံးသူကာကွယ်ရေးကောင်စီများ ဖွဲ့စည်းတည်ထောင်သွားမည်

အိန္ဒိယနိုင်ငံ တီလန်ဂါနာအစိုးရ၏ ဘဏ္ဍာရေး၊ ပြည်သူ့ရောင်းချရေးနှင့် စားသုံးသူရေးရာဝန်ကြီးဌာန ဝန်ကြီးက အိန္ဒိယနိုင်ငံအတွင်းရှိခရိုင် ၃၁ ခု အတွင်း စားသုံးသူကာကွယ်ရေးကောင်စီများကို မကြာမီကာလတွင် ဖွဲ့စည်းတည်ထောင်သွားမည်ဖြစ်ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး အက်ဥပဒေ ၁၉၈၆ကို ပြင်ဆင်ထားသော ဥပဒေသစ်ကို လွှတ်တော်တွင်မကြာမီ အတည်ပြု ပြဋ္ဌာန်းသွားမည်ဟု အမျိုးသားစားသုံးသူနေ့ အခမ်းအနားတွင် ပြောကြားခဲ့ပါသည်။

တီလန်ဂါနာအစိုးရသည် "She Teams"များကို ဖွဲ့စည်းကာ အမျိုးသမီးများအား အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အနှောင့်အယှက်ပေးမှုများ၊ တရားမဝင် လောင်းကစားကလပ် တည်ထောင်မှုများနှင့် အစားအသောက်များ မသန့်မရှင်း ထားရှိမှုတို့ကို စောင့်ကြည့်ဆန့်ကျင်တိုက်ဖျက်သွားမည်ဖြစ်ပါသည်။ ထို့ပြင် ထင်ယောင်ထင်မှားဖြစ်စေနိုင်သည့်ကြော်ငြာများမှ လိမ်လည်လှည့်ဖြားမှုများမခံရစေရန် ရှောင်ရှားသင့်ကြောင်း၊ လူထုဆက်သွယ်ရေးနည်းလမ်းများမှ စားသုံးသူများကို ထင်ယောင်ထင်မှားဖြစ်စေသော ကြော်ငြာများနှင့် သက်ဆိုင်သည့် အသိပညာပေး လှုပ်ရှားဆောင်ရွက်မှုများတွင် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

စားသုံးသူအငြင်းပွားမှု အရေးယူဆောင်ရွက်သည့် အဖွဲ့အစည်းမှ တရားရေးအရာရှိတစ်ဦးက ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့အထိ အမှုပေါင်း ၄၃၂၈ မှု လက်ခံစစ်ဆေးခဲ့ပြီး ၂၁၄၄ မှုမှာ ဖြေရှင်းပေးပြီးဖြစ်ကာ ကျန် ၂၁၈၄ မှု မှာ ဖြေရှင်းမှုခံယူရန် ဆိုင်းငံ့ထားဆဲဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

တီလန်ဂါနာဒေသအတွင်းရှိ စားသုံးသူအဖွဲ့အစည်းဥက္ကဋ္ဌဖြစ်သူက စားသုံးသူပညာပေးမှုနှင့် အခွင့်အရေးကာကွယ်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း၊ ပြောကြားခဲ့ပါသည်။

**မျိုးမျိုးထိုက်**

## ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၁၁ ရက်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပြီး အစည်းအဝေးသို့ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းဝေနှင့် အမှုဆောင်များနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းဝေက ပြီးခဲ့သောလအတွင်း ဆောင်ရွက်ချက်များ၊ ယခုလအတွင်း ဆောင်ရွက်မည့်စီမံချက်များကို ညှိနှိုင်းခြင်း၊ အတည်ပြုချက်ရယူခြင်း၊ လုပ်ဆောင်ချက်များကိုလည်း မြို့နယ်အဖွဲ့များမှ ကူညီပံ့ပိုးသွားနိုင်ရေးတို့ကို ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကျင်ဌေးက ဈေးကွက်အတွင်းရှိ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်ပစ္စည်းများအား စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ ယခင်လအတွင်း အသိပညာပေးဆောင်ရွက်ခဲ့မှုများ၊ ယခုလအတွင်း ဆောင်ရွက်မည့်လျာထားချက်များအား မြို့နယ်အလိုက် ရှင်းလင်းတင်ပြ အတည်ပြုချက်ရယူခြင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် အနောက်ပိုင်းခရိုင်ဈေးများအတွင်း ကွင်းဆင်းဆောင်ရွက်မှုများအား ရှင်းလင်းခြင်း၊ တိုင်ကြားမှုရှိလာပါက နောက်ကြောင်းပြန်စစ်နိုင်ရန် အမှတ်တံဆိပ်တွင်ပါဝင်ရမည့် အချက်များ ရှင်းလင်းခြင်း၊ တိုင်ကြားစာနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြခြင်း၊ မိတ်ဖက်ဌာနများနှင့် ကွင်းဆင်း၍ ဈေးကွက်နမူနာကောက်ယူခြင်း လုပ်ငန်းတို့အား ရှင်းလင်းတင်ပြခဲ့ကာ ဖိတ်ကြားထားသော တာဝန်ရှိပုဂ္ဂိုလ်များမှလည်း အကြံပြု ဆွေးနွေးမှုများဆောင်ရွက်ခဲ့တယ်လို့ သတင်းရရှိပါသည်။

**သန်းအေး**

## လှိုင်ကော်မြို့ အခြေခံပညာကျောင်းများဝန်းကျင်ရှိ ကုန်စုံဆိုင်များတွင် ဘေးအန္တရာယ်ရှိ စားသောက်ကုန်များ ရောင်းချခြင်းရှိ/ မရှိ ကွင်းဆင်းစစ်ဆေး

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်း ဦးဆောင်သော ဝန်ထမ်းများသည် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာ၊ သက်ဆိုင်ရာရပ ကွက် အုပ်ချုပ်ရေးမှူးများနှင့် ဇန်နဝါရီလ ၈ ရက်က လှိုင်ကော်မြို့ရှိအမှတ် (၁)နှင့်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပတ်ဝန်းကျင်ရှိ ကုန်စုံဆိုင်များတွင် ဆေးလိပ်၊ အရက်၊ ကွမ်းယာနှင့် ဘေးအန္တရာယ်ရှိသော စားသောက်ကုန်များ ရောင်းချခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့စစ်ဆေးရာတွင် ကျောင်းပတ်ဝန်းကျင်ရှိ ကုန်စုံဆိုင်လေးဆိုင်၌ သက်တမ်းလွန် စားသောက်ကုန် ၁၉ မျိုးကို စစ်ဆေးတွေ့ရှိခဲ့ပြီး စားသုံးသူများအား ဘေးအန္တရာယ်ဖြစ်စေသည့်အတွက် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့က သိမ်းဆည်းခဲ့ပြီး ဆက်လက် ရောင်းချခြင်းမပြုရန် ဝန်ခံလက်မှတ် ရေးထိုးစေခဲ့သည်။ ဆိုင်ရှင်များအား အသင့်ထုပ်ပိုးပြီး အစားအသောက်များ ဝယ်ယူရောင်းချရာတွင် ထုပ်ပိုးခွံအညွှန်းတွင် အမှတ်တံဆိပ်၊ ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲ၊ ပါဝင်ပစ္စည်း၊ ထုတ်လုပ်သည့်နေရာဒေသနှင့် သက်ဆိုင်ရာဌာန၏ ထောက်ခံချက်များပါသော ပစ္စည်းများကို ရောင်းချစေရန်၊ ထုတ်လုပ်သည့်နေရာ မှန်ကန်စွာ ဖော်ပြထားသော အစားအသောက်များ၊ မြန်မာဘာသာဖြင့် ဖော်ပြထားသော အစားအသောက်များသာ အဓိကထား ရောင်းချရန်နှင့် ဆေးလိပ်၊ အရက်၊ ကွမ်းယာများကိုလည်း ကျောင်းပတ်ဝန်းကျင်အနီးတွင် ရောင်းချခြင်းမပြုရန် အသိပညာပေးဆွေးနွေးခဲ့ပြီး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိသည်။

**မိုင်သိင်္ဂီလင်း**

## ယင်းမာပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၉ ရက်က ယင်းမာပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနဝန်ထမ်းများ စုစုပေါင်း ၁၈ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ယင်းမာပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး၊ ယင်းမာပင်ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဖေသန်းဝင်းက ဒီဇင်ဘာလအတွင်း ပညာပေးဆောင်ရွက်နိုင်မှုအခြေအနေ၊ သက်တမ်းလွန်စားသောက်ကုန်များ၊ ဆေးဝါးများတွေ့ရှိ၍ သိမ်းဆည်းထားသည့်ပစ္စည်းများအား ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် မီးရှို့ဖျက်ဆီးရန်နှင့် ဆက်လက်ပညာပေး ကွင်းဆင်းဆောင်ရွက်မည့် လျာထားချက်များအား တင်ပြဆွေးနွေးခဲ့ပါသည်။ တင်ပြချက်နှင့်ပတ်သက်၍ အဖွဲ့ဝင်များမှ သဘောတူဆုံးဖြတ်ခဲ့ပြီး ကွင်းဆင်းဆောင်ရွက်မှုကိုကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ပြီးနောက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက နောင်တွင် သိမ်းဆည်းပစ္စည်းများ ဖျက်ဆီးရာတွင်လွှတ်တော် ကိုယ်စားလှယ်၊ သတင်းမီဒီယာ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ/မြို့ဖများဖိတ်ကြား၍ မီးရှို့ဖျက်ဆီးခြင်းကို ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်မို့မို့(မြင်းမူ)**

## ဟင်္သာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဟင်္သာတခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ၏ (၁၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီလ ၁၀ ရက်တွင် ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး စုစုပေါင်း ၃၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ဟင်္သာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ဟင်္သာတခရိုင်၏ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေး ဆောင်ရွက်မှု အခြေအနေများနှင့် လအလိုက် ဆောင်ရွက်မှု အခြေအနေများကို သုံးသပ်ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဟင်္သာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကြည်ဟန်က ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်းဆောင်ရွက်ခဲ့မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုဆွေးနွေးခဲ့ပါသည်။ ထို့နောက် အစည်းအဝေး တက်ရောက်လာသူများမှ ဆွေးနွေးရာတွင် ခရိုင်ကျန်းမာရေးမှူး ဒေါက်တာညီညီလွင်က ဆိုးဆေးအန္တရာယ်များနှင့် ရေသန့်များကို စစ်ဆေးရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းဝင်းကလည်း GAP အကြောင်း သိကောင်းစရာများနှင့် ပိုးသတ်ဆေးဆိုင်များအား စစ်ဆေးမှုအခြေအနေများကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**မောင်မောင်မြတ်ခိုင်**

## ညောင်တုန်းမြို့နယ် ရွှေဟင်္သာကျွန်းကျေးရွာတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးသူ လုပ်ငန်းရှင်များအား စားသုံးသူရေးရာသိကောင်းစရာ ဟောပြောပွဲကျင်းပ

မအူပင်ခရိုင် ညောင်တုန်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးအောင်လွင်၊ ကျန်းမာရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီလ ၈ ရက်က ရွှေဟင်္သာကျွန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် စားသုံးသူရေးရာသိကောင်းစရာ အသိပညာပေးဟောပြောပွဲကျင်းပခဲ့ရာ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင် ၁၅၀ ဦးခန့်တက်ရောက်ခဲ့ပါသည်။ အဆိုပါဟောပြောပွဲတွင် မြို့နယ်တာဝန်ခံဦးအောင်လွင်က စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ စိုက်ပျိုးထုတ်လုပ်သူများအား စိုက်ပျိုးထုတ်လုပ်သည့် အချိန်မှစ၍ စားသုံးသူထံရောက်သည်အထိ ဘေးကင်းလုံခြုံစိတ်ချမှုရှိစေရေးအတွက် စိုက်ပျိုးထုတ်လုပ်ရန်နှင့် လုပ်ငန်းရှင်များ၏ကျင့်ဝတ်တို့ကို အကျယ်တဝင့်ဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်များ၏ မေးမြန်းမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**CONSRMER (MT)**

# ထိုင်းနိုင်ငံ၏ စားသောက်ကုန်နှင့် လယ်ယာထွက်ကုန်များ တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများ

ယခင်တစ်ပတ်မှအဆက်

| ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ) |

### ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်သော စားသောက်ကုန်များ

စားသောက်ကုန်များတွင် ဓာတ်ကြွင်းပါဝင်မှုအဆင့်ကို သတ်မှတ်ရာ၌ ခွင့်ပြုထားသော ဓာတ်ကြွင်းပါဝင်မှုအဆင့်များအား Extraneous Residue Limit(ERL) နှင့် Maximum Residue Limit (MRL) များဖြင့် သတ်မှတ်ဆောင်ရွက်ပါတယ်။ ဓာတ်ကြွင်းပါဝင်မှုဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များအား Ministerial Notification No. 288, of B.E. 2548 (2005) တွင် ရှာဖွေကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ Codex မှ သတ်မှတ်ထားတဲ့ ဓာတ်ကြွင်းပါဝင်မှု အဆင့်များကို ထိုင်းနိုင်ငံမှ ယေဘုယျအားဖြင့် လက်ခံတယ်လို့ သိရပါတယ်။

### အခြားလုပ်ထုံးလုပ်နည်းများနှင့် လိုအပ်ချက်များ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း

သီးခြားထိန်းချုပ်သော စားသောက်ကုန်များနှင့် စံချိန်စံညွှန်းများ သတ်မှတ်ထားသော စားသောက်ကုန် အမျိုးအစားများသည် ကောင်းမွန်သော အာဟာရအရည်အသွေးပြည့်ဝမှုနှင့် အဏုဇီဝပစ္စည်းနှင့် အဆိပ်အတောက်ပါဝင်သော ဓာတုပစ္စည်းများ ကင်းစင်ကြောင်း သေချာစေရန်အတွက် တရားဝင် ဓာတ်ခွဲစမ်း သပ်စစ်ဆေးမှုများ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအတွက် အခကြေးငွေပေးဆောင်ရန် လိုအပ်ပြီး စားသောက်ကုန်အတွက် ခွဲခြမ်းစိတ်ဖြာဆောင်ရွက်ရသည့် လုပ်ငန်းစဉ်ရှုပ်ထွေးမှုအဆင့်ပေါ် မူတည်၍ အခကြေးငွေမှာ ကွဲလွဲနိုင်ပြီးအများဆုံး အမေရိကန်ဒေါ်လာ ၇၅၀ အထိ ဖြစ်တယ်လို့ သိရပါတယ်။

### နမူနာအဖြစ် တင်သွင်းသည့် စားသောက်ကုန်များ

ဝယ်ယူတင်သွင်းနိုင်ရေး စဉ်းစားဆောင်ရွက်ရန်နှင့် ထုတ်ကုန်မှတ်ပုံတင်ရန်အတွက် တင်သွင်းသည့် ဆင့်တက်ပြုပြင်ထားသော (သို့မဟုတ်) ထုပ်ပိုးထားသော စားသောက်ကုန်ပမာဏ အနည်းငယ်ကို ထိုင်းနိုင်ငံ၊ FDA ထံမှ သွင်းကုန်လိုင်စင် ရယူရန်မလိုအပ်ဘဲ တင်သွင်းနိုင်ပါတယ်။ ဒါပေမဲ့ အသား၊ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများစတဲ့ စားသောက်ကုန်များအတွက် နမူနာတင်သွင်းပါက သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်းရန်လိုအပ်မှာဖြစ်ပါတယ်။ အချို့ကိစ္စရပ်များတွင် ကျန်းမာရေး ထောက်ခံချက်နှင့် တိရစ္ဆာန်နှင့်အပင်ရောဂါပိုးမွှား ကင်းရှင်းကြောင်း လက်မှတ်များ လိုအပ်ပါတယ်။

### Tariff Rate Quota (TRQ)ဖြင့် သွင်းကုန် ထိန်းချုပ်ဆောင်ရွက်ခြင်း

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ လယ်ယာစိုက်ပျိုးရေးသဘောတူညီချက် (Agreement on Agriculture) အရ ထိုင်းနိုင်ငံဟာ စိုက်ပျိုးရေးထွက်ကုန် (၂၃) မျိုးအတွက် TRQ ထားရှိဆောင်ရွက် ခွင့်ရရှိထားပါတယ်။ အဆိုပါ TRQ system အရ ထုတ်ကုန်တွေကို အုပ်စု (၂) ခု ခွဲခြားထားပါတယ်။ ပထမအုပ်စုမှာ သွင်းကုန် တင်သွင်းမှုကို ကာကွယ်ရန် လိုအပ်ချက်ကို တားဆီးပေးနိုင်မည့်နှိုင်းယှဉ်အားသာချက်ရှိသော ဆန်၊ ဆီအုန်းစသည့် ရိုးရာ ပို့ကုန် အမယ် အများအပြားပါဝင်နေပါတယ်။ ဒုတိယအုပ်စုမှာ ပြည်တွင်း၌ ထုတ်လုပ်နိုင်သော ပစ္စည်းများ ပါဝင်ပြီး အဆိုပါကုန်စည်အမယ်များ (ဥပမာ- ဆီထွက်သီးနှံ၊ ပြောင်း) ကို ဆင့်တက်ပြုပြင်ထုတ်လုပ်သော စက်မှုလုပ်ငန်းများရဲ့ လိုအပ်ချက်ပြည့်မီနိုင်ရေးအတွက် တင်သွင်းရန် လိုအပ်ပါတယ်။ ဒါကြောင့် အဆိုပါဒုတိယအုပ်စုအတွက် ဈေးကွက်လိုအပ်ချက်ကို ပြည်တွင်းထုတ်လုပ်မှုက ပြည့်မီအောင် မထုတ်လုပ်နိုင်သည့်အခါ အထူးသဖြင့် ပို့ကုန်လုပ်ငန်းများ အတွက် တင်သွင်းရန် လိုအပ်သည့်အခါမှာ TRQs တွေကို စီမံခန့်ခွဲတဲ့အနေနဲ့ သွင်းကုန်ကိုတာ သတ်မှတ်ထားတဲ့ပမာဏ(higher-than commitment in-quota amounts) နဲ့ သွင်းကုန်ကိုတာ အခွန်နှုန်း(lower-than in-quota duties) တွေကို ထုတ်ပြန် ဆောင်ရွက်ပါတယ်။ ပြည်တွင်းထုတ်လုပ်မှု လုံလောက်သော (သို့မဟုတ်) ပိုလျှံသောနှစ်များတွင် သွင်းကုန်ကိုတာ သတ်မှတ်မှုတွေကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ လိုက်နာရမည့်အဆင့်အထိ သတ်မှတ်ကန့်သတ် ပါတယ်။ Tariff Rate Quota စနစ်အောက်မှာ အကျုံးဝင်တဲ့ ထုတ်ကုန်တွေကတော့ နို့ မလိုင်၊ အရသာထည့်ထားသည့်နို့ မလိုင်စစ် ထုတ်ထားသည့်နို့၊ အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ အုန်းသီး၊ အုန်းဆံ၊ ကော်ဖီစေ့၊ လက်ဖက်၊ င ရုတ်ကောင်း၊ ပြောင်း၊ ဆန်၊ ပဲပိစပ်၊ ကြက်သွန်စေ့၊ ပဲပိစပ်ဆီ၊ ဆီအုန်း၊ အုန်းဆီ၊ သကြား၊ အသင့်ဖျော် ကော်ဖီ၊ ပဲပိစပ် အစားအစာ၊ ဆေးရွက်ကြီး၊ ပိုးအကြမ်းထည်၊ Dried longan တို့ဖြစ်ကြပါတယ်။

အဆိုပါကုန်ပစ္စည်းများတင်သွင်းမှုကို ထိုင်းနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်မှုဌာနမှ ကြီးကြပ်ဆောင်ရွက်တာဖြစ်ပါတယ်။ တင်သွင်းလိုတဲ့ Importers တွေအနေနဲ့ သွင်းကုန်ပါမစ်ကို လျှောက်ထားရယူရမှာဖြစ်ပါတယ်။

### တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ကုန်များဆိုင်ရာ သီးခြားထိန်းချုပ်ဆောင်ရွက်မှု

အသားတင်သွင်းမှုကို ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန၊ မွေးမြူရေးဖွံ့ဖြိုး တိုးတက်ရေးဌာနမှ ကြီးကြပ်ဆောင်ရွက်ပါတယ်။ အဆိုပါဌာနမှ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ကုန်များ တင်သွင်းမှုအတွက် သွင်းကုန်ပါမစ်ကို ထုတ်ပေးပါတယ်။ သွင်းကုန် တင်သွင်းမှုမပြုမီ ပါမစ်လျှောက်ထားခြင်းကို ပြည့်စုံအောင်ဆောင်ရွက်ရမှာဖြစ်ပြီး ဆိပ်ကမ်းနှင့်လေဆိပ်များရှိ Animal Quarantine Station တွေထံတင်ပြရမှာ ဖြစ်ပါတယ်။ ကျန်းမာရေး အသိအမှတ်ပြု လက်မှတ်ကိုလည်းတင်ပြရန် လိုအပ်ပြီး ကုန်စည်များ ဆိပ်ကမ်းနှင့် လေဆိပ်များသို့ ရောက်ရှိချိန်မှာ ထိုင်းနိုင်ငံ၊ အကောက်ခွန်ဌာနသို့ မပို့မီ Animal Quarantine Station မှ စစ်ဆေးဆောင်ရွက်ပါတယ်။ အဆိုပါဌာနအနေဖြင့် ပြည်တွင်းထုတ်လုပ်သူများကို ကာကွယ်ရန်အတွက် အနီရောင်ရှိသော အသား၊ ကြက်၊ ဘဲအသား စသည့် အသားစိမ်းများ တင်သွင်းမှုဆိုင်ရာ သွင်းကုန်ပါမစ်အခကြေးငွေကို ကောက်ခံပါတယ်။ အမဲသား၊ ကျွဲသား၊ ဆိတ်သား၊ သိုးသားနှင့် ဝက်သားစသည့် အနီရောင်အသားများအတွက် သွင်းကုန်ပါမစ်ကြေး မှာ တစ်ကီလိုလျှင် ထိုင်းငွေ ၅ ဘတ် (တစ်တန်လျှင် ၁၄၃ အမေရိကန်ဒေါ်လာ)၊ ကြက်၊ ဘဲအသားများအတွက် တစ်ကီလိုလျှင် ထိုင်းငွေ ၁၀ ဘတ် (တစ်တန်လျှင် ၂၈၆ အမေရိကန်ဒေါ်လာ)၊ ကလီစာအတွက် တစ်ကီလိုလျှင် ထိုင်းငွေ ၅ ဘတ် (တစ်တန်လျှင် ၁၄၃ အမေရိကန်ဒေါ်လာ) ကောက်ခံကြောင်း သိရပါတယ်။ ၂၀၀၀ ခုနှစ်၊ အောက်တိုဘာလမှာ အဆိုပါဌာနမှ တိရစ္ဆာန်အရှင်၊ အသားနှင့် အသားထွက်ကုန်များ တင်သွင်းမှုဆိုင်ရာ လမ်းညွှန်ချက်အသစ်ကို ထုတ်ပြန်ခဲ့ပြီး အဆိုပါ ထုတ်ပြန်ချက်အသစ်အရ ထိုင်းနိုင်ငံသို့ တင်ပို့မည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ကုန်များ၏ ပင်ရင်းဒေသ သက်သေခံမှု နှစ်နိုင်ငံသဘောတူညီချက် ရရှိရေးဟာ အရေးပါမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ကုန် တင်ပို့ခွင့်ကို ထိုင်းနိုင်ငံနဲ့ နှစ်နိုင်ငံအသိအမှတ်ပြုသဘောတူထားတဲ့ နိုင်ငံတွေကသာရရှိမှာဖြစ်ပါတယ်။ ဒ့ါအပြင် တင်ပို့တဲ့နိုင်ငံရဲ့ အသိအမှတ်ပြု ထုတ်လုပ်ရာနေရာများသို့လည်း ထိုင်းနိုင်ငံမှ သက်ဆိုင်ရာ တာဝန်ရှိသူများက လာရောက်စစ်ဆေးတဲ့ အခွင့်အရေးကိုလည်း ထိုင်းနိုင်ငံက ရရှိမှာဖြစ်ပါတယ်။

### ပင်လယ်စာအတွက် သီးခြားသွင်းကုန်ထိန်းချုပ်မှု

အေးခဲထားသော (သို့မဟုတ်) အအေးခံထားသော ပင်လယ်စာများတင်သွင်းမှုကို ထိုင်းနိုင်ငံ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနက ကြီးကြပ်ဆောင်ရွက်ပါတယ်။ ပင်လယ်စာများအား ထိုင်းနိုင်ငံသို့ တင်သွင်းခွင့်အတွက် သွင်းကုန်ပါမစ်နဲ့ ဖြန့်ဖြူးခွင့်ပါမစ်တို့ လိုအပ်မှာဖြစ်ကြောင်း သိရပါတယ်။

### ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများအတွက် သွင်းကုန်ထိန်းချုပ်မှု

ထိုင်းနိုင်ငံဟာ ၂၀၀၈ ခုနှစ်မှာ အပင်ရောဂါပိုးမွှားကင်းရှင်းရေးအက်ဥပဒေအသစ် ဖြစ်တဲ့ New Plant Quarantine Act No.3 B.E. 2551 ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ယခင် လုပ်ထုံးလုပ်နည်းများအရ အာလူး၊ ပြောင်းစေ့စတဲ့ ကုန်စည်များ တင်သွင်းရန်အတွက် အပင်ရောဂါကင်းရှင်းကြောင်းလက်မှတ် (Phytosanitary Certificate) သာ လိုအပ်တာဖြစ်ပါတယ်။ ပန်းသီး၊ တရုတ်ဆီးသီး၊ ချယ်ရီသီး၊ စပျစ်သီးခြောက်၊ သဖန်းသီး၊ စပျစ်သီး၊ မက်မွန်သီး၊ သစ်တော်သီး၊ ဆီးသီး၊ ဆီးသီးခြောက်၊ စတော်ဘယ်ရီသီး၊ နှံစားပြောင်းအဆန်၊ နှံစားပြောင်းစေ့ စတာတွေဟာ သွင်းကုန်ပါမစ်နှင့် Phytosanitary Certificate နှစ်မျိုးစလုံး မလိုအပ်တဲ့စားသောက်ကုန်အမျိုးအစားတွေ ဖြစ်ပါတယ်။ ဥပဒေအသစ် ထုတ်ပြန်ပြီးနောက်ပိုင်းမှာတော့ ဆင့်တက်ပြုပြင်ထုတ်လုပ်မည့် အာလူးတင်သွင်းခြင်းအတွက် သွင်းကုန်ပါမစ်လိုအပ်ခြင်း၊ ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးဌာနမှ အတည်ပြုထားသောဆင့်တက်ပြုပြင်ထုတ်လုပ်သည့် ပစ္စည်းများကိုအသုံး ပြုထုတ်လုပ်ရန်လိုအပ်ခြင်း၊ အာလူးများအား သေချာစွာ သန့်စင်အောင် ဆေးကြောထားရန် လိုအပ်ခြင်း စတဲ့အချက်တွေကို လိုက်နာဆောင်ရွက်ရပါတယ်။ ဆင့်တက်ပြုပြင်ရန်အတွက် မဟုတ်ဘဲ စားသုံးရန်အတွက် တင်သွင်းတဲ့ အာလူးတွေကိုတော့ သွင်းကုန် ပါမစ်ရယူရန်လိုအပ်ခြင်း၊ မြေကြီးပါဝင်မှုမရှိအောင်ဆေးကြောရန်လိုအပ်ခြင်းစတဲ့ လိုက်နာရမယ့် အချက်တွေရှိတာ တွေ့ရပါတယ်။

### သွင်းကုန်လုပ်ငန်းစဉ်များ

တင်သွင်းလာတဲ့ ကုန်စည်တွေကို ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ရောက်ပြီးချိန်ထိုင်းအကောက်ခွန်ဌာနက စစ်ဆေးပြီး အတည်ပြုချက်မရမချင်း ထိုင်းနိုင်ငံအတွင်းကို ဝင်ရောက်ခွင့် မပြုပါဘူး။ ဒါကြောင့် လိုအပ်တဲ့ စာရွက်စာတမ်းအထောက် အထားတွေကို ပြီးပြည့်စုံအောင် ဆောင်ရွက်ထားသင့်ပါတယ်။ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်တွေကတော့ အခြားနိုင်ငံများနည်းတူ ဆောင်ရွက်တာဖြစ်ပါတယ်။ Importer ဟာ အကောက်ခွန်ရုံးသို့ ကုန်အမှာစာ၊ ထုပ်ပိုးစာရင်း၊ bill of lading ၊ သွင်းကုန်ကြေညာချက်စတဲ့ သက်ဆိုင်ရာ အထောက်အထားတွေကို entry form နဲ့အတူ တင်ပြရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ စာရွက်စာတမ်းများကို ထိုင်းဘာသာစကားဖြင့် ဆောင်ရွက်ထားနိုင်ပါက အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်ကို မြန်ဆန်ချောမွေ့စေမှာ ဖြစ်ပါတယ်။ တင်သွင်း လာတဲ့ကုန်စည်ဟာ စီးပွားရေးလုပ်ငန်းခွန် (business tax) ပေးဆောင်ရန်လိုအပ်သော အမျိုးအစားဖြစ်တယ်ဆိုရင် တင်သွင်းသူဟာ စီးပွားရေးလုပ်ငန်းခွန်မှတ်ပုံတင်နံပါတ် ရရှိထားရန်လိုအပ်တယ်လို့ သိရပါတယ်။ ကြိုတင်ထုပ်ပိုးထားသော စားသောက်ကုန်များ (Prepacked foodstuffs) ဖြစ်ပါက ပုံမှန်အကောက်ခွန် လုပ်ငန်းရပ်များ မဆောင်ရွက်ခင်မှာ သက်ဆိုင်ရာအာဏာပိုင်များရဲ့ ထပ်ဆောင်း စစ်ဆေးခြင်းကို ခံယူရမှာဖြစ်ပါတယ်။ ထိုကဲ့သို့စစ်ဆေးရာမှာ ကျန်းမာရေး ထောက်ခံချက်၊ အပင်ရောဂါ ပိုးမွှားကင်းရှင်းကြောင်းလက်မှတ် စတဲ့ အထောက်အထားတွေလည်း လိုအပ်နိုင်တာကို သတိပြုရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်း အာဆီယံနိုင်ငံများသို့ မိမိတို့ရဲ့ လယ်ယာထွက်ကုန်နဲ့ စားသောက်ကုန်တွေကို တိုးတက်တင်ပို့နိုင်မယ်ဆိုရင် တင်ပို့မှုကုန်ကျစရိတ် အထိုက်အလျောက်သက်သာနိုင်ပြီး အာဆီယံပေါင်းစည်းမှုအရ ပေးအပ်ထားတဲ့ ကုန်သွယ်မှု အခွင့်အလမ်းတွေလည်း ရရှိမှာဖြစ်ပါတယ်။ ဒီနေရာမှာ သက်ဆိုင်ရာနိုင်ငံများအလိုက် ပြဋ္ဌာန်းထားတဲ့ စံချိန်စံညွှန်းသတ်မှတ်ချက်တွေ (တစ်နည်းအားဖြင့် အကောက်ခွန်မဟုတ်သော ကုန်သွယ်မှု အတားအဆီးတွေ) ကို ပြည့်မီအောင်ဖြည့်ဆည်းဆောင်ရွက်ပြီး အဆိုပါ အတားအဆီးတွေကို ကျော်လွှားနိုင်ရေးဟာ အရေးပါလာမှာဖြစ်ပါတယ်။ ထိုင်းနိုင်ငံဟာ ၎င်းတို့အတွက် အရေးကြီးတဲ့ ကုန်စည်တွေ (ဥပမာ-ဆန်) ကို Tariff Rate Quota စနစ်နဲ့ သွင်းကုန် ထိန်းချုပ်ထားပြီး ကျန်တဲ့ စိုက်ပျိုးရေးထွက်ကုန်နဲ့ စားသောက်ကုန်တွေကို တင်သွင်းမှုမှာတော့ စံချိန်စံညွှန်းသတ်မှတ်ချက်တွေ ပြဋ္ဌာန်းပြီး ထိန်းချုပ်ထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ မြန်မာ့ပို့ကုန်များ အာဆီယံဈေးကွက်နိုင်ငံများသို့ တိုးတက်တင်ပို့နိုင်စေရေး ဆန္ဒပြုလျက် ရေးသားတင်ပြလိုက်ရပါတယ်။

**Source: Thailand, Food and Agricultural Import Regulation and Standard, Narrative, FAIRS Country Report GAIN Report Numner : TH 9119**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြား ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

♦ သန်းသန်းနိုင် ♦

ယခင်တစ်ပတ်မှအဆက်

(ည)နယ်စပ်ဖြတ်ကျော်တင်လာသည့် ယာဉ်များ၊ ကွန်တိန်နာများအတွက် ပိုးမွှားကင်းရှင်းမှုစစ်ဆေးချက် ပေးရမည်။ ထို့အတူ ဝင်ရောက်လာသည့်လူများ၏ ကျန်းမာရေးစစ်ဆေးချက်များကိုလည်း တင်ပြရမည်။

(ဋ) တရုတ်နိုင်ငံသို့ဝင်ရောက်လာသော ခရီးသွားများ၊ ယာဉ်မောင်း၊ ၎င်းတို့နှင့်အတူပါလာသောမွေးထားသည့် တိရစ္ဆာန်များအတွက် ဝင်ရောက်လာသော ပိုးမွှားကင်းရှင်းမှုစစ်ဆေးချက် ထောက်ခံချက်နှင့် ကာကွယ်ဆေးထိုးထားမှု ထောက်ခံချက်များ တင်ပြရမည်။

(ဎ) သုတေသနလုပ်ရန်စသည့် အထူးကိစ္စများကြောင့် တင်သွင်းမှု ခွင့်မပြုထားသော သက်ရှိများကို တင်သွင်းမည်ဆိုပါက နိုင်ငံတော်ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနမှ အထူးထုတ်ပေးသည့် တိရစ္ဆာန်များ နယ်စပ်ဖြတ်ကျော်တင်သွင်းခွင့်လိုင်စင်ကို တင်ပြရမည်။

(ဍ) အထူးတင်သွင်းကုန်အတွက် လိုအပ်သည့်စာတမ်းများ (သို့မဟုတ်) ခွင့်ပြုမိန့်များ တင်ပြရမည်။

**အပိုင်း၄- ပို့ကုန်စစ်ဆေးချက်လျှောက်ခြင်း**

၁၂။ ပို့ကုန်စစ်ဆေးချက်လျှောက်လျှင် ပို့ကုန်စစ်ဆေးချက် ဇယား၊ နိုင်ငံခြားကုန်သွယ်မှုစာချုပ် ရောင်းဝယ်မှု အတည်ပြုစာ (သို့မဟုတ်) ကြေးနန်းစာ၊ ချက်လက်မှတ်၊ ပြေစာ၊ ကွန်တိန်နာ တင်သည့် စာတမ်းစသည့် အချက်အလက်၊ စာရွက်စာတမ်းများ ပါရှိရမည်။

၁၃။ အောက်ပါအချက်များပါရှိပါက အထက်အပိုဒ် (၁၂) ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည် ဖြစ်သလို၊ သက်ဆိုင်ရာ စာရွက်စာတမ်းအချက်အလက်များလည်း ပါရှိရမည်။

(က) အရည်အသွေးထောက်ခံချက်၊ သန့်ရှင်းမှုလက်မှတ်၊ အခြားစိစစ်ရန်လိုသော ကုန်ပစ္စည်းများအတွက် စစ်ဆေးချက်ထောက်ခံစာများ နှင့်အတူ သတ်မှတ်ချက် အထောက်အထားများကို တင်ပြရမည်။

(ခ) တင်ပို့မည့်ကုန်ပစ္စည်းအတွက် ထုတ်လုပ်သည့်ကုမ္ပဏီ (သို့မဟုတ်) ရောင်းဝယ်သူမှ စစ်ဆေးချက် အောင်လက်မှတ်၊ ပိုးမွှားကင်းရှင်းမှုစစ်ဆေးချက်ထောက်ခံချက်၊ စစ်ဆေးချက်အောင် လက်မှတ်တို့ကို တင်ပြရမည်။ အလေးချိန်နှင့်ရောင်းဝယ်သော ကုန်သွယ်မှုများအတွက် အလေးချိန်စာရင်း (သို့မဟုတ်) အလေးချိန် ချိန်ခွင်တင်စာရင်းများကို တင်ပြရမည်။

(ဂ) ပစ္စည်းကို နမူနာနှင့်ရောင်းဝယ်လျှင် ရောင်းသူနှင့် ဝယ်သူနှစ်ဦးနှစ်ဖက်မှ အတည်ပြုထားသော နမူနာပစ္စည်းကိုလည်း တင်ပြရမည်။

(ဃ) နိုင်ငံခြားထွက်မည့်သူအနေနှင့် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဦးစီးဌာနသို့ ကျန်းမာရေး ထောက်ခံချက်နှင့် နိုင်ငံတကာမှသတ်မှတ်ထားသော ကာကွယ်ဆေးထိုးသည့် ထောက်ခံချက်ကို တင်ပြရမည်။

(င) နယ်စပ်ဖြတ်ကျော်ထွက်ခွာသည့် ယာဉ်များ၊ ကွန်တိန်နာများအတွက် ပိုးမွှားကင်းရှင်းမှုစစ်ဆေးချက် ပေးရမည်။ ထို့အတူ ဝင်ရောက်လာသည့်လူများ၏ ကျန်းမာရေးစစ်ဆေးချက်များကိုလည်း တင်ပြ ရမည်။

(စ) အန္တရာယ်ရှိပစ္စည်း ထုပ်ပိုးပစ္စည်းထုတ်လုပ်သည့် တင်ပို့သောကုမ္ပဏီအနေဖြင့် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှ ထိုထုပ်ပိုးပစ္စည်းအတွက် စစ်ဆေးအတည်ပြုချက် လုပ်ပေးရမည်။ အန္တရာယ်ရှိ ပစ္စည်းထုတ်လုပ်သည့် တင်ပို့သော ကုမ္ပဏီအနေဖြင့် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှ ထိုထုတ်ကုန်ပစ္စည်းအတွက် စစ်ဆေးအတည်ပြုချက် လုပ်ပေးရမည်။

(ဆ) အန္တရာယ်ရှိပစ္စည်းတင်ပို့သော ကုမ္ပဏီအနေဖြင့် အန္တရာယ်ရှိပစ္စည်း၊ ထုပ်ပိုးပစ္စည်းနှင့် အသုံးပြုမှုအတွက် စစ်ဆေးအတည်ပြုချက်လုပ်ပေးရမည်။

(ဇ) မူရင်းဌာန ကုန်ပစ္စည်းထောက်ခံစာနှင့် မူရင်းဌာနေ ထုတ်လုပ်ကုန်ပစ္စည်း ထောက်ခံစာစသည့် အချက်များကို တင်ပြရမည်။

(ဈ) အထူးကုန်ပစ္စည်းတင်ပို့မည်ဆိုလျှင်၊ ဥပဒေစည်းမျဉ်းစည်းကမ်းများအရ ခွင့်ပြုမိန့်များကို တင်ပြရမည်။

**အပိုင်း၅-စစ်ဆေးချက်နှင့်ထောက်ခံစာများပြင်ဆင်ခြင်း**

၁၄။ စစ်ဆေးမှုထောက်ခံချက် လျှောက်သူအနေဖြင့် လျှောက်ထားမှုရုပ်သိမ်းရန် လျှောက်ထားလာလျှင်၊ အကြောင်းရင်းကို ရေးသားတင်ပြရမည်ဆိုလျှင်၊ ခွင့်ပြုချက်ကျချိန်တွင် လျှောက်ထားမှုရုပ်သိမ်းသည့် လုပ်ငန်းများ လုပ်ကိုင်နိုင်သည်။

၁၅။ စစ်ဆေးချက်လျှောက်ပြီး ရက် ၃၀ အတွင်း ပိုးမွှားစစ်ဆေးမှုလုပ်ရန် ချိန်းဆိုမှုမပြုလျှင် စစ်ဆေးချက် လျှောက်ထားမှု အလိုအလျောက် ပျက်ပြယ်မည်ဖြစ်သည်။

၁၆။ အောက်ပါအချက်များရှိပါက အသစ်လျှောက်ရမည်။

(က) ပိုးမွှားကင်းရှင်းမှုစစ်ဆေးချက် သက်တမ်းကုန်ဆုံးလျှင်

(ခ) တင်ပို့ကုန်နိုင်ငံ (သို့မဟုတ်) ဒေသ ပြောင်းလဲသွားခြင်း၊ ပိုးမွှားစစ်ဆေးမှုတောင်းဆိုချက် ပြောင်းလဲသွားခြင်း ရှိပါက

(ဂ) အထုပ်အပိုးပြင်ခြင်း (သို့မဟုတ်) ပြန်လည်အသစ်ထုပ်ပိုးခြင်း ရှိပါက

(ဃ) စစ်ဆေးမှုလျှောက်ထားချက် ရုပ်သိမ်းပြီးဖြစ်လျှင်

၁၇။ စစ်ဆေးမှုလျှောက်ထားချက် ပြင်ဆင်လျှင် ပြင်ဆင်လျှောက်ထားလွှာကို တင်ပြရမည်။ ထို့အတွက် ၎င်း ပြင်ဆင်ချက်နှင့် ပတ်သက်သည့် ကြေးနန်းစာစသည့် အထောက်အထားများတင်ပြကာ ယခင် စာရွက်စာတမ်းများကို ပြန်လည်အပ်နှံရမည်။ စိစစ်ချက်အောင်ပါက ပြင်ဆင်မှုလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နိုင်သည်။ ကုန်အမျိုးအမည်၊ အရေအတွက်၊ အလေးချိန်၊ ပိုးမွှားကင်းရှင်းမှုစစ်ဆေးချက်၊ ထုပ်ပိုးမှု၊ ကုန်တင်ပို့သူ၊ ကုန်လက်ခံသူစသည့် အရေးကြီးစီမံကိန်းများ၏ ပြင်ဆင်ချက်နှင့်စာချုပ်၊ ချက်လက်မှတ်များ ကိုက်ညီမှုမရှိလျှင် (သို့မဟုတ်) ပြင်ဆင်မှုလျာထားချက်များနှင့် တင်ပို့၊ တင်သွင်းသည့် နိုင်ငံ(ဒေသ)၏ ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့် မကိုက်ညီလျှင် လုံးဝပြင်ဆင်မှုမပြုရ။

**အပိုင်း၆-စစ်ဆေးချက်လျှောက်ထားရမည့်ကန့်သတ်ချိန်နှင့်နေရာ**

၁၈။ တင်သွင်းလာသော ကုန်ပစ္စည်းအတွက် နယ်စပ်မဖြတ်ကျော်မီ (သို့မဟုတ်) နယ်စပ်ဖြတ်ကျော်ချိန်တွင် နယ်စပ်ဂိတ် (သို့မဟုတ်) သတ်မှတ်ဌာန၊ ကုန်ရောက်ရှိလာသည့် ဒေသရှိပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနတွင် စစ်ဆေးချက်လျှောက်ထားမှုများ ပြုလုပ်ရမည်။ နိုင်ငံအတွင်း ဝင်ရောက်လာသော ယာဉ်များ၊ လူများအနေဖြင့် ဝင်ရောက်မှုမပြုမီ (သို့မဟုတ်) ဝင်ရောက်လာချိန်တွင် လျှောက်ထားမှုများ ပြုလုပ်ရမည်။

၁၉။ တင်ပို့ကုန်အတွက် နိုင်ငံခြားမှ နစ်နာကြေးတောင်းခံရန် လိုအပ်လျှင်၊ ထောက်ခံချက်တောင်းခံရန် လိုအပ်လျှင်၊ သက်တမ်းကာလမကုန်ဆုံးမီ ရက် ၂၀ တွင် ကုန်တင်သွင်းမည့် နယ်စပ်ဂိတ် (သို့မဟုတ်) ကုန်ပစ္စည်းပေးရောက်သည့်ဂိတ်တွင် ပိုးမွှားကင်းရှင်းမှုစစ်ဆေးရန် လျှောက်ထားရမည်။

၂၀။ အဏုဇီဝပိုးမွှား၊ လူဆဲလ်၊ သက်ရှိကုန်ပစ္စည်း၊ သွေးနှင့်သွေးပစ္စည်း (သို့မဟုတ်) တိရစ္ဆာန်၊ ကြက်ငှက်နှင့် သုတ်ရည်၊ အချင်း၊ မျိုးစပ်ပြီးမျိုးဥတို့အနေဖြင့် မတင်ပို့မီရက် ၃၀ အတွင်း စစ်ဆေးချက် လျှောက်လွှာတင်ရမည်။

၂၁။ အခြား တိရစ္ဆာန်များတင်သွင်းမည်ဆိုပါက ရက် ၂၀ စော၍ စစ်ဆေးချက်လျှောက်လွှာတင်ရမည်။

၂၂။ တင်သွင်းလာသော ရုပ္ပပင်၊ မျိုးစေ့၊ ပျိုးပင်နှင့် အခြားမျိုးပွားနိုင်သည့်အရာများကို ၇ ရက်စော၍ စစ်ဆေးချက် လျှောက်လွှာတင်ရမည်။

ဆက်လက်ဖော်ပြပါမည်။

# CLMV နိုင်ငံများနှင့် စတော့ရှယ်ယာဈေးကွက်များ ထူထောင်ရန် SET မှ စီစဉ်ဆောင်ရွက်မည်

ထိုင်းနိုင်ငံ၏စတော့အိတ်ချိန်း Stock Exchange Of Thailand (SET)ဟာ အရှေ့တောင်အာရှစတော့ရှယ်ယာ ဈေးကွက်တွင် စီးပွားရေးတိုးတက်ဖို့ အလားအလာကောင်းများရှိနေတဲ့ အိမ်နီးချင်းနိုင်ငံများနှင့် မျှတသော ဈေးကွက်အသစ်ထူထောင်ရန် စတော့ရှယ်ယာဈေးကွက်များစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ အိမ်နီးချင်းနိုင်ငံများမှာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) တို့ဖြစ်ပြီး ပထမသုံးနိုင်ငံသည် တိုးတက်မှုအလားအလာကောင်းများစွာနှင့်အတူ စိတ်ဝင်စားဖွယ်ကောင်းသော စတော့ရှယ်ယာဈေးကွက်များ ရှိကြောင်း၊ ထိုင်းနိုင်ငံနှင့် CLMV နိုင်ငံများအကြား စာရင်းစစ်လုပ်ငန်းစဉ်များနှင့် ဘဏ်လုပ်ငန်းစည်းမျဉ်းများ ကွဲပြားမှုကြောင့် စတော့ရှယ်ယာများသည်SET အညွှန်းကိန်းအပေါ် စာရင်းသွင်း၍ မရနိုင်သေးကြောင်း SET ၏ အကြီးတန်းအမှုဆောင်အရာရှိဒုတိယဥက္ကဋ္ဌ Pakorn Peetathawatchai က ပြောကြားခဲ့သည်။

SETမှ The Securities and Exchange Commission နှင့် CLMV စတော့ရှယ်ယာဝင်များသည် သုံးနှစ်အတွင်း ကုန်သွယ်မှုပိုင်းဆိုင်ရာ ဈေးကွက်နှင့် သက်ဆိုင်သော စည်းမျဉ်းများကို ရေးဆွဲနိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ CLMV နိုင်ငံများရှိ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများထံမှ ရရှိသော ဝင်ငွေများအား SET စာရင်းဝင်ကုမ္ပဏီများအနေဖြင့် တွက်ချက်ပြီး CLMV အညွှန်းကိန်းကိုဖွင့်ဆိုလိမ့်မည်ဖြစ်ကြောင်းနှင့် အဆိုပါ အညွှန်းကိန်းများကို ယခုနှစ်အလယ်၌ ဖွင့်လှစ်ရန် မျှော်မှန်းထားပါကြောင်း Mr Pakorn Peetathawatchai က ထုတ်ဖော်ပြောဆိုခဲ့သည်။

အကြီးတန်းအမှုဆောင်အရာရှိ Mr Santi Kiranand က “ဒီစတော့ရှယ်ယာတွေကို စတော့ရှယ်ယာစာရင်းမှာ သာမက CLMV ရဲ့ အညွှန်းကိန်းအပေါ်မှာလည်း စာရင်းထားရှိမှာပါ။ ၂၀၁၈ ခုနှစ်မှာ ရင်းနှီးမြှုပ်နှံမှုဈေးကွက်ဟာ ဘတ် ၅၅၀ ဘီလီယံထိ တိုးလာနိုင်ပြီးတော့ မကြာသေးမီကပဲ လုပ်ငန်းအသစ်တွေဆီကနေဘတ် ၂၅၀ ဘီလီယံ ဝင်ရောက်လာခဲ့ပါတယ်။ ဒါကြောင့် အရင်းအနှီးနဲ့ စတော့ရှယ်ယာ ဈေးနှုန်းတိုးတက်မှုကို ခိုင်မာစွာ ဆက်လက်တည်ရှိဖို့မျှော်လင့်ထားပါတယ်။ ဒါတွေဟာ ထိုင်းနိုင်ငံရဲ့ အနာဂတ် ရန်ပုံငွေကို များစွာထောက်ပံ့ပေးနိုင်ဖို့ကိုလည်း မျှော်လင့်မိပါတယ်” လို့ ပြောကြားခဲ့သည်။

SET သည် ဘဏ္ဍာရေးရှင်းတမ်းတစ်ခုအပေါ်တွင် စာရင်းစစ်မှတ်ချက်ပြုထားသော ရှယ်ယာရှင်များ၏ ရှယ်ယာ တန်ဖိုးကို ၅၀ ရာခိုင်နှုန်းလျှော့ချရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများအတွက် အန္တရာယ်သတိထား သင်္ကေတ (C) ကို အသုံးပြုရန် စီစဉ်နေပြီဖြစ်သည်။ အဆိုပါ (C) သင်္ကေတကို ၂၀၁၈ ခုနှစ် မေလတွင် ထိထိရောက်ရောက် စတင် အသုံးပြုသွားမည်ဖြစ်ကြောင်းနှင့် ဒုတိယသုံးလပတ်တွင် Trading Platform စတင်ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ CVC (Corporate Venture Capital) နှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ရန်အတွက် Live Platform ဖွင့်လှစ်ရန် စီစဉ်နေကြောင်း Mr.Santi က ပြောကြားခဲ့တယ်လို့ သတင်းရရှိပါသည်။

**Source : Bangkok Post**

**မင်းအောင်အေး**

# SMEs ကို နိုင်ငံတော်က ထိရောက်စွာ ထောက်ပံ့ရန် တောင်ကိုရီးယားဝန်ကြီးချုပ် ကတိပြု

တောင်ကိုရီးယားနိုင်ငံ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SMEs)များအား နိုင်ငံတော်က တိုးချဲ့ထောက်ပံ့သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာရေးအကူအညီကို အကောင်အထည်ဖော်ခြင်း၊ စွန့်ဦးတီထွင်စတင်စလုပ်ငန်းများအတွက် ကြီးကြပ်ထိန်းကွပ်မှုများ လျှော့ချခြင်းနှင့် SMEs နှင့် ကုမ္ပဏီစုကြီးများအတွက် မျှတသောယှဉ်ပြိုင်မှုကို ဖန်တီးခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တောင်ကိုရီးယား ဝန်ကြီးချုပ် လီနက်ယွန်က ကတိပြု ပြောကြားသည်။

လီသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ ကိုယ်စားလှယ်များနှင့် နှစ်သစ်ကူးတွေ့ဆုံပွဲတွင် ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်ပြီး တီထွင်ဆန်းသစ်မှုရှိသော နည်းပညာသစ်များကို အခြေပြု ဆောင်ရွက်လျက်ရှိသော စတုတ္ထ စက်မှုတော်လှန်ရေးကာလတွင် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးကိုမြင့်တက်လာအောင်ဆောင်ရွက်ရာ၌ SMEs များ က ကြီးမားသော အခန်းကဏ္ဍမှပါဝင်ရန် တိုက်တွန်းခဲ့သည်။

"အစိုးရက SMEs တွေကို တိုးချဲ့ပြီး အကူအညီပေးသွားမှာပါ။ အထူးသဖြင့် စီးပွားရေး လုပ်ငန်းသစ်တွေနဲ့ နည်းပညာသစ်တွေ ဖော်ဆောင်ဖို့ကြိုးစားမှုတွေကို ကျွန်တော်တို့ထိထိရောက်ရောက် ပံ့ပိုးသွားမှာပါ။ အစိုးရက 'တီထွင် ဆန်းသစ်မှုဖန်တီးရေး ရန်ပုံငွေ'ကို ထူထောင်ပြီး စွန့်စား ဆောင်ရွက်တဲ့လုပ်ငန်းသစ်တွေကို ကူညီဖို့ဝမ် ၁၀ ထရီလီယံ(အမေရိကန်ဒေါ်လာ ၉ ဒသမ ၃၄ ဘီလီယံ) ထောက်ပံ့ဖို့ ရည်မှန်းထားပါတယ်"ဟု လီကပြောသည်။

တည်ထောင်စ စီးပွားရေးလုပ်ငန်းများအား အကူအညီပေးရန် အစိုးရက ဝမ်ဘီလီယံ ၈၆၀ ရှိ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေကို ထူထောင်ပေးခြင်းနှင့် SMEs များက ချေးငွေများရယူရာတွင် လွယ်ကူအောင်ဆောင်ရွက်ပေးခြင်း စသည့် အခြားသော ထောက်ပံ့မှု အစီအမံများကို ဆောင်ရွက်ပေးရန်လည်း လီကကတိပြုသည်။

စည်းမျဉ်းစည်းကမ်းများကို လျှော့ချပေးရန်လည်း လီကကတိပြုသည်။

"စက်မှုလုပ်ငန်းသစ်တွေနဲ့ နည်းပညာအသစ်တွေနဲ့ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းတွေကို ကျွန်တော်တို့ လျှော့ချသွားမှာပါ"ဟုလီကဆို သည်။

ကုမ္ပဏီစုကြီးများက အသေးစားစီးပွားရေး လုပ်ငန်းများအား အနိုင်မကျင့်နိုင်စေရန်အတွက် SMEs များနှင့် စီးပွားရေးလုပ်ငန်းကြီးများ အတွက် တရားမျှတသော စီးပွားရေး ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးရန် လီက ကတိပြုသည်။

အနိမ့်ဆုံး လုပ်ခလစာတိုးမြှင့်ပေးသည့်အတွက် စီးပွားရေး လုပ်ငန်းများအပေါ်တွင် ဝန်ထုပ်ဝန်ပိုးမြင့်တက်စေနိုင်သည်ကို လီက အသိအမှတ်ပြုသော်လည်း ဝင်ငွေနိမ့်ကျသော လုပ်သားများနှင့် ပိုမိုဆိုးဝါးလာသောဝင်ငွေကွာဟချက်ကို အစိုးရက မဖြေရှင်းဘဲထား၍ မရနိုင်သည်ကို နားလည်မှုပေးရန်လည်း သူကပြောသည်။

■

# ဗီယက်နမ်စီးပွားရေးလုပ်ငန်းများက ကမ္ဘာ့ဈေးကွက်ကိုဝင်ရန်ရည်မှန်း

၂၀၁၈ ခုနှစ်တွင် ဗီယက်နမ်စီးပွားရေးကိုပြန်လည်ပြင်ဆင်ဖွဲ့စည်းသောအခါ အပြည်ပြည်ဆိုင်ရာပေါင်းစည်းရေးကို အဓိကဦးတည်ချက်ထား၍ ဆောင်ရွက်မည်ဖြစ်ရာ စေ့စပ်ဆွေးနွေးခြင်း၊ ကုန်သွယ်မှုသဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းနှင့် ဥပဒေရေးရာမူဘောင်ကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရန်လိုမည်ဖြစ်ကြောင်း ဗီယက်နမ်ဒုတိယဝန်ကြီးချုပ် ဗောင်ဒင်ဟွေးကပြောသည်။

ဟွေးသည် ဇန်နဝါရီ ၁၁ ရက်တွင်ကျင်းပသော အပြည်ပြည်ဆိုင်ရာစီးပွားရေးပေါင်းစည်းမှုအတွက် စီးပွားရေးကဏ္ဍများကြီးကြပ်ရေးကော်မတီ၏ ၂၀၁၈ ခုနှစ် ပထမအကြိမ်အစည်းအဝေးတွင် ယခုကဲ့သို့ပြောကြားခြင်းဖြစ်သည်။

"လွတ်လပ်တဲ့ ကုန်သွယ်ရေးသဘောတူစာချုပ်များ (FTA) နဲ့ အမျိုးသားယှဉ် ပြိုင်မှုစွမ်းရည်တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်သလိုပဲ မတူကွဲပြားခြားနားတဲ့ စက်မှုလုပ်ငန်းတွေရဲ့ တိုးတက်ကောင်းမွန်ရေးကိုလည်း ဆောင်ရွက်ဖို့လိုပါတယ်။ ပေါင်းစည်းရေးကိုဆောင်ရွက် တဲ့အခါ အထူးသဖြင့် တိရစ္ဆာန်မွေးမြူရေးလိုယှဉ်ပြိုင်နိုင်မှုစွမ်းရည်နည်းတဲ့ နယ်ပယ်တွေမှာ ပေါင်းစည်းရေးလုပ်ငန်းတွေဆောင်ရွက်တဲ့အခါ လိုက်လျောညီထွေရှိဖို့ပြင်ဆင်မှုတွေ ဆောင်ရွက်ရပါမယ်" ဟု ဟွေးကဆိုသည်။

ပေါင်းစည်းရေးကိုဆောင်ရွက်သည့်အခါ အကောက်ခွန်လျှော့ချမှု(သို့) အကောက်ခွန်ဖယ်ရှားမှုတို့မှ အကျိုးအမြတ်များရရှိနိုင်မည်ဖြစ်သော်လည်း ဘတ်ဂျက်ဝင်ငွေမှာလည်း ကျဆင်းမည့်သဘောရှိပေသည်။ ပြည်တွင်းအခွန်များကို ပြန်လည်ညှိနှိုင်းရန်လိုအပ်မည်ဖြစ်သော်လည်း သင့်တော်သောလမ်းညွှန်မှုအစီအစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုပေသည်။

အပြည်ပြည်ဆိုင်ရာ ပေါင်းစည်းမှုအရ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်သာသောအခြေအနေများကို ဖန်တီးခြင်း ပြုရာတွင် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း အမှားအယွင်းကင်းစွာ ပူးပေါင်းဆောင်ရွက်မှုရှိရန်လိုကြောင်းသူကပြောသည်။

ဗီယက်နမ်၏ အချို့မိတ်ဖက်နိုင်ငံများသည် ၎င်းတို့၏ကုန်သွယ်ရေးမူဝါဒများကို ပြောင်းလဲရန်စဉ်းစားလျက်ရှိရာ ပူးပေါင်းဆောင်ရွက်ရေး အလားအလာများ ဆန်းစစ်မှုနှင့် နောက်ပိုင်းတွင် ဆောင်ရွက်မည့် လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူ စာချုပ်များအတွက် ခန့်မှန်းတွက်ချက်ရာတွင် ကောင်းမွန်စွာ ဆောင်ရွက်နိုင်အောင် ပြင်ဆင်ထားရန် ဟွေးက ကြီးကြပ်ရေးကော်မတီကို တိုက်တွန်းထားသည်။

အပြည်ပြည်ဆိုင်ရာ ပေါင်းစည်းရေး ကတိကဝတ်များ၊ လုပ်ငန်းဖွဲ့စည်းပုံပြုပြင်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးရေးပုံစံပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းဈေးကွက် ပေါင်းစည်းရေးလုပ်ငန်းများကို ဗီယက်နမ်နိုင်ငံက လျင်မြန်စွာဆောင်ရွက်ရန် လိုကြောင်း စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး ထရန်တူအန်အန်းက ပြောသည်။

■

# ၂၀၁၇ ခုနှစ်တွင် စင်ကာပူနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်း၏ ဝယ်လိုအား မူလခန့်မှန်းချက် အောက်ကျဆင်း

စင်ကာပူနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် စာချုပ်ချုပ်ဆိုနိုင်သော စုစုပေါင်း ဆောက်လုပ်ရေးစာချုပ်တန်ဖိုးမှာ စင်ကာပူဒေါ်လာ ၂၄ ဒသမ ၅ ဘီလီယံထိသာရှိရာ စင်ကာပူဒေါ်လာ ၂၈ ဘီလီယံမှ စင်ကာပူဒေါ်လာ ၃၅ ဘီလီယံအကြား စာချုပ် ချုပ်ဆိုနိုင်မည်ဟု မူလခန့်မှန်းချက်အောက် ကျဆင်းနေကြောင်း ဇန်နဝါရီ ၁၁ ရက်က အဆောက်အဦနှင့် ဆောက်လုပ်ရေး အာဏာပိုင်အဖွဲ့ (BCA) ၏ ပဏာမခန့်မှန်းချက်အရ သိရသည်။

၂၀၁၈ ခုနှစ်တွင် အကောင်အထည်ဖော်ရန် ချုပ်ဆိုထားသော တောင်မြောက် စင်္ကြံလမ်းကဲ့သို့သော "အဓိကအခြေခံအဆောက်အဦစီမံကိန်း" အချို့ကို အစီအစဉ် ပြန်လည်ပြင်ဆင်ရေးဆွဲချမှတ်ထားသည့်အတွက် ယခင်နှစ်က စုစုပေါင်း ဆောက်လုပ်ရေးလုပ်ငန်းမှ ဝယ်လိုအားသည်လည်း မူလခန့်မှန်းချက်အောက် ကျဆင်းခဲ့ကြောင်း BCA က ပြောသည်။

အကြီးစားနှင့် ခက်ခဲရှုပ်ထွေးသော လုပ်ငန်းများကိုပြင်ဆင်ဆောင်ရွက်ရာတွင် အချိန်ပိုမိုလိုအပ်ကြောင်း BCA ကဆိုသည်။

၂၀၁၈ ခုနှစ်တွင်ဆောင်ရွက်ရန်စာချုပ်ချုပ်ဆိုသော ဆောက်လုပ်ရေးလုပ်ငန်း၏ တန်ဖိုးမှာ စင်ကာပူဒေါ်လာ ၂၆ ဘီလီယံနှင့် စင်ကာပူဒေါ်လာ ၃၁ ဘီလီယံအကြားရှိရာ စင်ကာပူဒေါ်လာ ၂၆ ဘီလီယံမှ စင်ကာပူဒေါ်လာ ၃၅ ဘီလီယံရှိမည်ဟူသော မူလခန့်မှန်းချက်အောက်ကျဆင်းခဲ့သည်။ ယင်းကဲ့သို့ဖြစ်ပေါ်ရခြင်းမှာ ၂၀၁၅ ခုနှစ်မှစ၍ ပုဂ္ဂလိကကဏ္ဍဆောက်လုပ်ရေး လုပ်ငန်းလိုအပ်ချက် ထူးထူးခြားခြားကျဆင်းမှုကြောင့်ဖြစ်ကြောင်း BCA က သုံးသပ်ထားသည်။

၂၀၁၇ ခုနှစ်တွင် အစိုးရကဏ္ဍမှ ပဏာမ စုစုပေါင်းဆောက်လုပ်ရေး လိုအပ်ချက်မှာ စင်ကာပူဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံရှိခဲ့သည်။

၂၀၁၈ ခုနှစ်အတွက် ဆောက်လုပ်ရေးလုပ်ငန်းများ၏ ဝယ်လိုအားမှာ စင်ကာပူဒေါ်လာ ၁၆ ဘီလီယံနှင့် စင်ကာပူဒေါ်လာ ၁၉ ဘီလီယံရှိခဲ့ရာ ၂၀၁၈ ခုနှစ်အတွက် မူလကစုစုပေါင်းခန့်မှန်းချက်၏ ၆၀ ရာခိုင်နှုန်းခန့်သာရှိသည်။

ယခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများမှာ တောင်-မြောက်စင်္ကြံနှင့် ဗဟိုဘူးလ်ဗတ်နှင့် ဟာဗာဒရိုက်ရှိ ရုံးခန်းဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သည်။ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် အကောင်အထည်ဖော်မည့် စီမံကိန်းတန်ဖိုးမှာ စင်ကာပူဒေါ်လာ ၂၆ ဘီလီယံမှ ၃၃ ဘီလီယံကြားရှိမည်ဟု ခန့်မှန်းထားသည့်အတွက် ကာလလတ်တွင် ဆောက်လုပ်ရေးဈေးကွက်မှာ မှန်မှန်တိုးတက်လိမ့်မည်ဟု BCA က ခန့်မှန်းထားသည်။ ၂၀၂၁ နှင့် ၂၀၂၂ တွင် ထပ်မံမြင့်တက်မည်ဟု ခန့်မှန်းရပြီး စင်ကာပူဒေါ်လာ ၂၈ ဘီလီယံနှင့် ၃၅ ဘီလီယံ ကြားရှိမည်ဟု ခန့်မှန်းသည်။

# လာမည့်ငါးနှစ်အတွင်း တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံး သွင်းကုန်နိုင်ငံဖြစ်လာနိုင်

လာမည့်ငါးနှစ်အတွင်း တရုတ်နိုင်ငံသည်အမေရိကန်ပြည်ထောင်စုကို ကျော်တက်ပြီး ကမ္ဘာ့အကြီးမားဆုံး သွင်းကုန်တင်သွင်းသည့်နိုင်ငံ ဖြစ်လာလိမ့်မည်ဟု ခန့်မှန်းကြောင်း တရုတ်နိုင်ငံရှိရှေ့ဆောင်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုက ပြောသည်။


လွန်ခဲ့သော ဆယ်နှစ်အတွင်း တရုတ်နိုင်ငံ၏ သွင်းကုန် တင်သွင်းမှုပျမ်းမျှတိုးတက်နှုန်းမှာ ခြောက်ရာခိုင်နှုန်းရှိသည့်အတွက် အမေရိကန်ပြည်ထောင်စုထက် ပိုမိုမြင့်မားလျက်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် ဤဖွံ့ဖြိုးမှု ကွာဟချက် ဆက်လက်ဖြစ်ပေါ်ပြီး လာမည့်နှစ်များတွင် သုည ဒသမ ၁၅ ရာခိုင်နှုန်းထိ ဆက်လက် ကွာခြားနေမည်ဆိုပါက တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့အကြီးမားဆုံး သွင်းကုန်နိုင်ငံ ဖြစ်လာနိုင်ကြောင်း တရုတ်အပြည်ပြည်ဆိုင်ရာ မတည်ရင်းနှီးငွေ ကော်ပိုရေးရှင်း (CICC)၏ အစီရင်ခံစာတွင် ဖော်ပြသည်။ အနည်းငယ် လျှော့ချထားသော ခန့်မှန်းချက်အရဆိုလျှင် တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ထိပ်တန်းတင်သွင်းနိုင်ငံဖြစ်လာမည်ဟု CICC က ဆိုသည်။

ယခုအခါ တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံးပို့ကုန်နိုင်ငံနှင့် ဒုတိယအကြီးဆုံးသွင်းကုန်နိုင်ငံဖြစ်သည်။ ပြည်တွင်းစီးပွားရေးသည်တည်ငြိမ်လာပြီး ကမ္ဘာ့ကုန်စည်ဈေးနှုန်းများပြန်လည် နာလန်ထူလာသည့်အတွက် ၂၀၁၇ ခုနှစ် ပထမ ၁၀ လတွင် သွင်းကုန်တင်သွင်းမှုမှာ နှစ်အလိုက်နှိုင်းယှဉ်ပါက ၂၁ ဒသမ ၅ ရာခိုင်နှုန်းမြင့်မားခဲ့ကြောင်း တရားဝင်ထုတ်ပြန်သော ကိန်းဂဏန်းများက ပြသလျက်ရှိသည်။

အမေရိကန်ပြည်ထောင်စုက ကုန်ပစ္စည်းတင်သွင်းသော နိုင်ငံမှာ ၃၆ နိုင်ငံရှိပြီး တရုတ်နိုင်ငံက ကုန်ပစ္စည်းတင်သွင်းသောနိုင်ငံမှာ ၄၁ နိုင်ငံရှိသည့်အတွက် တရုတ်နိုင်ငံ၏ သွင်းကုန်မြင့်တက်မှုကြောင့် ကမ္ဘာ့ကုန်သွယ်မှုတွင် ထူးထူးခြားခြား ဂယက်ရိုက်ခတ်နိုင်ကြောင်း CICC က ပြောသည်။

လာမည့် နှစ်အနည်းငယ်အတွင်း သွင်းကုန်က ပို့ကုန်ကို ကျော်လွန်မည့် အလားအလာရှိနေသည့်အတွက် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် လွန်ခဲ့သော နှစ်နှစ်က ဖြစ်သကဲ့သို့ ပိုမိုချိန်သားကိုက်ညီလာမည်ဟု CICC က ဆိုသည်။

ဘဏ်တင်စုစည်းတင်ပြသည်။


ADCOLINE- 500
Citicoline Tablets 500 mg
Choline which protects the fragile network in the brain
Citicoline Tablets 500 mg
ADCOLINE- 500
A Novel Therapeutic agent with
Neuro Protective Action


Deep Sea Fish Oil Concentrate
Helps to Support Healthy Heart Function
Fish Oil Omega 3
Formula for Liver
Help to support Healthy Liver Function
K-CEF
Cefixime 100 mg DT & 200 mg Tab.
• Otitis Media
• RTI
• UTU
• Gonorrhea
• Typhoid
• Switch Over Therapy
• Meningitis
• Septicemia
Lipoxil 500
Levofloxacin 500 mg Tablets
Antibiotic Par Excellence
AECB
CAP
SSTI
UNIXON
In patients with high risk infections...
Tazomac
Covers all...Cures well
Marketed & Distributed By
KS KAUNG SU COMPANY LIMITED
Yangon - Tel: 01 9010324, 01 397154


SAILUN TIRE
ATREZZO SH406
ATREZZO SVA1
S702
S911
Exclusive Distributor:
SAN NGWE YAUNG CO., LTD.
Yangon:No.(59-60), Hlay Thin Ah Twin Wun U Chain Street, Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-442377775,442377776,442377779
Mandalay:PaPa(21/1), Corner of Yaw Min Gyi Street & 66 Street, Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117

# 福興兄弟集團公司

# FU XING BROTHERS GROUP OF COMPANIES

လူကြီးမင်းတို့၏ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းခွင်အရောက်ပို့စနစ်ဖြင့်
သင့်လျော်သောဈေးနှုန်း၊ အရည်အသွေး၊ အာမခံချက်အပြည့်အဝရှိသော ပြည်ပမှ
စံချိန်မီ Original သံချောင်း (HRB 400Cr, HRB 500 Cr,
BS 460B, BS 500B) နှင့် Coil (SAE 1008Cr) Size အမျိုးမျိုးတို့ကို
ဝယ်ယူရရှိနိုင်သည့်အပြင် လူကြီးမင်းတို့လိုအပ်သော Deformed Bar,
Wire Rod in Coil, H Beam, Galvanized Iron Pipe
(Square/ Rectangular) အမျိုးမျိုးတို့ကို စိတ်တိုင်းကျအော်ဒါမှာယူနိုင်ပါသည်။



## CHEMICAL, FOOD ADDITIVES & MILK POWDER

FDA ၏ ခွင့်ပြုချက်ဖြင့် ပြည်ပမှတရားဝင် တင်သွင်းသောကုန်ပစ္စည်းများဖြစ်ပါသည်။




မုန့်ဖုတ်လုပ်ငန်းသုံး၊ ဖျော်ရည်လုပ်ငန်းသုံး၊ အခြားစားသောက်ကုန်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် စက်မှုလုပ်ငန်းသုံးဓာတုကုန်ကြမ်းများကိုအထူးဈေးနှုန်းများဖြင့် လက်လီလက်ကားရောင်းချပေးနေပါသည်။

## RSS-1, RSS-3, MSR-10 & MSR-20 Rubber Grade မျိုးစုံကို မှာယူရရှိနိုင်ပါသည်။




**Yangon Office** : No. (16/17), U Chit Maung Housing, U Chit Maung Road, Tarmwe Township, Yangon.
Tel: 01 554140, 01 554080, 01 554090, 01 554083, 01 554087 Fax: 401105
Email: fuxingb@gmail.com , fuxing.admn@gmail.com Post Code: 11211

**Mandalay Office** : No. (275), 81st St., 24th St. & 25th St., Aung Myay Thar San Township, Mandalay.
Tel: 02 21977, 02 32990, 02 34803 Fax: 33181, Email: cmfuxingmdy@gmail.com

**Wholesale** : No. (A-2), Nyaung Pin Lay Plaza, Lanmadaw Tsp., Yangon. Tel: 01 210202, 01 210407

COMMERCE INTERNATIONAL

# ဗီယက်နမ်ကုမ္ပဏီများ၏ အစီရင်ခံစာများကို ကမ္ဘာ့အဆင့်မီအောင် ဆောင်ရွက်ရန်တိုက်တွန်း

ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေများ တိုးတက်ကောင်းမွန်စေရန်အတွက် စီးပွားရေးသတင်း အချက်အလက်များသည် ပွင့်လင်းမြင်သာပြီး ယုံကြည်ထိုက်သော အခြေအနေသို့ ရောက်ရှိရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ချေးငွေလုပ်ငန်းများတွင် ကြုံတွေ့ရမည့် စွန့်စားမှုအန္တရာယ်စီမံခန့်ခွဲမှုကို တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း ဒေတာအချက်အလက်များ လေ့လာစိစစ်ရေးလုပ်ငန်း StoxPlus ၏ အမှုဆောင်ချုပ် ငုယင်ကွမ်သူအန်က ပြောသည်။

ချေးငွေစွန့်စားမှုအန္တရာယ် စီမံခန့်ခွဲရေးဆိုသည်မှာ သာမန်အားဖြင့် ဘဏ်လုပ်ငန်း၏ ငွေကြေးဆိုင်ရာ ကဏ္ဍကသာ အဓိကဆောင်ရွက်သောလုပ်ငန်းများကို ရည်ညွှန်းပြောကြားလေ့ရှိသည်။ သို့သော်လည်း ဤအန္တရာယ်များကို အပြည့်အဝ ထိန်းချုပ်ကွပ်ကဲ မှုမရှိပါက ဖြစ်ပေါ်လာမည့် စွန့်စားမှုအန္တရာယ်များက နိုင်ငံ၏ ကုန် သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကို ခြိမ်းခြောက်လာနိုင်ကြောင်း သူကပြောသည်။

ပွင့်လင်းမြင်သာသော စီးပွားရေးလုပ်ငန်းနှင့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များက ဗီယက်နမ်နိုင်ငံနှင့် အခြားနိုင်ငံများ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ခိုင်မာစေရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ပိုမိုဆွဲဆောင်နိုင်ရန်၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်ကောင်းမွန်ရန်နှင့် နိုင်ငံခြားငွေရင်းဈေးကွက်များကို ချိတ်ဆက်မိစေရန် အကူအညီပေးနိုင်ကြောင်း ဇန်နဝါရီ ၁၁ ရက်ကပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် သူအန်က ပြောသည်။

"လောလောဆယ်ဆယ်မှာ ဒေတာအချက်အလက် အရင်းအမြစ် အခြေခံအဆောက်အအုံနဲ့ ညံ့ဖျင်းတဲ့ ဘဏ္ဍာရေးအစီရင် ခံမှုအခြေအနေတွေကြောင့် ဗီယက်နမ်ရဲ့ ဒေတာအချက်အလက်တွေကို ယုံကြည်အားထားနိုင်မှု နည်းပါးနေဆဲဖြစ်ပါတယ်" ဟု သူအန်က ပြောသည်။

ထို့ပြင် ပိုမိုကောင်းမွန်သော ချေးငွေစွန့်စားမှုအန္တရာယ် စီမံခန့်ခွဲမှုများနှင့် စီးပွားရေးလုပ်ငန်း ကိန်းဂဏန်းအချက်အလက် စီမံခန့်ခွဲမှုက ပြည်တွင်းဘဏ်များ၏ လုပ်ငန်းလည်ပတ်မှု အခြေအနေကို ပိုမိုကောင်းမွန်အောင် အထောက်အကူပြုနိုင်ကြောင်း သူကပြောသည်။




ဉာဏ်တင် စုစည်းသည်



# ယခုဘဏ္ဍာနှစ်တွင် အိန္ဒိယ၏ ရွှေတင်သွင်းမှု တန် ၆၅၀ အထိ ရောက်ရှိမည်

အိန္ဒိယနိုင်ငံ၏ အကောက်ခွန်ပေးဆောင်ရသော ရွှေတင်သွင်းမှုသည် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၆၅၀ ရှိပြီး ပျမ်းမျှဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၈၀ မှ ၁၃၀၀ နှုန်းအထိ ရှိမည်ဖြစ်ကြောင်း ဟိန္ဒူဘိဇနက်လိုင်းသတင်းတွင် ဖော်ပြသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ကမ္ဘာ့ရွှေဈေးနှုန်း သည် ကျဆင်းနေသည့်အတွက် ဤပမာဏအတိုင်း တင်သွင်းမည်ဆို ပါက ပြည်ပငွေပေး ငွေယူရှင်းတမ်း လိုငွေပြမှုကို ထိန်းထားနိုင်မည့် အခြေအနေရှိကြောင်း လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်သူတို့က ပြောသည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် ရွှေတင်သွင်းမှုမှာ တန်ချိန် ၆၅၀ ရှိမည်ဖြစ်သည့်အတွက် ယမန်နှစ်က ပမာဏနီးပါးရှိမည်ဖြစ်ကြောင်း MMTC PAMP ကုမ္ပဏီ ဥက္ကဋ္ဌ ရာဂျက်ခိုစလာက အိန္ဒိယနိုင်ငံ၏ ရွှေတင်သွင်းမှု အလားအလာနှင့် ပတ်သက်၍ ပြောကြားရာတွင် အသိပေးပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ ရွှေတင်သွင်းမှုမှာ တန်ချိန် ၇၀၀ ရှိမည်ဟု စောစောပိုင်းက ခန့်မှန်းထားသည်။ အကောက်ခွန်နှုန်း မြင့်မားမှုကြောင့် ရွှေကိုရင်းနှီးမြှုပ်နှံမှုထက် အခြားပိုင်ဆိုင်မှုများကို ပြောင်းလဲရင်းနှီးမြှုပ်နှံလာသည့်အတွက် ရွှေတင်သွင်းမှုကို အတက်အကျဖြစ်စေကြောင်း ကျွမ်းကျင်သူတို့က သုံးသပ်သည်။

"လူငယ်မျိုးဆက်တွေက ရွှေကို ရင်းနှီးမြှုပ်နှံဖို့ အားထားရတဲ့ ပစ္စည်းလို့ မယူဆကြပါဘူး။ ဒစ်ဂျစ်တယ်ငွေကြေးလို အသစ်ပေါ်ထွန်းလာတဲ့ ပိုင်ဆိုင်မှုအမျိုးအစားတွေကို သဘောကျစရာ ရင်းနှီးမြှုပ်နှံမှုအဖြစ် အသက် ၃၅ နှစ်အောက်လူငယ်တွေက ပြောင်းလဲယူဆလာကြပါတယ်"ဟု အိန္ဒိယ ရွှေမူဝါဒစင်တာမှ ဂျိရှိဂျက်ကော့က ပြောသည်။

"၂၀၁၇ ခုနှစ် ဧပြီမှ ဒီဇင်ဘာအထိ ဘဏ္ဍာနှစ်ရဲ့ ပထမကိုးလမှာ ရွှေတင်သွင်းမှုက တန်ချိန် ၅၀၀ ဝန်းကျင်မှာ ရှိခဲ့ပါတယ်။ ဘဏ္ဍာနှစ်ကုန်ရင်တော့ တန်ချိန် ၆၅၀ အထိ ရောက်ရှိမယ်လို့ ခန့်မှန်းပါတယ်။ အရင်နှစ်က တင်သွင်းခဲ့တဲ့ပမာဏ နီးပါးရှိပါလိမ့်မယ်။ ကမ္ဘာ့ပျမ်းမျှ ရွှေဈေးနှုန်းက အရင်နှစ်ကနဲ့ နှိုင်းယှဉ်ရင် ကျဆင်းနေတဲ့အတွက် ရွှေတင်သွင်းမှုကို ထိန်းထားနိုင်ပါလိမ့်မယ်"ဟု ခိုစလာက ပြောသည်။

ယခင်က ကမ္ဘာ့ပျမ်းမျှရွှေဈေးမှာ တစ်အောင်စကို အမေရိကန်ဒေါ်လာ ၂၀၀၀ အထိရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ်တွင် ပျမ်းမျှ ကမ္ဘာ့ရွှေဈေးမှာ အမေရိကန်ဒေါ်လာ ၁၂၈၀ မှ ၁၃၀၀ အထိသာရှိလိမ့်မည်ဟု ခိုစလာက ပြောသည်။ တင်သွင်းမှုအတွက် ကုန်ကျစရိတ် ကျဆင်းပြီး သွင်းကုန်မှရသော အခွန်ဝင်ငွေဖြင့် မြင့်တက်မည်ဖြစ်သဖြင့် ထိန်းထားနိုင်မည့်အခြေအနေရှိကြောင်းနှင့် တင်သွင်းမှုပမာဏ သိသိသာသာ မကျဆင်းသည့်တိုင်အောင် တင်သွင်းမှုတန်ဖိုး ကျဆင်းနိုင်ခြင်းကြောင့် ဝန်ထုပ်ဝန်ပိုးမဖြစ်နိုင်ကြောင်း သူက ပြောသည်။

Myint Myat Maung Services CO.,Ltd.
Car Sale Center
ပေးလိုက်ရသောငွေကြေးထက်ပိုသာသော အရည်အသွေးကို
ရရှိဖို့နှင့် အဝယ်မမှား၊ ဈေးမများရအောင် မြင့်မြတ်မောင်မှာ ကားဝယ်ကြပါစို့ ...
အရစ်ကျ ငွေချေစနစ်ဖြင့်လည်း ဝယ်ယူရရှိနိုင်ပါသည်။

အမှတ်(၈/၁၂)၊ရွာမကျောင်းလမ်း၊(၁)ရပ်ကွက်၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။ : 09-5012633, 09-785145313, 09-422205552 : 01-516156